သုခ

# ဂုဏ်ရည်မတူလို့လား

ပါရမီ

စာပေ

# ထုတ်ဝေသူ၏ အမှာစာ

ဤ'ဂုဏ်ရည်မတူလို့လား'ဝတ္ထုမှာ စစ်ကြိုခေတ်က ရုံတင်ပြသခဲ့သော'ပါဒေစီ'အမည်ရှိ အိန္ဒိယဇာတ်ကားကို ဆရာကြီးဦးသုခက မှီငြမ်း၍ ရေးခဲ့သော ဝတ္ထုဖြစ်ပါသည်။ 'ဂုဏ်ရည်မတူလို့လား' ဝတ္ထုစာအုပ်အဖြစ်ထွက်ပေါ်လာပြီးနောက် ရုပ်ရှင်အဖြစ်ရိုက်ရန် အေဝင်းဖလင်းသို့ တင်ပြခဲ့ရာ သူတောင်းစားဇာတ် ဖြစ်သောကြောင့် မရိုက်လိုဟု ဆိုသောကြောင့် မရိုက်ဖြစ်ခဲ့ပါ။

ထိုစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသဖြင့် အနုပညာသည်များ စားဝတ်နေရေး အခက်အခဲ ဖြစ်လာရာ ယင်းတို့၏ အခက်အခဲကို ကူညီဖြေရှင်းသည့်အနေဖြင့်'ဂုဏ်ရည်မတူလို့လား'ကို 'ဂုဏ်'အမည်ဖြင့် ပြဇာတ်အသွင်ပြောင်း၍ ကပြခဲ့ပါသည်။ 'ဂုဏ်'ပြဇာတ် တင်ဆက်စဉ်က စိတ်ဝင်စားဖွယ် ဖြစ်ရပ်များကို ထိုစဉ်က သီချင်းရေးဆရာဖြစ်သူ ဆရာပြည်သန်းနွယ်က 'စစ်အတွင်းနှင့်စစ်ပြီးစ ပြဇာတ်များ'စာအုပ်၌ အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

> စစ်ကြီးအတွင်း ပြဇာတ်များ နာမည်ကြီးနေချိန်မှာပင် ကန်တော်မိတ်ရုံ၌ ဆရာသုခက'ဂုဏ်'ပြဇာတ်ကို တင်ဆက်ခဲ့သည်။ ဆရာသုခသည် သူကိုယ်တိုင် ရေးခဲ့သော 'ဂုဏ်ရည်မတူလို့လား' ဝတ္ထုကို ပြဇာတ်အဖြစ် ဇာတ်ခုံပေါ်သို့ တင်လိုက်ခြင်းဖြစ်၏။ ဂုဏ်ပြဇာတ်စတင်ကပြသည်နှင့် တစ်ပြိုင်နက် အမည်က ဟိန်း၍ ထွက်လာသည်။

*ပုဗ္ဗေစ အခြေမလှသူကို သဒ္ဒါတတ်အောင် နည်းများမဆို သနားကရုဏာ စေတနာတွေပို ပေးကမ်းစေလို၊ တရား အကျိုးနဲ့ယှဉ် အားကိုးမဲ့သူ ကူပံ့ကြစေလို။ ငြိုငြင်စွာ ဝမ်းရေး တွက်တာ လမ်းဘေး ထွက်ကာ သီချင်းဆို သောတ ရှင်ချို နားဝင်ချို ကြားသူတိုင်း သနားစိတ်ပို ဒုက္ခရောက်တဲ့ မောင် နှမတွေကို စောင်မစေလို ပျိုကဆို…*

ပြဇာတ်ထဲတွင် သူတောင်းစားမကလေး သီဆိုသော ရန် နိုင်စိန်ရေးသည့် အထက်ပါသီချင်းမှာလည်း ပရိသတ်၏ ပါးစပ်ဖျားတွင် ရေပန်းစားကာ ဟိုးလေးတကျော် ဖြစ်သွား လေတော့သည်။ ပြဇာတ်ထဲတွင် ထိုသီချင်းကို သီဆိုသူ မေကျင်လည်း ထိုပြဇာတ်မှစကာ ဂုဏ်မေကျင်ဟူ၍ ထင် ပေါ်ကျော်ကြား လူကြိုက်များသော ပြဇာတ်မင်းသမီး တစ်လက် ဖြစ်လာခဲ့ရပေသည်။

ထိမိသော ဇာတ်အိမ်ဇာတ်ကွက်၊ ပြပုံပြနည်းက သွက် သွက် လက်လက်၊ အလွမ်းအသော စုံစုံလင်လင်၊ ဟာသ စကားလုံးများက ခပ်ရှင်ရှင်၊ ဆင်ယင်ထုံးဖွဲ့မှုက သဘာဝ ကျကျ၊ သရုပ်ဆောင်မှုက ပိုင်ပိုင်နိုင်နိုင် စသည်တို့ကြောင့် ကျကျ၊ သရုပ်ဆောင်မှုက ပိုင်ပိုင်နိုင်နိုင်စသည်တို့ကြောင့် ပရိသတ်အကြိုက် တွေ့ကာ ပွဲတိုင်းရုံပြည့်ရုံလျှံအောင် အား ပေးခဲ့ကြသည်။ သို့သော် ပြဇာတ်ကို ဇာတ်တိုက်စဉ်က ဖြစ်ခဲ့ ရသည့် ဇာတ်ခုံနောက်ကွယ်မှ အဖြစ်ကို ပွဲကြည့်ပရိသတ်က မသိခဲ့ပေ။

"ဂုဏ်"ပြဇာတ်တွင် ဇာတ်လမ်းအရအဓိက သရုပ်ဆောင် နှစ်ဦးမှာ သူတောင်းစားမကလေးနှင့် အရူးဖြစ်သည်။

သူတောင်းစားမလေး မယ်သုံအဖြစ် ရွေးချယ်ထား

သော ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှ စန်းစန်းက သူတောင်းစားမတော့ မလုပ်ပါရစေနဲ့၊ အခြား ဇာတ်ဆောင်နေရာဖြစ်သော သူဌေးသမီးနေရာသို့ ပြောင်းထားပေးပါဟု ဆရာသုခအား မေတ္တာရပ်ခံသည်။ အရူးပေါက်စီ အဖြစ် သရုပ်ဆောင်ရမည့် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ နာမည်ကျော် စတန့်မင်းသား တင်ဆွေကလည်း အရူးတော့ မလုပ်ပါရစေနဲ့ဟု ငြင်းဆိုခဲ့ပြန်သည်။ ထို့ကြောင့် ဆရာသုခသည် ခေါင်းဆောင်မင်းသမီး မဟုတ်ဘဲ ဇာတ်ရံမင်းသမီးကလေး တစ်ဦးမျှသာ ဖြစ်သော မေကျင်အား သူတောင်းစားမ ကလေးမယ်သုံအဖြစ် သရုပ်ဆောင်စေသည်။ မေကျင်ထက် အသက်နှစ်ဆမျှကြီးသော စစ်ကြိုခေတ်ကရုပ်ရှင်မင်းသားကြီး ဘချစ်ကို အရူးပေါက်စီအဖြစ် သရုပ်ဆောင်စေကာ ဇာတ်ခုံစင်မြင့်ပေါ်သို့တင်၍ ရဲရဲရင့်ရင့် ပွဲထုတ်လိုက်လေတော့သည်။

ပထမနေ့ပြဇာတ်တစ်ပွဲ ကပြီးသည်နှင့် တစ်ပြိုင်နက် မယ်သုံ၊ ပေါက်စီဟူသောအမည်မှာ မိုးခြိမ်းသလို ဟိန်း၍ ထွက်လာခဲ့လေသည်။ ဇာတ်ရံမင်းသမီးကလေး တစ်ဦးမျှသာဖြစ်သော မေကျင်မှာ ဂုဏ်မေကျင်ဟူသော နာမည်တစ်လုံး ရလာသဖြင့် အခြားပြဇာတ်အဖွဲ့များက ခေါင်းဆောင်မင်းသမီး တင်ကြသည်အထိ အောင်မြင်ကျော်ကြားခဲ့ရပေသည်။ စစ်ကြိုခေတ် ရုပ်ရှင်မင်းသားကြီး ဘချစ်ကိုလည်း အရူးခန်းမှာ သိပ်ကောင်းတာပဲ၊ သိပ်သဘာဝကျတာပဲ စသည်ဖြင့် ပရိသတ်၏ ချီးကျူးသံများ သောသောညံ၍ နေတော့သည်။

ရှေးယခင် သဘင်ပညာရှင် ဘုရားဒါယကာ ဦးဖိုးစိန်တို့ ခေတ်က မာတင်္ဂ သူတောင်းစားဇာတ်ထုပ် ကပြာရာ၌ဦးဖိုး စိန်က ဖဲအင်္ကျီနှင့် ပိုးပုဆိုးကိုဝတ်၍ သရုပ်ဆောင်ခဲ့သည်။ ထို့အပြင် စိန်လက်စွပ်ကြီးကိုလည်း ဝတ်ထားသေးသည်။ တစ်ခုတော့ရှိသည်။ ဖဲအင်္ကျီ ပန်းရောင်အပေါ်တွင် စုတ်၍ ပြဲ၍ ဖာထေးထားရဟန် အရောင်ကွဲ ဖဲစများဖြင့် အပေါ်ယံမှ ထပ်မံချုပ်ထားသည်။ ပိုးပုဆိုးမှာလည်း အသစ်စက်စက် မဟုတ်ဘဲ တစ်ပတ်ရစ်ဖြစ်သည်။ မာတင်္ဂ သူတောင်းစား၏ အဖော် လူရွှင်တော် သူတောင်းစားများက 'ဇာတ်ဆရာရယ်၊ တောင်းစားမနေပါနဲ့တော့၊ လက်ထဲက စိန်လက်စွပ်ကြီး ကျွန်တော်သွားပေါင်ပေးပါ့မယ်'ဟု ပျက်လုံးထုတ်လိုက်ကြ သေးသည်။

ဇာတ်သဘင်နှင့် ပြဇာတ်မှာ ခြားနားချက်ရှိ၏။ ဇာတ် သဘင်သည် ပသာဒဘက်သို့အလေးတင်း၍ ပြဇာတ်သည် သဘာဝဘက်သို့ ချိန်ခွင်လျှာသာမြဲဖြစ်သည်။ ဂုဏ်ပြဇာတ် တွင် ဆရာသုခသည် အရူးကို အရူးနှင့်တူအောင် သဘာဝ ကျကျ စုတ်စုတ်ပြတ်ပြတ် ဝတ်စားဆင်ယင်စေ၍ သူတောင်း စားမကလေးကိုလည်း တကယ့်သူတောင်းစားမကလေးနှင့် တူအောင် သိမ်သိမ်ငယ်ငယ် ညှိုးညှိုးနွမ်းနွမ်း ဝတ်စားဆင် ယင်စေခြင်းဖြင့် ပရိသတ်၏ ကရုဏာစိတ်ကို ယိုဖိတ်ကျလာ အောင် ဖန်တီးနိုင်ခဲ့ပေသည်။

သူတောင်းစားမကလေး မယ်သုံသည် ချည်ပုဆိုး ထစ်ထည်ကို ခေါင်းပေါင်း၍ ခွက်ကလေးတစ်လုံးကို ကိုင်ဆွဲ ကာ အစ်ကိုဖြစ်သူ မျက်မမြင်ဒုက္ခိတအဖြစ် သရုပ်ဆောင်သူ

သီချင်းရေးဆရာ ရန်နိုင်စိန်ကို လက်တွဲလျက် ညှိုးနွမ်းသော မျက်နှာပေးဖြင့် တစ်လှမ်းချင်း ထွက်လာကြပုံ၊ မျက်မမြင် အစ်ကိုက တယောထိုး၍ နှမဖြစ်သူ ကရဏာသံကလေး ဖြင့် သီချင်းဆို ပိုက်ဆံတောင်းပုံများကို ကြည့်ရင်း ပရိသတ် မှာ ကရုဏာ သက်လျက် တိတ်ဆိတ် ငြိမ်သက်စွဲမက်နေမိကြသည်။ ဇာတ်သဘင်နှင့် ပြဇာတ်တို့၏ ထုံးတမ်းစဉ်လာ အတိုင်း ဇာတ်လမ်းဇာတ်ကွက် သဘောအရ အဓိက ဇာတ် စောင်ကိုသာလျှင် ခေါင်းဆောင်မင်းသား မင်းသမီးဟူ၍ သမုတ်လေ့ရှိကြရာ ဂုဏ် ပြဇာတ်တွင် ပေါက်စီနှင့် မယ်သုံ မှာ အဓိက ဇာတ်ဆောင်ဖြစ်သဖြင့် ကိုဘချစ်နှင့် မေကျင်တို့ မှာ ခေါင်းဆောင်မင်းသားမင်းသမီးနေရာသို့ ဆိုင်းမဆင့် ဘုံမဆင့်ဘဲ ရောက်ရှိသွားသည်၊ ပန်းချီဆရာနှင့် သူဌေးသမီး အဖြစ် သရုပ်ဆောင်ရသော ခေါင်းဆောင်မင်းသား တင်ဆွေ နှင့် မင်းသမီးစန်းစန်းတို့မှာ ဒုတိယဇာတ်ဆောင်အဆင့်သို့ အလိုအလျောက် ကျဆင်းသွားသောကြောင့် ကသိကအောက် ဖြစ်ကြရလေသည်။

ထို့ကြောင့်လည်း ပြဇာတ်ကပြ၍ သုံးရက်ခန့်ကြာသော အခါ တင်ဆွေနှင့် စန်းစန်းတို့သည် သူတို့ အခုကနေရသည် မှာ ဒုတိယဇာတ်ဆောင်အဆင့်သို့ ရောက်နေကြောင်း၊ ထို့ ကြောင့် အဓိကဇာတ်ဆောင်နေရာ ဖြစ်သော အရူးနှင့် သူတောင်းစားအဖြစ် ကပြခွင့်ပြုရန် ဆရာသုခထံ အရေးဆို ကြပြန်လေသည်။ မယ်သုံအဖြစ် နာမည်ရနေပြီဖြစ်သော မေကျင်နှင့် ပေါက်စီအဖြစ် လူကြိုက်များနေပြီဖြစ်သော ကို ဘချစ်တို့ကလည်း ထိုနေရာမှ ဖယ်မပေးချင်ကြပေ။ ‘မင်း

တို့ကို မူလပထမ ဓာတ်တိုက်ကတည်းက အမိက ဓာတ်ဆောင်နေရာဖြစ်တဲ့ ပေါက်စီနဲ့ မယ်သုံအဖြစ် သရုပ်ဆောင်ကြဖို့ ဆရာသုခက ပြောခဲ့သားပဲ၊ မင်းတို့ကိုယ်တိုင်က သူတောင်းစားတော့ မလုပ်ပါရစေနဲ့၊ ဂုဏ်ငယ်လွန်းလို့ပါဆို၊ ခွက်ကလေး ကိုင်ပြီး သီချင်းဆို တောင်းရမ်းပုံ လုပ်ရတာ ရုပ်ရှင်သမားအချင်းချင်း လာကြည့်ရင်တောင် ရှက်စရာကြီးဆို၊ အရှုးခန်းကလည်း ဓာတ်သိမ်းခန်းကလွဲရင် တစ်ဓာတ်ထုပ်လုံး စုတ်စုတ်ပြတ်ပြတ် ညစ်ညစ်ထေးထေးနဲ့ လှလှပပ ပသာဒရှိရှိ ဝတ်စားဆင်ယင်ရတာ တစ်ကွက်မျှ မရှိတော့ မကချင်ကြဘူး မဟုတ်လား၊ အခု တို့ကလို့ သုံးလေးရက်ရလာမှ ငါးပွက်ရာ ငါးစာချလို့ ဘာရမလဲ’ စသည်ဖြင့် တင်းခံနေကြသည်။

ထိုအရေးသည် သေးမယောင်နှင့် ကြီးလာသည်။ စားတစ်ပျက် တုတ်တစ်ပျက်ထိ ဖြစ်လာခဲ့ကြသည်။ ထိုကိစ္စအတွက် ဆရာသုခမှာ အတော်ပင် ခေါင်းခဲခဲ့ရလေသည်။ ထို့ကြောင့်စကားနည်း ရန်စဲ သဘောမျိုးဖြင့် ပေါက်စီနှင့်မယ်သုံနေရာ၌ သုံရက်စီ အလှည့်ကျ ကပြရန် စီစဉ်ပေးလိုက်ရပေသည်။ သို့ရာတွင် ပရိသတ်၏ စိတ်ဓာတ်နှင့်အမြင်၌ မယ်သုံဆိုလျှင်မကျေပ်မှ ပေါက်စီဆိုလျှင် ကိုဘချစ်ကြီးမှ စသည်ဖြင့် ပုဂ္ဂိုလ်စွဲစွဲလမ်းနှစ်ခြိုက်နေကြပြီ ဖြစ်ပေသည်။

ဤသို့ လူကြိုက်များခဲ့သည့် ‘ဂုဏ်’ပြဓာတ်(သို့မဟုတ်) ‘ဂုဏ်ရည်မတူလို့လား’ဝတ္ထုကို ဆရာကြီးဦးသုခသည် စစ်ပြီးစ

ခေတ်တွင် ရုပ်ရှင်လုပ်ငန်း ပြန်လည်အသက်ဝင်လာသည်နှင့် တစ်ပြိုင်နက်'ဂုဏ်ရည်မတူ'အမည်ဖြင့် ရုပ်ရှင်ဇာတ်ကားအဖြစ် ဖန်တီးခဲ့ပြန်သည်။

'ဂုဏ်ရည်မတူ' ရုပ်ရှင်ဇာတ်ကားတွင် အရှုးပေါက်စီ အဖြစ် စစ်ကြိုခေတ်က 'ဖာတစ်လုမ်း ခေါင်းကျား' ဇာတ်ကားဖြင့် နာမည်ကြီးခဲ့သော အေဝမ်းခင်မောင်၊ စည်းနှင့်ဝါးကို ကိုင်ကာ လမ်းဘေးတွင် ထိုင်၍ သီချင်းဆိုပြီး တောင်းရမ်းစားသောက်ရသော မယ်သုံအဖြစ် မေသစ်၊ ညီမလေး မယ်သုံ သီချင်းဆိုလျှင် တယောထိုးပေးရသူ မျက်မမြင် ဒုက္ခိတ အစ်ကိုကြီး ဦးသီလအဖြစ် ဆရာကြီး ဦးသုခကိုယ်တိုင် တို့က သရုပ်ဆောင်ခဲ့ကြသည်။

ထိုရုပ်ရှင်ကားတွင်လည်း ဒါရိုက်တာနှင့် သရုပ်ဆောင်များ၏ ကြိုးစား ပြသ သရုပ်ဆောင်မှုတို့ကြောင့် အလွန်လူကြိုက်များခဲ့ပြန်သည်။ ဇာတ်ကားပြအပြီး ရုံဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် 'မယ်သုံ ပေါက်စီ ဆွေမျိုး ဆွေမျိုး' ဟု ပရိသတ်က အော်ဟစ်၍ ထွက်လာခဲ့ကြသည်မှာ ပွဲတင်ထပ်မျှ ဖြစ်ခဲ့ရသည်။ ထိုမျှမက ယင်းနှစ် သင်္ကြန်ပွဲတွင်လည်း 'မယ်သုံ ပေါက်စီ ဆွေမျိုး ဆွေမျိုး' အသံများ ဖုံးလွှမ်းခဲ့လေသည်။

ဤတွင် မူရင်းဝတ္ထုနှင့် ရုပ်ရှင် ခြားနားချက်တစ်ခုကို ဖော်ပြလိုပါသည်။ ယင်းမှာ ဆရာကြီး ဦးသုခကိုယ်တိုင် သရုပ်ဆောင်ခဲ့သော မျက်မမြင်ဒုက္ခိတ အစ်ကိုကြီးဦးသီလအခန်းမှာ မူရင်းဝတ္ထုတွင် မပါဝင်ပေ။ ရုပ်ရှင်၌ မင်းသားကြီးအခန်း ပါဝင်လျှင် ပိုမိုဆွဲဆောင်မှုရှိမည်ဖြစ်၍ အစ်ကိုကြဖ်းဦးသီလအခန်းကို ဖြည့်စွက်ထားသည်ဟု သိရပါသည်။

'ဂုဏ်ပြဇာတ်ကို ရှုစားခွင့် မရတော့ပြီ ဖြစ်သော်လည်း

'ဂုဏ်ရည်မတူ' ဇာတ်ကားကိုမူ မြန်မာ့ရုပ်မြင်သံကြား၌ ရံဖန်ရံခါ ပြန်လည်ပြသနေသဖြင့် တစ်ခေတ်တစ်ခါက ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုကို ယခုခေတ်လူငယ်တို့ပါ ကြည့်ရှုစွဲမက်နေကြရပါသည်။

'ဂုဏ်'ပြဇာတ်နှင့် 'ဂုဏ်ရည်မတူ'ဇတ်ကားကို ကြည့်ရှုပြီးသူတို့ မူရင်းဝတ္ထု၏ အရသာကို မြည်းစမ်းနိုင်ကြရန် အတွက်လည်းကောင်း၊ ကြားရုံသာ ကြားဖူးပြီး မယ်သုံ ပေါက်စီ ဇတ်လမ်းကို မဖတ်ဖူးသေးသူများအတွက် လည်းကောင်း ဤ 'ဂုဏ်ရည်မတူလို့လား' ဝတ္ထုကို ပြန်လည်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ပါရမီစာပေ

# ဂုဏ်ရည်မတူလို့လား

ချွေးချင်းကိုက်တာကအစ တစ်ယောက်ကြည့်လျှင် လူအများ ဝိုင်းလာတတ်သော သတ္တိကား ရန်ကုန်မြို့ပေါ်တွင် ပိုမို၍ သောင်းကျန်းလေသည်။ အကြောင်းသိသော မျက်လှည့်ဆရာ၊ ဈေးရောင်းသမား၊ သူတောင်းစား စသည်တို့ကား လူအများ ဝိုင်းလာတတ်မည့်နေရာတွင် မိမိတို့အလုပ်ကို စတင်ခင်းကျင်း၍ ပရိယေသနရှာတတ်ကြလေသည်။

ဗြဟ္မစိုရ်တရား ပွားများသော ဗုဒ္ဓဘာသာမြန်မာပြည်ကြီးသည်လည်း ဖုန်းတောင်း ယာစကာဘများ၏ အားကိုးရာ မှီခိုရာ ကရုဏာခံယူစရာ အကောင်းဆုံးဖြစ်သည်ကို သိရသောကြောင့် လူဦးရေတစ်ဆယ့်လေးသန်းနှင့်မမျှအောင် သူတောင်းစားများ ပေါများလျက် ရှိလေတော့သည်။

ရန်ကုန်မြို့အနောက်ပိုင်း လမ်းကျယ်ကြီး ဘေးတစ်ဖက်တွင် လူအများ ဝိုင်းအုံ၍ ကြည့်ရှုနေကြသောဌာနမှ–

“ကြိုလေဘုံပွဲ ...ဆော်တွေမှိုင်မိရင်း ...ကံငယ်ခေလို့သာ ကြုံရလေခြင်း ...ကြမ္မာလေ ... ယိုယွင်း ... ဂြိုဟ်မင်းက ... မယ့်ကိုမွေ့နတ်မင်းတို့ ... နေနိုင်ပေ” ဟူသော မိန်းမသံကလေးတစ်ခုသည် ပုလဲကြိုးပေါ်တွင် လိမ့်နေသော တယောသံကလေးနှင့်အတူ ပတ်ဝန်းကျင်၌ ဂယက်ရိုက်နေတော့လေရာ လူထုကြီးနောက်မှ မမြင့်တမြင် ဖြစ်၍ ခြေဖျားထောက်ကြည့်သူတို့အဖို့တွင် အသက် ၂၀ ခန့် ရုပ်ရည်ချောမွေ့ဖြူ စင်သည်နှင့်အမျှ အဝတ်အစား ညစ်ထေးစုတ်ပြတ်နေသောမိန်းမပျိုကလေးအား အားမလိုအားမရ တစ်ချက်တစ်ချက်မှ မြင်တွေ့ကြရလေတော့သည်။

'ဟဲ့–ကလေးမကလေးပါလား'

'အို–မိန်းကလေး ပါကလား၊ သူ့ဟာသူစို သူ့ဟာသူထိုးတယ်၊ သနားစရာ ကောင်းပါလား'

'အောင်မယ်၊ သူတောင်းစားမကလေးရဲ့ လက်သံကမညံ့ဘူးစရာ၊ ကိုယ်တို့တော့ ဒီကနေ့ည တယောမထိုးတော့ဘူး'

'အေးကွာ၊ ငါလဲ သီချင်းကို မဆိုချင်တော့ဘူး ဆရာ၊ သူတောင်းစားမလေးမို့ပေါ့ကွာ၊ နို့မဟုတ်ရင် ဟဲ…ဟဲ…ဟဲ'

တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ ပြောနေသည့်ကြားက–

'အောင်မာ–ဒီကောင်မကို သွားမစမ်းလေနဲ့ဆရာ၊ ဘားလမ်းထဲ အဲသလို တောင်းနေတုန်း လူတစ်ယောက်က အကြောင်ကြောင်နဲ့ သွားစ,လို့ ခါးထဲက ဓားထုတ်ပြီး လိုက်လိုက်တာ ဟိုင်နဲကို သောက်ရက်ကြီးကွဲတာပေါ့'

'အလဲ့၊ ဒါဖြင့် သူတောင်းစားမ ကပေမယ့် အလာကြီးပါလား'

'တချို့က ပြောတော့ တကယ့်သူတောင်းစားမ မဟုတ်ဘူးတဲ့ကွ'

'ငါ့လခွေး–တယောထိုး သီချင်းဆိုပြီး ပိုက်ဆံပဲ တောင်းနေမှ သူတောင်းစားမဟုတ်လို့ မင်းတိုင်ပင်ကတော်လား' ဟု ပထမပြောနေသော သူက အထွန့်တက်လိုက်သောကြောင့်–

'မင်းတို့ အဲဒါ န,တာ၊ နိုင်ငံရေးစုံထောက်မ တဲ့ဆရာ၊ အင်္ဂလိပ်လို အိုင်အေတဲ့၊ မင်းတို့ အင်္ဂလိပ်လိုပြောကြည့်ပါလား သူ နားလည်သတဲ့'

သူတောင်းစားမကလေးကား ဤစကားများကို မကြား

နိုင်ဘဲ သူ့အလုပ်ကိုသာ သူလုပ်လျက် ရှိလေ၏။ အချို့ဒါနရှင်များ ကား မုန့်စေ့ မတ်စေ့ပင်လျှင် ခွက်ကလေးထဲသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ ထည့်ကြသော်လည်း တိုက်အပေါ်မှနေကြသည့် သူတစ်စုကမူ ကြေးပြား ပဲစေ့ စသည်တို့ကို အပေါ်ကပင် လှမ်း၍ ပစ်ချလိုက်သောကြောင့် တချို့တလေ လိမ့်၍ သွားကြသော ကြေး ပြားများကို သူတောင်းစားမကလေးကိုယ်တိုင် ဆုတောင်းမေတ္တာပို့ သရင်း လိုက်လံ ကောက်ယူရသည်မှာ တမောတပန်း ဖြစ်နေလေ ၏။

'ဟော့–မင်း ဆယ်တန်းအောင်ပေမယ့် လခ အစိတ်စား တောင်မရသေးဘူး၊ ဒီကလေးမလေး ကြည့်စမ်း အခုပဲ တစ်လမ်း ထဲက ငွေ ၃ကျပ်ရနေပြီ။ နောက်လမ်းတွေကျလဲ ရဦးမှာဆိုတော့ တစ်နေ့တစ်နေ့ ဘယ်လောက်ရမလဲ' ဟု ကျောင်းထွက်စ, အင်္ဂလိပ် ပညာတတ်တစ်ယောက်အား လက်ရှိ ဘတ်စ်ကား စပယ်ယာ တစ်ယောက်က ခွပ်လိုက်သောကြောင့် အနာပေါ် တုတ်ကျသွား ကာ–

'မင်း ဘာလုပါးဝတာလဲ'ဟု ရန်ဖြစ်တော့မလို ဖြစ်နေ စဉ် ပိုက်ဆံတစ်ပြား လိမ့်လာသဖြင့် သူတောင်းစားမကလေးက ကောက်ယူမှ ရန်ပွဲရပ်စဲသွားလေတော့၏

သူတောင်းစားမလေးလိုက်ကောက်သော ပိုက်ဆံကား ထိုလူနှစ်ယောက် အနောက်တွင် ရပ်နေသော အသက်အစိတ်ခန့်ရှိ သူငယ်ပျို တစ်ယောက်၏ ခြေထောက်အောက်သို့ ရောက်သွားလေ ရာ သူတောင်းစားမကလေးက မျက်နှာကိုမော့ကြည့်ရင်း–

'အစ်ကိုကြီးရယ်– ကျွန်မပိုက်ဆံကလေး ယူပါရစေရှင်' ဟု တောင်းပန်ရာ၏။

အရွယ်ကောင်း၊ ရုပ်ကောင်း အချိုးအစား အရပ်အမောင်း ကောင်းသလောက် အင်္ကျီစုတ်စုတ် လုံချည်အစုတ်စုတ် ဖြစ်နေသော ထိုယောက်ျားပျိုကား သူတောင်းစားမကလေး၏ စကားကို မကြားချင်ပြုနေသကဲ့သို့ မတုန်လှုပ် ထုံတေးတေး ဖြစ်နေလျက် စုတ်ပြတ်တွဲကျနေသော သူ့ပိုးအင်္ကျီလက်မောင်းကိုပင် တစစနှင့် ဝါးလျက်ရှိနေလေသည်။ သူတောင်းစားမကလေးကား သူ့မျက်နှာ ကို အကဲခတ်ရင်း—

'ဒီမှာ ကျွန်မပိုက်ဆံခြေထောက်နဲ့ နင်းထားတာ ကြွပေးစမ်းပါ' ဟု ဤတစ်ခါတွင် စိတ်မရှည်နိုင်သကဲ့သို့ ခပ်မာမာ ပြောလိုက်မှ ငုံ့ကြည့်ပြီး

'ငါလိုချင်လို့ ငါနင်းထားတာမပေးနိုင်ဘူး'ဟု ဂရုမစိုက်သလို ထိုယောက်ျားက ပြောလိုက်သောအခါ ဝိုင်းကြည့်နေကြ သော လူတစ်စုတို့ကပါ အထူးအဆန်းသဖွယ် စိတ်ပါလက်ပါ အကဲခတ်နေကြလေ၏။

ထိုပရိသတ်ထဲရှိ ခပ်နောက်နောက် လူတစ်ယောက်ကား ဤအဖြစ်အပျက်ကို ပြုံးကြည့်ရင်း—

'ရန်ကုန်ပေါ်မှာ ဘတ်စကားတွေကိုသာ မိုက်ကြေးခွဲစားသလား မှတ်တယ်။ သူတောင်းစားအပေါ်မှာတောင်မှ မိုက်ကြေးခွဲနေတဲ့သူပေါ်နေပြန်ပါပကောလား'ဟု ခပ်ရွှတ်ရွှတ် ပြောလိုက်သောကြောင့် မူလကတည်းက သူတောင်းစားမကလေးအား ကရုဏာသက်နေကြသော ဂျပိုးတေလေအချို့က နိုင်ရာစားလာလုပ်သော ထိုယောက်ျားအား မျက်မုန်းကျိုးကာ ပြန်ရိုက်ရန် မြှောက်ပေးနေကြလေ၏။ ထို့ကြောင့်ပင် အားတက်လာလေသလားမသိ—

'ပိုက်ဆံလိုချင်ရင် ငါ့လိုတောင်းစားပါလား၊ ဘိန်းစားက

လူပါးဝလို့ ဖယ်ပေးနော်၊ ငါ့ပိုက်ဆံ ဒါပဲ’ဟု မိန်းကလေးက ရန်တွေ့သည့်အခိုက်–

‘ငါမှ ထမင်းမစားရသေးဘဲ’ ဟု ခပ်အေးအေးပင် ပြော နေစဉ်–

‘အလို နင်ထမင်း မစားရသေးတာ ငါနဲ့ဘာဆိုင်တုန်း၊ မစားရသေးရင် အငတ်နေပေါ့။ အောင်မယ် သူကကြီးကြီး ကျယ် ကျယ်’

ယောက်ျားပျိုကား ပိုက်ဆံကို နင်းမြဲပင် နင်းထားပြီး ဣန္ဒြေကြီးနှင့် မထုံတက်သေးလုပ်နေရာ အချို့လူများက ဝိုင်း၍ ရယ်ကြရုံမျှမက–

‘တယ်ဟုတ်သဟေ့၊ မောင်ပိုင်သားကျလိုက်တာ’ ဟူ သော စကားတစ်ခွန်း ထွက်လာပြီးသည့်နောက် မတရားသည်ကို မြင်လျှင် မခံချင်တတ်သော ခြေမြန်လက်မြန် အနောက်ပိုင်းဇာတိ ကို ပြသည့်အလား ရွယ်တူ အရပ်သား ၈ ယောက်က သူတောင်း စားမကလေး ရှေ့က ဘွားခနဲ ပေါ်လာပြီးလျှင်–

‘မင်း ဘာဗိုလ်ကျတာလဲ’ဟု ပြောပြောဆိုဆို ထိုးလိုက် သည့်ခဏ၌ ယောက်ျားပျိုတွင် ချက်ကောင်းကို မိသွားသည့်အလား ခေါက်ခနဲ နောက်သို့ ဖင်ထိုင်လျက်လဲသွားပြီးလျှင် ညာဘက် ပါး စောင်မှ သွေးများ ယိုစီးလာလေတော့၏။

ဝိုင်းကြည့်နေကြသော လူမှန်သမျှက ထ၍ ပြန်လှန်တိုး ရိုက်လိမ့်မည်ဟု ထင်နေကြသော်လည်း ယောက်ျားပျိုကား ထိုင် လျက်ကပင် မထနိုင်တော့ဘဲ မေးဖျားကို သနားစဖွယ် ပွတ်သပ် လျက် နေရာက မိန်းကလေးအား မျက်နှာငယ်နှင့် မော့ကြည့်နေပြီး လျှင် မျက်ရည်များ ရစ်ဝဲလာရုံမျှမက–

'ရက်စက်လှချည်လားကွယ်၊ အစက ငါလဲ သူတောင်းစားတွေကို ပိုက်ဆံအမြဲထည့်နေတဲ့ သူဌေးတစ်ယောက်ပါ။ အခုမှ ထမင်းမစားရသေးလို့ ငါက ပြန်တောင်းရတာကို ဝိုင်းထိုးကြတယ် နော်' ဟု စကားကောင်းပြောနေရာက–

'မောင့်အပေါ်မှာ...ဂုဏ်ရည်မတူလို့လား...ရွှေစပယ်ဖြူပန်ချင်သူကများ၊ အို... မယ်ကာကရဲ့၊ ကောက်ရိုးထဲမှာ အိပ်ပါရစေတော့၊ နင့်ငွေတစ်ထောင်ထုပ် ငါ့မှာ ဘာလုပ်စရာလဲ... ဟဲ ဟဲ' ဟု မဆီမဆိုင်တွေ ဖောက်လာမှ ဝိုင်းကြည့်နေကြသူမှန်သမျှ ဝါးခနဲ ပွဲကျသွားကြလေသည်။

'ဟာ–လက်စသတ်တော့ အရူးကိုးကွ'

'အို–အခုမှ ဟန်ကျတယ်၊ နှစ်ပါးသွား နှစ်ပါးသွား'

'ငါ့အကောင်ကပေမယ့် အလာကြီးဟေ့၊ ပြည်လှဖေ ထက်အသံကောင်းသေး'

ထိုကဲ့သို့ ပြောဆိုနေကြသည့်ကြားက သူတောင်းစားမကလေးသည် ထိုသူ၏ မျက်နှာကို ကရုဏာနှင့် ကြည့်မိတော့သည်။ အနာမကျက်တကျက် အမာရွတ်များ မျက်နှာပေါ်တွင် လေးငါးခုမျှ တွေ့ရသော်လည်း ထိုအမာရွတ်များတည်ရာ မျက်နှာပေါက်မှာမူ မွန်ရည်သန့်ရှင်းသောမူလရုပ်ရည်ကို အကဲခတ်မိလေသောကြောင့်–

'အို–စိတ်နောက်နေရှာပါကလား၊ အစ်ကိုကြီးအဖြစ်မျိုးနဲ့ တူလိုက်တာနော်၊ သူတကယ် ထမင်းမစားရသေးလို့ ပြောရှာတာ ထင်ပါရဲ့၊ ငါ့အတွက်နဲ့ သွေးထွက်သံယို အနိုပ်စက်ခံရလေခြင်း' စသော အတွေးမျိုးသည် နဂိုက ကရုဏာမကင်းနိုင်သော ထိုမိန်းကလေး၏ ဗီဇဉ် အပြင်းအထန် နှောင်တ, ဝမ်းနည်းဖြစ်စေလေ၏။

*

အရူးမှန်းသိကြသည်နှင့် တစ်ပြိုင်နက် ယခင်က ဝိုင်းကြည့်နေသော လူတစ်စုမှာ တစ်ယောက်ချင်း နှစ်ယောက်ချင်း ထွက်သွားကြသောကြောင့် ဤနေရာတွင် လူရှင်း၍ ကျန်ရစ်ခဲ့ရကား မိန်းကလေးမှာ ထိုလူအနားသို့ ကြင်နာစွာ တိုးသွားမိလေ၏။

'ဒီမှာ တော်တော်နာသွားသလား၊ ကျွန်မက စိတ်နောက်နေမှန်းမသိလို့' ဟု စကားပြေ ပြောသောအခါ ထိုလူက ကလေးမ၏ မျက်နှာကို ကြည့်ရင်း အားရပါးရရယ်လိုက်လေ၏။

'ဟား...ဟား...ဟား...ဟား...ရီချင်လိုက်တာ ဖတ်ဖတ်မော။ ရင်ဘတ် နောက်ကကျော၊ နင်ငါ့ကို အရူးလို့ ပြောလိုက်တာပေါ့လေ'

မိန်းကလေးကား ဥမ္မတ္တက၏ အရိပ်အခြည်ကို ကြည့်ရင်း စိုးရိမ်စွာ နောက်သို့ခွာခဲ့မိလေ၏။ သို့သော်မိမိခပ်ငယ်ငယ် အစ်ကိုကြီးတစ်ယောက် စိတ်နောက်၍ ထွက်သွားပြီးလျှင် လူများ၏ အညှင်းဆဲကို ခံ၍ သေသွားပုံကို သတိရမိသောအခါ အစ်ကိုချင်းစာ၍ သနားမိသောကြောင့် ကိုယ်သည့်အခိုက် ငတ်နေသော ထမင်းတစ်နပ်ကို ကျွေးမွေးလိုက်ချင်သည့် စေတနာမှာ တားမရအောင် ရှိလာပြန်လေ၏။

'အေးလေ– ရှင့်ကို အရူးလို့မဆိုပါဘူး။ ရှင်ထမင်းစားမလား၊ မစားရသေးဘူးဆို'

'အမယ်လေး–– နောက်တစ်ခါထပ်ပြီး အထိုးခိုင်းဦးမလို့လား' ဟု လက်ဝါးကလေးကာ၍ ကြောက်ရွံ့စွာ ပြောလိုက်ပုံမှာ သူတောင်းစားမကလေး၌ ပို၍ ကရုဏာသက်မိပြန်လေ၏။

'အို–ရှင့်ကိုဘယ်သူမှ မနှိပ်စက်စေရပါဘူး၊ ထမင်းစားမလား ပြောလေ'

'ဟာ–ကျွေးများကျွေးရင်တော့ 'တုတ်'လိုက်မယ့် ဖြစ်ခြင်း'

'ကဲ– ဒါဖြင့်ထ၊ ကျွန်မနဲ့လိုက်ခဲ'

ယောကျ်ားပျိုကား ကျိုးနွံနေသော ကျောင်းသားကလေး ပမာ ကလေးမကလေး၏ နောက်သို့ကောက်ကောက်ပါအောင် ထ လိုက်ခဲ့လေ၏။ လမ်းဘေးတစ်ခုတွင် အများစားသောက်နေကြ သော မြန်မာ ထမင်းဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သောအခါ လူ အများနှင့် ခပ်လှမ်းလှမ်းရှိ စားပွဲထောင့်တစ်ထောင့်ရှိ ခွေးခြေ ကလေးတစ်ခုပေါ်တွင် အထိုင်ခိုင်းပြီးမှ–

'ထမင်း တစ်ပွဲလောက် ပေးပါရှင်'ဟု မှာလိုက်သော် လည်း ဆိုင်ရှင်က ကလေးမကလေးအား မှတ်မိနေသလားမသိ–

'မရောင်းဘူး မရောင်းဘူး၊ သွား သွား' ဟု အော်ငေါက် ကာ နှင်ပစ်လိုက်သောကြောင့် ယောကျ်ားပျိုမှာ ထိုင်ရာက ထလိုက် လေ၏။

'ကျွန်မစားဖို့ မဟုတ်ပါဘူးရှင်၊ သူ့ကို ကျွေးချင်လို့ပါ။ ကျွန်မလို သူတောင်းစားမဟုတ်ပါဘူး။ လူကောင်းတစ်ယောက် စိတ် နည်းနည်း နောက်နေလို့ပါ' ဟု ဆိုမှ ဆိုင်ရှင်က အကဲခတ် ပြီး ထမင်းပွဲပြင်တော့မလို လုပ်လိုက်သည်နှင့်–

'နင် ငါ့ကို အရူးလို့ဆိုတာပေါ့လေ၊ စားဘူး စားဘူး' ဟု ပြန်ထိုင်တော့မလိုလို နေရာကထပြီး ထွက်သွားတော့ မလိုလို လုပ်နေပြန်သဖြင့်–

'ဩော် ဩော်–ရှင့်ကို အရူးဆိုတာ မဟုတ်ပါဘူး။ ထိုင် သာထိုင်ပါ' ဟု ဇွတ်ဆွဲ၍ အထိုင်ခိုင်းမှ ထိုင်ပြီးလျှင်–

'ကဲ–ကဲ၊ ဘာဟင်းနဲ့စားမလဲ'

'အို– ဘာဟင်းနဲ့ စားရ စားရ၊ နောက်ဆုံး ဝ တော့အတူ တူပါပဲ'

ဆိုင်ရှင်ကား ကလေးမကလေးမှာသည့် ကောင်းနိုးရာ ရာ ဟင်းများကိုထည့်၍ ကျွေးရင်းပြုံးမိလေ၏။

'ကလေးမနဲ့ ဘာတော်သလဲကွဲ့'

'မတော်ပါဘူးရှင်၊ လမ်းမှာတွေ့ရင်း သနားလို့ ကျွေးတာ ပါ'

'အင်း–မင်းတို့သူတောင်းစားက ပြန်ကျွေးရသေးတဲ့လူ ပေါ်သေးသကိုး'

'ဒါတော့ ကျွန်မလောက်မှ မစားရတဲ့လူဆိုရင် ကျွေးရမှာ ပေါ့ ဘကြီးရယ်။ သူတောင်းစားက လှူတဲ့ဆွမ်းကို ဘုရားတောင် ပယ်မှ မပယ်ဘဲ'

ဆိုင်ရှင်ဘကြီးသည် နောက်ဝင်လာသော ဖောက်သည် တို့နှင့် မအားအောင်ရှိ၍ စကားပြတ်သွားစဉ် ဘယ်နှစ်ရက်နေ့က ဝတ်လာမှန်းမသိ ပလုတ်ပလောင်း အားရပါးရ လွေးနေသော ယောကျ်ားပျိုကို ကြည့်ရင်း သူတောင်းစားမကလေးကား မိမိ၏ ဒါနကို မိမိ ပီတိဖြစ်နေလေ၏။

'စားလို့ ကောင်းရဲ့လား အစ်ကိုကြီး'

ယောကျ်ားပျိုကား အထူးအထွေကျေးဇူးတင်ကြောင်း ဝမ်းသာကြောင်း စကားနှင့် မပြောဘဲ ဒင်ကြီးမျို ဗိုင်းမျို မျိုရာက ခေါင်းညိတ်ပြရုံသာ ပြလိုက်လေ၏။

'အစက ဘယ်မှာနေလဲ'

'ဘာ'

'အရင်က ဘယ်မှာနေသလဲ'

'အဲဒါ ခက်တာပဲ၊ အရင်က အိမ်မှာနေတာပေါ့'

'အဲဒါခက်တာပဲ အရင်ကအိမ်မှာ နေတာ၍ပေါ့'

'ကဲ –အိမ်က ဘယ်မှာတုန်း'

'အိမ်က ဘယ်ရမတုန်း၊ လမ်းပေါ်ဆောက်ထားတာပေါ့'

ကလေးမကလေးသည် မိမိလိုသော အဖြေစကားကို အပေါက်တည့်အောင် မကြားရသဖြင့် စိတ်လျှော့လိုက်ပြီးလျှင် ထမင်းဖိုးကိုသာ ကျသလောက်ပေး၍–

'ရှင် ဆေးလိပ် သောက်ဦးမလား'

'စီးကရက်လား၊ ဆေးပေါ့လိပ်လား'

'ဘာဖြစ်ဖြစ်ရှင်၊ သောက်ချင်တာရစေမပေါ့'

'ဒါဖြင့် ဂိုးဖလိပ်ကလေးတစ်လိပ်လောက်'

ကလေးမကလေးသည် ကိန်းကြီးခန်းကြီး နိုင်လှသော ယောကျ်ားပျို၏ စကားကို ပြုံးမိလေသည်။ သို့သော် ထိုပုဂ္ဂိုလ်ကား ယခင်က အောက်တန်းစား မဟုတ်နိုင်သည်ကို တွေးတောမိပြန်သောကြောင့် ကရုဏာသက်ကာ သူ၏လိုဘကို ဤတစ်ခါ ကြိုးစား၍ ဖြည့်လိုက်ပြန်လေသည်။

'သွားတော့မယ်'

'ဘယ်သွားမှာလဲ'

'ကျွန်မ ပိုက်ဆံ လိုက်တောင်းရဦးမှာပေါ့...'

'ဟင်–ဒါဖြင့် ငါကကော ဘယ်သွားမှာလဲ'

'ရှင်လဲ သွားချင်တဲ့ဆီ သွားပေါ့'

'အဲဒါခက်တယ်၊ ငါဘယ်သွားရမှန်းလဲ မသိဘူး၊ ညစာကျတော့ ဘယ်သူက ငါ့ကို ထမင်းကျွေးဦးမှာလဲ'

ယောကျ်ားပျိုကား စီးကရက်ကို အားရပါးရဖွာရင်း စိတ်ထဲက လေးလေးနက်နက် မဟုတ်ဘဲ ပေါ့တီးပေါ့ပျက် ပြောလိုက်

သည့်တိုင်အောင် ကလေးမကလေးမှာကား အတော်ထိခိုက်သွား လေတော့သည်။

'ငါ အခု ထမင်းမစားရတာ ဘယ်နှစ်နပ်ရှိမှန်းတောင် မသိတော့ဘူး၊ ဒီကြားထဲမှာ ဆာလို့စားပါရစေပြောရင် ရိုက်လွှတ်ကြတယ်။ နင်လိုကျွေးတာ နင်တစ်ယောက်ပဲ တွေ့ရသေးတယ်။ ဒီတော့ နောက်လဲ ငါငတ်ရဦးမှာပေါ့လေ'

သူတောင်းစားမကလေးကား ရီဝေသောမျက်စိနှင့် ကြည့်နေမိလေ၏။ သို့သော် ကိုယ့်တစ်ဝမ်းတစ်ခါးအတွက်ပင် မနည်းရှာဖွေနေရသောကြောင့် မကျိုးမကန်းသော ယောကျ်ားရင့်မကြဖါးတစ်ယောက်ကို တာဝန်မခံနိုင်သည်မှာ မိမိအဆိုးမဟုတ်ကြောင်း စဉ်းစားမိသဖြင့် ကရုဏာစိတ်ကို ခပ်တင်းတင်းဖြတ်လိုက်ပြီးလျှင် ငွေမတ်စေ့ကလေး တစ်စေ့ထုတ်၍ သူ့လက်ထဲသို့ ထည့်လိုက်လေသည်။

'ကဲ–ညစာအတွက်တော့ ဒါနဲ့ပဲ ဝယ်စားတော့၊ ဒီထက်တော့ ကျွန်မလဲ မတတ်နိုင်ဘူး' ဟု စကားကို ခပ်သွက်သွက်ဖြတ်ကာ ဟောင်းနွမ်းနေပြီဖြစ်သော တယောပြားကလေးကို ချိုင်းတွင်ညှပ်၍ ထိုလူ့အနားမှ ဇွတ်ခွာခဲ့လေရာ ယောကျ်ားပျိုကား သူတောင်းစားမကလေး၏ ဝေးသွားသော ကျောပြင်ကို တစ်လှည့်၊ ပေးထားခဲ့သော ငွေမတ်စေ့ကလေးကိုတစ်လှည့် ကြည့်နေခြင်းဖြင့် ယောင်တိယောင်တောင် ငိုင်တိငိုင်တိုင် ဝမ်းနည်းပမ်းနည်း ကျန်ရစ်ခဲ့ရှာလေ၏။

သူတောင်းစားမကလေးသည်မိမိအား တောက်တဲ့ကပ်ကပ်နေမည်စိုး၍သာ ဇွတ်ထွက်ခဲ့ရသော်လည်း စင်စစ် အကြင်နာတရား ကင်းသည်မှာ သူဌေးသမီးတစ်ယောက်မဟုတ်ဘဲ မိမိကိုယ်

တိုင် နိမ့်ကျသောဘဝဖြစ်ခြင်းကြောင့်သာ ကိုယ်ချင်းစာနိုင်၍ ဖြစ်သည်။

မိမိအပေါ် တွယ်ကပ်နေမည်ကို စိုးရိမ်မိ၏။ ထို့ကြောင့် 'ငါ့နောက်များလိုက်လာဦးမှာလား' ဟု တထိတ်ထိတ်နှင့် မိမိလာလမ်းကိုလှည့်ကြည့်မိသေးသည်။ မျက်ခြေပြတ်သွား၍ အားလျော့၍ပင် ကျန်ရစ်ခဲ့၍လား မပြောတတ်၊ နောက်မှလိုက်လာသည်ကို မတွေ့ရမှ စိတ်အေးလက်အေးဖြစ်သွားကာ မိမိလုပ်ကို စတင်ရန် လမ်းကျယ်တစ်ခုထဲသို့ ချိုးဝင်မိလေ၏။

သို့သော် ရှာချင်လျှင်ဖွုန်းခနဲ မစဲအောင် ရှာချတတ်သော ရန်ကုန်မိုးသည် ကြိုတင်၍ မထစ်မချုန်းပဲ ဖွုန်းခနဲရွာချလိုက်ရာ ကလေးမကလေးကား မိမိအားကိုးရာ မြတ်နိုးရာဖြစ်သော တယောပြားကလေးကို ရေစိုမည်စိုးရသောကြောင့် နီးရာတိုက် ဖိနပ်ချွတ်တစ်ခုသို့ ကမန်းကတန်းပြေးဝင်ရရှာလေသည်။

*

မိုးကား နယ်ရှစ်ခွင်အုံ့မှိုင်း၍ တဖွုန်းဖွုန်းတဒိုင်းဒိုင်းနေအောင် ကောင်းကင်နှင့်အမျှ သွန်ချသလိုဖြစ်နေသောကြောင့် တစ်လမ်းလုံး နေ့ခင်းကြောင်တောင်မှောင်နှင့်မည်းမည်းဖြစ်နေသည့်အလျောက် လူသွားလူလာမျှမက လံခြား၊ မြင်းရထားစသည်တို့ပင် ပြတ်လပ်၍ နေသောအခါ ဖြစ်လေ၏။

တစ်ခါတစ်ရံ လေခပ်ကြမ်းကြမ်းနှင့် ပင်း၍ ဝေါခနဲနေအောင် ပက်လိုက်သောမိုးသက်သည် ပုဏ္ဏားကွယ်တွင် ကျောကပ်၍ ခိုနေသော ကလေးမကလေးအား သကြိန်ရေကစားသလို ဖြစ်နေသောကြောင့် ပဒုမ္မာအပေါ်စားအင်္ကျီစုတ်ကလေးမှာ အသားနှင့်

ကပ်၍ အတွင်းသားဝါဝါနုကလေးကိုပါ အထင်းသား ပေါ်နေစေလေရာ အအေးဒဏ်ကြောင့် ချမ်းတုန်နေရှာလေသည်။

ထိုအတွင်း တိုက်ထဲမှ ဆွယ်တာအင်္ကျီ၊ သက္ကလပ်လုံ ချည်၊ သိုးမွေးဦးထုပ်ဆောင်းထားသော အသက် ၅၀ ခန့်ရှိ နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် ပွဲစားကြီးတစ်ယောက်ဟု ထင်ရသောလူကြီး တစ်ဦး တံခါးပိတ်ရန် ထွက်အလာတွင် အဆိုပါ ကလေးမကို ရုတ်တရက် တွေ့ရခြင်းကြောင့် အံ့ဩစွာ ခဏခေတ္တ ငေးကြည့်နေမိလေသည်။

ကလေးမကလေးက ပြန်၍အကြည့်လိုက်တွင်ကား ထိုလူကြီး၏ မျက်လုံးအစုံမှာ မိမိ၏မို့မောက်ထွားကျိုင်းသော ရင်သားဆီမှ ကြွေဆည်၍ လွဲလိုက်သည်ကို တွေ့ရသဖြင့် ကလေးမကလေးမှာ မနေတတ်တော့ဘဲ တယောပြားကလေးကို ရင်ခွင်တွင်ပိုက်ကပ်ထားလိုက်ရလေသည်။

'ဟဲ့–ကလေးမ အိမ်ထဲဝင်ပြီး ခိုပါလား။ နင့်တစ်ကိုယ်လုမး၍ွကုန်ပြီ'ဟု ဘိုးကြီးက မဟာကရုဏာတော်ဖြင့် ဖိတ်မန္တက ပြုသော်လည်း ထိုဘိုးကြီး၏ သူခိုးမျက်စိကို ပက်ပင်းတွင် မိလိုက်ခြင်းကြောင့်–

'ကိစ္စမရှိပါဘူး ဘကြီးရယ်' ဟု ခေါင်းခါလိုက်လေ သည်။

'ဝင်သာဝင်ပါကွဲ့၊ ကိစ္စမရှိပါဘူး။ ဒီလောက် မိုးအေးထဲ ရပ်နေလို့ ဘယ်ဖြစ်မလဲ' ဟု အဘိုးကြီးက ကြောင်သူတော်ပမာ အစကထက် ပိုမို၍ ပြုံးရွှင်ပြီး ခေါ်ငင်ပြန်လေသည်။ ဤတစ်ခါတွင်ကား ကလေးမလေးတွင် စိတ်မရှည်နိုင်တော့သဖြင့်–

'ကျွန်မ လူကောင်းမဟုတ်ဘူး။ သူတောင်းစားမ မို့ပါ'ဟု

အဘိုးကြီး မသဒီအောင် ပြောချလိုက်သော်လည်း အဘိုးကြီးကား အနည်းငယ်မျှ မျက်နှာမပျက်ဘဲ–

'သူတောင်းစားလည်း လူပါပဲကွယ်၊ ခန္ဓာငါးပါးနဲ့ ရုပ်ဆောင်နေတဲ့ အပုပ်ကောင် အတ္တဘောချင်း အတူတူပါပဲ။ တချို့သူတောင်းစားမကလေးတွေလဲ ဒီလိုပဲ။ ဘကြီးအိမ်တော့ ရဲရဲတင်းတင်း ဝင်ထွက်နေကြလို့ ဘကြီးကလဲ ဆန်ကြိုက်ကြိုက် ပိုက်ဆံကြိုက်ကြိုက် သူတို့ ကြိုက်သလောက်ပေးလိုက်ရတာချည်းပဲ'

ကလေးမကလေးသည် နှုတ်ခမ်းမွေးစုတ်ဖွားနှင့် စားတော့ မလို ပြုံးပြုံးကြီး ကြည့်နေသော အဘိုးကြီး၏ မျက်ခွက်ကို ဆတ်ခနဲ မော့ကြည့်လိုက်မိလေသည်။

'အာဂအဘိုးကြီး တဏှာရူးကြီး၊ မိန်းမဆိုရင် သူတောင်းစားမကိုမှမချန်ဘဲ မုန့်ပေး၍ နှိပ်စက်မည့်အဘိုးကြီး၊ ငါနှင့်သိသော သူတောင်းစားမကလေးများကို နှိပ်စက်သည့် အဘိုးကြီး၊ သူဌေးတဏှာရူးကြီးဆိုသည်မှာ ဤအဘိုးကြီးပင်ဖြစ်မည်ဒိဠ။ ဤမျှယုတ်မာညစ်ကျူသည့် လူကြီးလူကောင်းမျိုး ရန်ကုန်မြို့တွင် ဘယ်နှစ်ယောက် ရှိဦးမည် မပြောတတ်။ ငါဤနေရာတွင် ကြာကြာနေ၍ မဖြစ်' ဟူသော အတွေးမျိုးသည် တစ်ခဏချင်း ပေါ်ပေါက်လာတော့လေရာ ဤတွင် ကြောက်ရွံ့ ရွံရှာသော မျက်နှာဖြင့်ကြည့်ရင်း ထွက်ရန်ဟန်ပြင်လိုက်လေသည်။ မိုးသည်ကား အဘိုးကြီးနှင့် ပင်း၍ မိမိအား နှိပ်စက်တော့မည့်ပမာ သည်းသည်ထက် သည်းလာပြန်လေ၏။ အနီးပတ်ဝန်းကျင်၌ ရှိကြသမျှသော အိမ်တို့မှာလည်း မိုးပက်သောဒဏ်ကြောင့် တံခါးတွေ အကုန် ပိတ်ဆို့လျက်ရှိကြသဖြင့် မိမိတို့အား မြင်နိုင်မည်မဟုတ်၊ အော်၍ပင်မကြားအောင် မိုးမင်းက အိမ်နီးချင်းတို့၏ နားကို ပိတ်ထားလေသည်။

ပွဲစားကြီးကား စည်းစိမ်ရှိသူ တစ်ယောက် ဖြစ်ခြင်း ကြောင့် မိုးအေးလေ ဇိမ်ယူချင်လေဖြစ်သော်လည်း ဆင်းရဲသားများ မှာမူကား ဇိမ်ယူရန်ဘောဂမပြည့်စုံ၍ မိုးပက်လျှင် ထိုစိတ်မျိုး လွင့်ပါးကုန်ကြရှာရတော့သည်။

'လာပါ ကလေးမရဲ့၊ ဘကြီးကိုက်မစားပါဘူး' ဟု ဤ တစ်ခါတွင် မှိုတက်နေသောမျက်နှာရှုံ့တွကြီးကို ပိုမို၍ ပြုံးထားကာ ကလေးမ အဓိပ္ပာယ်ပေါ်လောက်အောင် ကလေးကလား အမူအရာ ပြလာရုံမျှမက တွယ်ကပ်နေသောလက်ကလေးကိုပင် လှမ်း၍ ဆွဲလိုက်သောကြောင့်–

"အို–မြို့မိမြို့ဖအရွယ်က ဒီလိုလုပ်တာ မရှက်ဘူးလား၊ ဘကြီးရဲ့" ဟု ခပ်တင်းတင်း ရန်တွေ့လိုက်မိလေရာ အဘိုးကြီးတွင် ၁နာပေါ်တုတ်ကျသွားသလားမပြောတတ်၊ ခွေးအိုကြီးကို ခဲမှန်သကဲ့သို့ မျက်နှာပျက်သွားပြီးလျှင်–

"အောင်မယ်၊ နင်က လူပါးဝလို့ ငါ့အိမ်ထဲက ပစ္စည်းဝင်ခိုးတယ်လို့ ပုလိပ်တိုင်လိုက်ရင် ဟုတ်တာမဟုတ်တာ အပထား ဂါတ်တဲမှာ အချုပ်ခံနေရမယ် သိရဲ့လား၊ နင့်ထက်ချောတဲ့ ကောင်မတွေတောင် နင့်လောက် ခေါင်းမမာဘူး"

"ရှင်တို့ လူကြီးလူကောင်းတွေဟာ လက်စသတ်တော့ မိန်းမဆိုရင် ယုတ်သော ညံ့သောတောင် မရှောင်တော့ဘူးပေါ့လေ၊ ဟိုလို ကောင်မမျိုးမဟုတ်တော့ ကျွန်မခေါင်းငုံ့မခံဘူး" ဟု ပြောပြောဆိုဆို မိုးပေါက်ဆိန်ပင် ရွာချစေကာမူ တိုလူယုတ်မာကြီး၏ ဘေးရန်မှ လွတ်ရာသို့ အတင်းထွက်သွားမည်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် အကျင့်ပေါ်ပြီးဖြစ်မှ မထူးတော့ဟု သဘောထား သော ပွဲစားကြီးကား ကလေးမကလေး၏ လက်ကို အတင်းဆွဲ၍

တိုက်တွင်းသို့ သွင်းရန် ကြိုးစားတော့လေ၏။ ကလေးမကလေး လည်း ကြောက်အားလန့်အားနှင့် ရှန်းနေရာက–

“ရှင်ကြီး၊ လူလိုလုပ်နော်၊ လွှတ်လွှတ်”

“နင့်ကို ဘာလို့လွှတ်ရမှာလဲ”

ထိုတွင်း လွှားခနဲနေအောင် ကျားအုပ်အုပ်လိုက်သော ယောကျ်ားပျို၏ သဏ္ဍာန်ကိုသာ ရိပ်ခနဲမြင်လိုက်ပြီးသည့်နောက် ဘိုးကြီးမှာ တိုက်တွင်းသို့ဖင်ထိုင်လျက်လဲသွားသည်ကို ကလေး မ ကလေး၌ ဖြုံးခနဲမြင်လိုက်ရလေ၏။

တို့နောက်မှ ဝင်၍ကယ်သူကို ကြည့်လိုက်သောအခါ မကြာမီ ကလေးကမှ မိမိဝယ်ကျွေးသော ထမင်းကို အားရပါးရ မြိန်မြိန်ယှက်ယှက် စားခဲ့သော စိတ်မနှံ့သည့် ယောကျ်ားပျိုဖြစ် ကြောင်း သိရလေရာ အံ့ဩခြင်း၊ ဝမ်းသာခြင်း၊ အားကိုးခြင်း တို့သည် မိုးသက်လေကြောင့် လည်းကောင်း၊ ကြောက်သွေးကြောင့် လည်းကောင်း အေးစက်နေသော ကလေးမ၏စိတ်ကို အရက်ကိုး မောင်း တိုက်ကျွေးလိုက်သကဲ့သို့ ဖြစ်သွားလေရာ ထိုကဲ့သို့အဖြစ် ကို တစ်မိနစ်မျှ မခံစားရမီ–

“လာ– သွားမယ် မြန်မြန်” ဟု ပိုင်စိုးပိုင်နင်း အတင်း ဒစကြမ်း ဆွဲပြေးသော သူ့နောက်ကိုသာ ဒရောသောပါး လိုက်ခဲ့ရ လေ၏။ တဏှာရူးပွဲစားကြီးကား ဖင်ထိုင်လဲရာက မနည်းထ၍ ပြေးကြသူ နှစ်ယောက်ကိုသာ ပါးစပ်အဟောင်းသားနှင့်ကြည့်ရင်း ကျန်ရစ်ခဲ့ရှာလေ၏။

မိုးသည်းနေသည့် ကြားတွင် ယောကျ်ားပျိုသည်ကား ကလေးမ၏လက်ကိုဆွဲရင်း သုတ်သုတ်နှင့် တွင်တွင်သာ သွားနေ လေ၏။ မိခင်ကဆွဲသွား၍ လိုက်ပါရသည့် သားငယ်ပမာ ဘာ

စကားမျှ မပြောအားသေးဘဲ သူ့ခြေလှမ်းကျဲကြီးတွေကို မီအောင် မနည်း လိုက်ရလေသည်။ အတန်ကြီးဝေး၍ သုံးလေးလမ်းကျော်ခဲ့မှ မိမိ၏ညာဘက်လက်ကို ယောကျ်ားပျို၏ ဆုပ်ကိုင်ဆွဲမြဲထားသောလက်တွင်းမှ ရုန်းရုန် သတိရသဖြင့် ခြေလှမ်းကို ရပ်လိုက်ပြီးလျှင် ရုန်းလိုက်လေရာ ဤတွင်မှ ယောကျ်ားပျိုကလည်း လှည့်၍ ကြည့်နေတော့လေသည်။

"နင်ဘာဖြစ်လို့ ဟိုအကောင်ကြီးလက်ဆွဲတာ ခံနေရတာ တုန်း" ဟု ယောကျ်ားပျိုကား ကိုယ့်ညီမကလေးတစ်ယောက်ကို အပြစ်တင်နေသလို ကြိမ်းဝါးသဖြင့်–

"မိုးရွာလို့ မိုးဝင်ခိုတာ"

"နင့်ကို ဘာလုပ်သေးလဲ"

"ဘာမှမလုပ်ပါဘူး။ သူ့အိမ်ထဲကို မိုးဝင်ခိုရမယ်တဲ့"

"အောင်မာ–လူပါးဝလို့ နင့်ကိုအထဲရောက်ရင် ဟိုဒင်း"

"တော်ပါတော့၊ ကျွန်မသိပါတယ်။ နေ့တိုင်း ကျွန်မမှာ ဓားမြှောင်ယူခဲ့တယ်။ ဒီကနေ့မှ မေ့လာလို့၊ နေပါဦး၊ ကျွန်မ နောက်ကို ဘာဖြစ်လို့ လိုက်လာရတာလဲ"

"ငါလား၊ ငါနင့်ကို ချစ်နေလို့ပေါ့"

ကလေးမကလေးကား ထိုသူ၏မျက်နှာကို ကြောက် ကြောက်လန့်လန့်နှင့် ဆတ်ခနဲမော့ကြည့်မိလေ၏။ ရဲတင်းစွာ ပြောလိုက်သော ယောကျ်ားပျို၏ မျက်နှာမှာကား ထိုစကားကို အပြစ်မရှိသကဲ့သို့ ခပ်ရဲရဲပင် ဣန္ဒြေရှိလေသည်။ 'ချစ်လို့' ဟူသော စကား၏ အနက် အဓိပ္ပာယ်မှာ နှစ်မျိုးနှစ်စားရှိကြောင်း ကလေးမ ဖြုန်းခနဲတွေးမိကာ–

'ကျွန်မကို ချစ်တယ်၊ ဘယ်လိုချစ်တာလဲ" ဟု ယောကျ်ား

ပျို၏ အကဲကိုခတ်ရင်း ခပ်ဆိုင်းဆိုင်း မေးလိုက်သောကြောင့်

"အေး– ချစ်တာပေါ့၊ နင်တစ်ယောက်ပဲ ငါ့ကို ထမင်းကျွေးတဲ့ စေတနာမျိုး ထားတာကို နောက်လဲ ကျွေးပါစေတော့လို့ နင်သွားတဲ့နောက်က လိုက်လာတာပဲ"

ကလေးမကလေးကား ဤတွင်မှ ယောကျ်ားပျို၏ စေတနာကို သိရလေသည်။ ထမင်းတစ်နပ်ကျွေးဖူးသောကြောင့် နောက်မှ လိုက်၍ စောင့်ရှောက်ရှာပေသည်ဟု ကျေးဇူးတင်မိလေ၏။

"ရှင့်နာမည် ဘယ်သူတဲ့လဲ"

"ငါ့နာမည်လား၊ နေပါဦး၊ ငါ့နာမည် ဘယ်သူ့ပါလိမ့်"

ဟု စကားပြောရင်း ကောင်းကင်သို့ မော့မျှော်ကာ စဉ်းစားသလို ငေးနေတော့လေသည်။

ထိုအခိုက် ပေါက်စီရောင်းသော တရုတ်တစ်ယောက် အထမ်းနှင့် လမ်းလျှောက်လာရင်း သူတို့အနားရောက်မှ "ပေါက်စေ၊ ပေါက်စေ" ဟု ဒေါသတကြီး ဟစ်အော်လိုက်လေသည်။

"အေး၊ ငါ့နာမည် ပေါက်စီတဲ့၊ မောင်ပေါက်စီပေါ့ကွယ်၊ နင့်နာမည်ကကော" ဟု ခပ်ပြုံးပြုံးမေးလေသည်။ ကလေးမကလေးကား သူ့နာမည်မှ သူမမှတ်မိသော အဖြစ်ကိုတွေးကြည့်ရင်း ရင်ထုမနာ ဖြစ်မိလေသည်။

"ကျွန်မနာမည် မယ်သုံတဲ့"

"မယ်သုံ ဟုတ်လား၊ တယ်သနားစရာကောင်းတဲ့ နာမည်ကလေးပဲ"

"ဒါတွေ ထားပါဦး၊ ရှင်ဘယ်မှာနေသလဲ"

"အိုး၊ ငါ့မှာနေစရာမရှိပါဘူးလို့ဆိုနေ၊ ငါတော့ နင်နဲ့

အတူနေချင်တာပါပဲ၊ နင်ငါ့ကို ခေါ်ထားရင် ထမင်းနေ့တိုင်း စားရမှာပဲ၊ နို့မဟုတ်ရင် ငါ့ကိုဘယ်သူမှမကျွေးချင်ဘူး။ ဝိုင်းဝိုင်းသာ ရိုက်ကြတာပဲ”

“ရှင်က ကျွန်မနဲ့ နေချင်တာကတော့ဟုတ်ပါရဲ့၊ နေလို့ တင့်တယ်ပါ့မလား၊ တော်တော်ကြာ” ဟု မယ်သုံက စကားကို အဆုံးမသတ်ဘဲ ငေးနေရပြန်လေသည်။

“မတင့်တယ်ရအောင် ငါက နူနေလို့လား”

မယ်သုံ၏ စေတနာကား ကျေးဇူးရှင် မောင်မင်းကြီးသား ကို မစိမ်းကားနိုင်အောင် ဖြစ်နေလေသည်။ ပွဲစားကြီး၏ဘေးရန်မှ သူသာ လာ၍ မကယ်လျှင် ပွဲစားကြီးတိုက်တွင်းသို့ ဇွတ်အတင်း ရောက်ရပေမည်။ ပွဲစားကြီးကား လူကိုယ်နှင့် ဘီလူးစိတ် ဖြစ်နေသောကြောင့် တား၍ရမည်မဟုတ်၊ တကယ့်မေတ္တာနှင့် ဓားပြတိုက်လျှင် ကြောမှကြောရစေဆိုသော စိတ်ယုတ်မာမျိုးနှင့် ဈေးသည်ကို ဝယ်စားသကဲ့သို့ စားလိုက်မည်ဖြစ်ခြင်းကြောင့်မိမိမှာသာ ပန်းကောင်းအညွန့်ကျိုး ကိုးရိုးကားယား ခံလိုက်ရပေမည်။ ယုတ်နိမ့်သော ဥာဘဝနှင့်နေနေရသည့်ကြားက မိမိကိုယ်ခန္ဓာ တစ်ခုလုံး ပစ္စလက်ခတ်ရေတိမ်တွင် နှစ်လိုက်ရလျှင် မြွေကိုက် ကျားစားခံရသကဲ့သို့သာ ရှိတော့မည်။ တိုဒုက္ခကြားမှ ကယ်လိုက်သူကား ဤ မောင်မင်းကြီးသား ဖြစ်တော့သည်။ သူ့၌လည်း ခိုကိုးစရာမရှိ၊ ထိုလို ဒုက္ခိတ တစ်ယောက်အား ကယ်ဆယ်ခြင်းဖြင့် မိမိ၌ တာဝန်ပို၍ မလေးနိုင်၊ အိမ်နီးပါးချင်းတို့က မေးလျှင် မောင်နှမဟူသော အဖြေလေးနှင့်ပင် ကျေနပ်စရာရှိလေသည်။

*

ယောက်ျားပျို၏ နဖူးရေ ဒူးရေတို့ကလည်း ယုတ်ညံ့သော အနွယ်ထဲက မဟုတ်ကြောင်း သက်သေခံနေလေသည်။ ထို့ကြောင့် မိမိခေါ်ထား၍ ရက်များမကြာမီအတွင်း သူ့ဘဝကို သူမှတ်မိပြီးလျှင် စိတ္တဇဝေဒနာမှ လွတ်မြောက်သွားခဲ့လျှင်လည်း ထိုဘဝ ရောက်အောင် မိမိကပင် ဆောင်ရွက်လိုက်သလိုနှင့် ထပ်တူထပ်မျှ ဖြစ်နေသောကြောင့် "ကိုပေါက်စီ" ဟု သူ့ကိုယ်သူ အမည်ပေးထားသော သူ့မျက်နှာကိုကြည့်ကာ–

"ကဲလေ– နှစ်ရက် သုံးရက်လောက်တော့ ကျွန်မနဲ့ အတူလိုက်နေတာပေါ့။သို့ပေမယ့် ဘယ်သူကမေးမေး မောင်နှမတော်တယ်လို့ ပြောရမယ်နော်"

"မင်းနဲ့ငါ မောင်နှမ ဟုတ်လား"

"ဟုတ်တယ်၊ မဟုတ်ပေမယ့် ဟုတ်တယ်လို့ပဲ ပြောရမယ်၊ နို့မို့ရင် ရှင့်ကို ကျွန်မ မခေါ်ဝံ့ဘူး"

"တကယ်မောင်နှမလို့ ငါ့စိတ်က မှတ်ထားရင်ကော"

"ဒီလိုဆို သိပ်ကောင်းတာပေါ့"

"ကဲ–လာ သွားကြစို့ နှမလေး"

မယ်သုံသည် မောင်ပေါက်စီ၏စိတ်ထားကို ကျေနပ်စွာ ခေါ်ဆောင်သွားမိလေတော့သည်။ သူတို့မောင်နှမကား တဖြည်းဖြည်း လမ်းလျှောက်ရင်း–

"အစ်ကိုကြီး–အရင်ကအကြောင်းတွေ တစ်ခုမှ သတိမရတော့ဘူးလား"

"အရင်ကအကြောင်းတွေဆိုတာ ဘာလဲ၊ လောကကြီးထဲမှာ ငါတစ်ယောက်တည်းမွေးလာတယ်နဲ့တူပါတယ်။ တစ်ယောက်တည်း ကုန်းကြောင်းလျှောက်လာခဲ့တာ တစ်ခုရယ်၊ နောက် မင်းက

ထမင်းကျွေးတာ တစ်ခုရယ်။ ဟိုပွဲစားကြီးက နင့်ကို လက်ဆွဲတာ တစ်ခုရယ်၊ ဒါတွေပဲ ငါတော့ စဉ်းစားမိတယ်”

“အစကတော့ အစ်ကိုကြီးဟာ လူကောင်းတစ်ယောက် ဖြစ်မှာပါပဲ။ အဲဒါတွေကို အိမ်ရောက်တော့ တဖြည်းဖြည်း စဉ်းစား ကြည့်ဦး။ သတိရလာရင် အစ်ကိုကြီး ဆင်းရဲမှာမဟုတ်ဘူး”

“အို–ဒါတွေကို စဉ်းစားကြည့်ရင် ငါဟစ်ပြီးတော့သာ ငိုချင်တာပဲ။ ဒါကြောင့် ငါမစဉ်းစားချင်ဘူး။ အခုနင်နဲ့တွေ့တဲ့ နောက် ငါ ထမင်းမှန်မှန်စားရတော့မယ်။ နင့်ကို ငါချစ်သလို ငါ့ကို နင်ပြန်ချစ်မယ်ဆိုရင် ငါဒီဘဝအတွက် ကျေနပ်ပြီ။ ဘာမှ မလို တော့ဘူး”

“အစ်ကိုကြီး ချစ်သလို ဆိုတာ မောင်နှမလိုနော်”

“ဟား...ဟား...ဟား... အေးပါဟ မောင်နှမလိုပါပဲ”

သူတို့နှစ်ယောက်မှာ စကားတပြောပြောနှင့် လာခဲ့ကြ သောကြောင့် လမ်းအတိုင်း ဘုရင်ခံဝင်းကြီးကို ကျော်လွန်သော အခါ စမ်းချောင်း အနီးရှိ ကံရွာထဲသို့ ရောက်လာခဲ့လေသည်။ ထိုရွာကလေးမှာ “ကပ္ပား”ဟုခေါ်သော ခေတ္တခဏ အိမ်ခြေ မတည် ဘဲနေကြသူများ၊သူတောင်းစားများနှင့်အညတြနေကြသူများသာ အများအားဖြင့် နေထိုင်ကြသော ရပ်ကွက်ကလေးတစ်ခု ဖြစ်လေ ရာ မယ်သုံနှင့် ယောကျ်ားပျို တစ်ယောက်တွဲဝင်လာခြင်းအတွက် ရပ်ကွက်ကလေး၌ လှုပ်လှုပ်ရွရွဖြစ်လာတော့ပြီးလျှင်–

“ဟေ့–မယ်သုံ ဘယ်ကလဲဟေ့” ဟူသော အဓိပ္ပာယ်မျိုး ဖြင့် မေးငေါ့၍မေးကြလေသည်။ တချို့ကလည်း–

“ဟဲ့–မရွှေသုံ၊ ဒီကနေ့နောက်ကျလှချည်လား”ဟု မောင် ပေါက်စီ၏ မျက်နှာကို အကဲခတ်ရင်း မေးကြပြန်လေသည်။

"ဟုတ်တယ်၊ ဒီနေ့ ဟောဒီ ကျွန်မအစ်ကိုကြီးနဲ့တွေ့နေလို့" ဟု ဖြေရင်း မောင်ပေါက်စီ၏မျက်နှာကို "လုံပေစေနော်" ဟူသော အထိမ်းအမှတ်ဖြင့် ကြည့်မိလေသည်။

"ဟင်– ညည်းမှာ အစ်ကိုရှိသေးသလား၊ ၁စက ဒို့မသိလိုက်ပေါင်"

"ရှိတယ်၊အညာမှာ ကျန်ရစ်ခဲ့တာ၊ လေးငါးရက်လောက်ကတည်းက ရန်ကုန်ကိုရောက်ပြီး ကျွန်မကို လိုက်ရှာနေသတဲ့၊ ဒီနေ့မှ ကံအားလျော်စွာသွားတွေ့ရတယ်" ဟု ပြောရင်း မိမိ၏တဲကလေးဘတွင်းသို့ ဝင်သွားလေရာ–

"ငါတော့ ဟုတ်မယ်မထင်ပါဘူးအေ၊ တိတ်တိတ်ပုန်းညားနေတာလားမှ မသိဘဲ။ မယ်သုံကို ပိုးနေတဲ့ ယောကျ်ားတွေက နည်းမှ မနည်းဘဲ။ ဟိုတလောက စမ်းချောင်းထိပ်က ပွဲသွားကြည့်တုန်းကတောင် ကြည့်ပါလား၊ ကျောက်သွေးတဲ့ငနဲတွေတောင်မှ အကောင်း အောက်မေ့လို့ ဝိုင်းပိုးလိုက်ကြတာ"

"ဒါတော့လဲအေ၊ သူလဲ အပျိုအရွယ်ကလေးပဲ လိုချင်ယူပေမပေါ့။ ဟိုလူ့ရုပ်လဲ ဒီလောက်မခေပါဘူး။ လူကောင်းသူကောင်းကလေးနဲ့တူပါတယ်"

"အတည်ယူရင် ဟုတ်တာပေါ့တော့။ တော်တော်ကြာအေးစိန်တို့လို ကလေးတစ်ယောက်နဲ့ ကိုးလိုးကန့်လန့် ကျန်ရစ်ခဲ့မှာစိုးလို့ ပြောတာ၊ ကိုယ့်ရွာသားအချင်းချင်းတော့လဲ မယူချင်၊ ဒီပြင်လူ ယူရပြန်တော့လဲ အခြေအနေသိသွားတော့ တယ်မသဒ္ဒါချင်ကြဘူး။ ညားစကလေးသာ မောင်မင်းကြီးသားတို့က ခြေတော်တင်ပြီး တော်ကြာလို့ လစ်သွားပြန်တော့ အစထဲက အခြေအနေမရှိတဲ့ ကိုယ်လို သူလို ခြေသလုံးအိမ်တိုင်သမားမို့ ကြိုက်တာမှာ အရှာရမခက်ဘူးလား"

"အမယ်လေး မယ်သုံက အေးစိန်လို အ,လပိန်း မဟုတ်ပါဘူး။ ဆင်ခြင်တုံတရားအများကြီးရှိတဲ့ ကောင်မလေးပါ"ဟု တစ်ယောက်တစ်ပေါက်ပြောနေကြသော အိမ်နီးချင်းတို့၏ စကားများကို မကြားနိုင်ကြတော့ပေ။

*

"အစ်ကိုကြီး ထိုင်လေ"

မောင်ပေါက်စီကား ရုတ်တရက်မထိုင်သေးဘဲ ဆင်းရဲနွမ်းပါးသည့် မယ်သုံ၏တဲကလေး အတွင်းအပြင်ကို ငေးမောနေလေသည်။ ရေပေါ်မထိုးသော ကြမ်းပြင်အဟောင်းပေါ်တွင် ခေါင်းရင်းက သပေါ့ဖျာ ခပ်နွမ်းနွမ်း တစ်ချပ် ခင်းထားလေသည်။

ထင်းရှူးသေတ္တာအဟောင်းကလေးတစ်လုံးကားခေါင်းရင်းဘက်တွင် ခြောက်ပြားတန် ဘုရားရှိခိုးစာအုပ်၊ ဗလာစာအုပ် အဟောင်းများထည့်ထား၍ ၎င်း အပေါ်က လူတစ်ရပ်လောက်တွင် မြတ်စွာဘုရား ဗောဓိပင်၌ စံနေတော်မူပုံ အရုပ်ကားဟောင်းတစ်ချပ် မှန်ဘောင်မသွင်းဘဲ ဝါးခြမ်းကလေးနှစ်စနှင့် အပေါ်နှင့်အောက်ညှပ်ထားလေသည်။ ဘုရားမီးထွန်းရန် သံဖြူ ပြားကလေးကိုလည်း ခေါင်းရင်း မမေတိုင်တွင် သံနှင့်ရိုက်ထားလျက် ညောင်ရေအိုးငယ်ငယ်ကလေးကိုမူကား စိန်ခြယ်ပန်းအပြည့်နှင့် ဆွဲထားလေသည်။ အိမ်ခြေရင်းဘက် အပေါ်စား ပျဉ်တို ပျဉ်စနှင့် စပ်ဟပ်၍ ကာထားသော ထရံ၌ ရုပ်ရှင်ဇာတ်ကားကြော်ငြာများနှင့် ဇာတ်လိုက်မင်းသား မင်းသမီးရုပ်ပုံများ ကော်နှင့်ကပ်ထားလေသည်။ မောင်ပေါက်စီကား ထိုအရာများကို တစ်ခုစီ မျက်စိက လိုက်၍ ကြည့်နေသောကြောင့်–

"ထိုင်လေ အစ်ကိုကြီး၊ အိမ်ကစုတ်လို့ မနေချင်တော့ဘူးလား"

"ဟဲ... ဟဲ... ဟဲ"

"ကျွန်မတို့မှာတော့ ဒီလိုပဲနေလာခဲ့ရတာပဲ"

"နင်တစ်ယောက်ထဲ နေ နေတာလား"

"ဟုတ်တယ်၊ ကျွန်မအဖေကြီး မဆုံးခင်ကထဲက ဒီမှာနေလာခဲ့တာ၊ ကျွန်မအဖေကြီးက လေသင်တုန်းဖြတ်လို့ ကျွန်မဒီလိုပဲ တောင်းကျွေးနေရတယ်။ အခုတော့ ဆုံးသွားရှာပြီ"

"နင် သူတောင်းစားမလုပ်ဘဲ ဆေးလိပ်လိပ်စားပါလား" ဟု မောင်ပေါက်စီ၏ မျက်နှာတွင် ဝမ်းနည်းခြင်း အရိပ်အယောင်ဖုံးလွှမ်းလျက် ကရုဏာတစ်ခွဲသားနှင့် မေးမိလေသည်။

ကလေးမကလေးမှာလည်း အဟောင်းကိုအသစ် ဖြစ်ရသည့်အလား မျက်ရည်ကလေးများ အုလာလေ၏။ ရူးနေသော မောင်ပေါက်စီ၏စေတနာ ကရုဏာကိုလည်း ကျေးဇူးတင်လျက် ဝမ်းနည်းမိ၏။

"ကျွန်မကို ငယ်ငယ်ကလေးကတည်းက ဖေဖေက တောင်းပြီး ကျွေးရှာတယ်။ အစကတော့ ဖေဖေဟာ စာရေးကြီးလုပ်ခဲ့ဖူးသတဲ့။ အရက်တွေသောက်အားကြီးလို့ ဖေဖေမှာ လေသင်တုန်း အဖြတ်ခံရပြီးတော့ လမ်းမလျှောက်နိုင်တော့ဘူး။ မေမေလဲ စိတ်ညစ်လို့ သေရော။ ကျွန်မလဲ အသက်ခြောက်နှစ်လောက် ထင်ပါရဲ့။ ဘာမှမကြံတတ်ဘူး။ ဖေဖေ့မှာ ငတ်လာတော့ ဖင်ရွှေ့ ဖင်ရွှေ့နဲ့ တောင်းစားရရော။ ကျွန်မက ဖေဖေ့နောက် အမြဲ လိုက်နေပြီး ဖေဖေပြောသလို မပီကလာ ပီကလာနဲ့ တောင်းကြရတယ်။ ဒီတော့ ကျွန်မ စာလဲမတတ်ဘူး။ ဖေဖေကလဲ သင်မပေးဘူး။ ဘုရား

ပွဲတွေ ဘုန်းကြီးပျံတွေရှိလို့ တောင်းရရင် တစ်နေ့ တစ်နေ့ ငါးကျပ် တစ်ဆယ် ရတာမို့ နောက်လဲ တောင်းစားလာတာပေါ့”

“ဟယ်–ဖြစ်မှဖြစ်ရလေ ဆွေမျိုးတွေမရှိဘူးလား”

“ဖေဖေက ဆွေမျိုးတွေကို စိတ်လဲနာတယ်၊ ရှက်လဲရှက်တယ်။ အခုတော့ ကျွန်မလဲ ဆွေမျိုးတွေကို မသိတော့ဘူး။ သိရမှာလဲ မသိချင်တော့ဘူး”

“နင့်ကို ငါသိပ်သနားတာပဲဟာ၊ ဒါပေမဲ့ ညစာထမင်းတောင် ဆာလာပြန်ပြီ၊ ကျွေးပါဦး”

“အော် ဟုတ်ပါရဲ့၊ စကားကောင်းနေလိုက်တာ မဖါးထွန်းချိန်တောင်ရောက်လာပြီနော်၊ ဒါဖြင့် နေဦး၊ ကျွန်မသွားဝယ်လိုက်ဦးမယ်”ဟု ထိုင်ရာမှာ မယ်သုံက ထလိုက်သောအခါ မောင်ပေါက်စီက ကပျာကယာတားရင်း–

“ဘယ်သွားမှာလဲ၊ နင်တစ်ယောက်တည်း သွားမှာလား”

“အင်းပါ၊ ကိစ္စမရှိပါဘူး။ စမ်းချောင်းထိပ်က တရုတ်ဆိုင်တွေမှာ ဒီလိုပဲ သွားဝယ်စားတာပဲ”

“ဟာ–နေ့ခင်းက အကောင်ကြီးမျိုးနှင့် တွေ့နေဦးမယ်။ ငါသွားဝယ်မယ်။ နင်ဒီနေရာမှာနေခဲ့၊နင်မသွားရဘူး”ဟု စိုးရိမ်တကြီးနှင့် ဟန့်လိုက်ပြီးလျှင် သူကိုယ်တိုင်သွားဝယ်ရန် ပုဆိုးကို ထရင်းပြင်ဝတ်လိုက်သောအခါ မယ်သုံတွင် ကျေကျေနပ်နပ်ကြီး ပြုံးမိလေ၏။ မိမိအား စိတ်မချနိုင်တော့သော မောင်ပေါက်စီအား အစ်ကိုကြီးသဖွယ် ကျေးဇူးတင်မိလေ၏။ အားကိုးမိလေ၏။ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။ “ငါ့ကို သူ တကယ် စိတ်မချလို့ စောင့်ရှောက်ရှာတယ် နော်” ဟူသောတွေးလုံးနှင့် မျက်လုံးကလေးနှစ်လုံးစလုံး ကြည်လင်တောက်ပလာလေ၏။ လူစော်ကား လူသရမ်း

ကားတွေ၏ ဘေးမှာ ခုခံကာကွယ်မည့်သူတစ်ယောက် ပေါ်ပေါက်လာချေပြီ ဟု အားတက်မိလေ၏။

"ကဲ– ဒါဖြင့် အစ်ကိုကြီး ပိုက်ဆံယူသွားလေ၊ နောက်ပြီးတော့လဲ ဒီကို တည့်တည့်မတ်မတ်ပြန်လာခဲ့သိလား၊ မပြန်တတ်ဘဲ ဝေ့လည်ကြောင်ပတ်ဖြစ်နေဦးမယ်"

"အောင်မာ နင်က ငါ့ကို အရူးမှတ်လို့လား"

"ဟဲ ဟဲ ဟဲအစ်ကိုကြီးကို အရူးလို့ မမှတ်ပါဘူး' ဟု အိတ်ထဲမှ တောင်းရသမျှသော ပိုက်ဆံအကြွေတို့ကို ထုတ်သွန်လိုက်သောအခါ မောင်ပေါက်စီတွင် အတော် အံ့အားသင့်သွားလေ၏။ အကြောင်းကား မုံ့စေ့ ပဲစေ့ ကြေးပြားတို့မှာ ငါးကျပ်ဖိုးထက် မနည်းသည်ကို ခန့်မှန်းနိုင်လေ၏။

"ဟဲ့ နင့်ပိုက်ဆံတွေကလဲ များလှချည်လား"

"ဒီလိုပဲ အစ်ကိုကြီး၊ ဒါတွေကြောင့် မြန်မာပြည်မှာ သူတောင်းစားတွေပေါနေတာပေါ့။ နာမည်သာဆိုးတာ၊ ဒီအလုပ်လောက် ပိုက်ဆံရတာ ဘယ်ရှိဦးမလဲ။ သို့ပေမဲ့ ဒါတွေကို အစိုးရကသိရင် လိုင်စင်များ ဆောင်နေရဦးမလား မပြောတတ်ဘူး" ဟု ပြောရင်းက ငွေမတ်စေ့ကလေး လေးစေ့ပေးလိုက်သောကြောင့်–

"ဘာတွေဝယ်ခဲ့ရမှာလဲ"

"အစ်ကိုကြီးစားချင်ရာသာဝယ်ခဲ့ပါ။ တစ်နေ့လုံး အဆင်းရဲခံရတာတွေ အိမ်ကျမှ အရသာရှိတာ စားကြရတာ" ဟုဆိုသဖြင့် မောင်ပေါက်စီတွင် ဘာမျှပြန်မပြောနိုင်တော့ဘဲ တရုတ်ဆိုင်ရှိရာသို့ ထွက်ခဲ့ရလေ၏။

ဘဲကင်၊ ဝက်ခေါက်ကင်၊ ဆယ့်နှစ်မျိုးကြော် စသည်တို့ကို စိတ်ကူးရရာ ဝယ်ပြီး မိမိ၏ဘဝကိုလည်း တွေးရင်း ပြန်ခဲ့လေ

ရာ မယ်သုံတို့ ရပ်ကွက်သို့ ရောက်မှန်းမသိ ထမင်းထုပ်ကလေး များဆွဲကာ ရောက်ခဲ့သည်တွင် တဲဝ၌ထိုင်နေသော မယ်သုံကို တွေ့ရခြင်းအတွက် အံ့အားသင့်သွားလေသည်။ ယခုမြင်ရသော မယ်သုံကား မြို့ထဲတွင် ပိုက်ဆံလိုက်တောင်းနေသော သူတောင်းစားမ မယ်သုံ မဟုတ်တော့ဘဲ အရပ်သူနှင့်ခွဲခြား၍ မရအောင် တသွေးတမွေး ဖြီးလိမ်းဝတ်ဆင်ထားသော မယ်သုံ ဖြစ်နေလေသည်။

တိုဘရယ်ကို အစိမ်းနုလုံချည်ကလေးနှင့် ခြေဆုံး ခေါင်းဆုံး သနပ်ခါးလိမ်းထားသော အသားကလေးမှာ ကြည့်ရသူ၏ မျက်စိတွင် ကြည်လင်အေးမြစေလေသည်။ ဆံပင်မှာလည်း ဖိုးရို့ဖားယား ကျိုးကန်းသိုက်ကဲ့သို့မဟုတ်ဘဲ နောက်တွဲတစ်ပတ်လျှို ထုံးထားသောကြောင့် တစ်ကိုယ်လုံး ဖျတ်ဖျတ် လတ်လတ်ဖြစ်နေလေသည်။

"ဟဲ့–မယ်သုံ ငါ လူများမှားလို့"

"အို–အစ်ကိုကြီးကလဲ၊ ကဲ– ထမင်းမစားခင် ရေကလေး များ ချိုးပါဦး။ နောက်ပြီး အဝတ်အစားကလေး ဘာလေး လဲရအောင်"

"အေး–အဝတ်တစ်ထည် ကိုယ်တစ်ခု လူကို အဝတ်လဲရ မယ်လို့"မယ်သုံသည် ပြုံးပြုံးရွှင်ရွှင်နှင့် ရွှေကျိုးလုံချည်၊ ရှပ်အင်္ကျီ အသစ်များကို ထုတ်၍ပြလေ၏။

"အို–ဒါတွေက ဘယ်ကဟာတွေလဲ။ နင့်ဥစ္စာတွေက အသစ်တွေပါလား"ဟု အထည်များကိုတစ်လှည့်၊ မယ်သုံ၏ ပြုံးနေသော မျက်နှာကို တစ်လှည့် ဝမ်းသာအားရ ကြည့်နေသောကြောင့်–

"ကျွန်မ အခုန သွားဝယ်လိုက်တာပေါ့ အစ်ကိုကြီးရဲ့"

"မြန် မြန် လွန်းလှချည်လား"

"ကျွန်မတို့ကို ရောင်းတဲ့အိမ် ဒီအနားမှာပဲ ရှိတာကိုး၊ ကဲပါ ရေသာချိုးပါ" မောင်နှမအဖြစ် နှစ်ဦးသဘောတူ ကတိစာချုပ်ထားသော မောင်ပေါက်စီနှင့်မယ်သုံတို့က ဆူဆူညံညံ ပြောဆို လျက် ထမင်းလက်ဆုံကို ဦးစွာ ပထမ စားလိုက်ကြလေသည်။

"အစ်ကိုကြီးအိပ်ရင် ဟောဒီမှာအိပ်နော်။ ကျွန်မ ဟို အခန်းထဲမှာ အိပ်မယ်" ဟု မောင်ပေါက်စီအတွက် ဘုရားညောင်ရေအိုးအောက် ခေါင်းရင်းဘက်ကို လက်ညှိုးထိုးပြ၍ မိမိအတွက် နီးကြောဖျာကာထားသော အခန်းကလေးကို မေးငေါ့ပြောလိုက်သောကြောင့်–

"အေးပါဟာ၊ ဘယ်နေရာ အိပ်ရ အိပ်ရ နင်နဲ့နေရတာ ငါ့စိတ်ထဲမှာ ဝမ်းသာသလိုလို ပျော်သလိုလို ဖြစ်နေတာမို့ ကျေနပ်ပါပြီ"

"အခုတော့ ပြောရဦးမှာပဲ၊ နောက်ကျမှ ထွက်သွားမှာ"

"အံမယ်၊ငါလား၊ နန်းရင်းဝန်ရာထူးကို လာပေးတောင် ငါလက်ခံမှာ မဟုတ်ဘူး။ ဒီအိမ်က ဘယ်မှ မသွားတော့ဘူး။ အော်– ဒါနဲ့ နင်ယောကျ်ားမယူသေးဘူးနော်"

"အို–အစ်ကိုကြဖါးကလဲ ကပ်သီးကပ်သတ်"

"အေးလေ၊ လိုချင်ရင်လဲ ငါ့ပြောလို့ ပြောမလို့ပါဟာ။ ဟာ– ဒါနဲ့ နေပါဦး ငါ့ကိုဘာဖြစ်လို့မွေးစားရတာလဲ"

"အစ်ကိုကြီးက ဘယ်လိုထင်လို့လဲ၊ ကျွန်မငယ်ငယ်က အစ်ကိုကြီး တစ်ယောက်ရှိတယ်။ သူလဲ အစ်ကိုကြီးလို စိတ် နည်းနည်း နောက်နေတာ"ဟု မယ်သုံစကားမဆုံးမီ–

"ဟော့–တော်တော် နင်ငါ့ကိုအရူးလို့ဆိုပြန်ပြီ"ဟု စကား

မပြောတော့ဘဲ စိတ်ကောက်နေသောကြောင့် ဤတွင်မှ စကားစ ပြတ်သွားကာ မယ်သုံလည်း အိပ်ရာတွင်းသို့ ဝင်သွားလေ၏။ မကြာမီ မယ်သုံ၏ ဘုရားရှိခိုးသံ၊ ငါးပါးသီလ ခံယူသံ၊ မင်္ဂလသုတ် ရွတ်သံ၊ ဘုရားဂုဏ်တော်စသည်တို့ကို ရွတ်သံတို့နှင့်တကွ နောက် ဆုံး မေတ္တာပို့ အမျှအတမ်းဝေသံတို့ကို ကြားရပြီးသည့်နောက် မောင်ပေါက်စီ၏ဟောက်သံသည် တဲအိမ်ကလေး တစ်အိမ်လုံး လွှမ်းမိုးသွားလေ၏။

*

အချိန်အဘယ်မျှကြာသွားသည်မသိရ၊ မိမိကိုယ်ပေါ်တွင် အင့်ခနဲ နေသွားအောင် လေးလံသော ကိုယ်တစ်ကိုယ် ရောက်လာခြင်း အတွက် မယ်သုံသည် ထိတ်လန့်တကြား မျက်စိဖွင့်ကြည့်မိလေရာ ဤတွင်မှ မျက်လုံးမျက်ဆံပြူး သွားတော့လေ၏။ မိမိထမင်းကျွေး ၍ ခေါ်လာခဲ့သော မောင်ပေါက်စီကား ပြုံးပြုံးကြီးလုပ်၍ မိမိ၏ မျက်နှာပေါ်မှ သနပ်ခါးများကို ငုံ့ကာငုံ့ကာ ရှူရှိုက်နေသည်။

“ကြည့်စမ်း၊ကြည့်စမ်း ရှင်ဘယ်လိုလုပ်တာလဲ”ဟု မိမိ က အတင်းရုန်းထမည် ကြံသော်လည်း မထနိုင်လောက်အောင် ဖိထားပြီး ဖြစ်လေသည်။

သူကား ဘာမျှမပြော။ ပြုံးမြဲပြုံး၍ နောက်တစ်ချက် ငုံ့ နမ်းလိုက်သေးသည်။

“ရှင် ကျေးဇူးရှင်ကို ကျေးစွပ်တာလား”

“ကျေးဇူးရှင်ကို ကျေးစွပ်တယ်ဆိုတာက ဖျက်လို ဖျက် ဆီး အကျိုးယုတ်အောင် ကြံတာမှ ကျေးစွပ်တယ်ခေါ်တာပါ မယ် သုံရဲ့”ဟု အားရပါးရ လေးလေးပင်ပင်ကြီး ပြောပြနေလေသည်။

"အခုလဲ ဘာထူးသေးသလဲ၊ ကျွန်မကို အတင်း ရှင်လုပ်တာ၊ မတရားကြံတာမဟုတ်ဘူးလား။ ကျွန်မအလိုမတူဘဲ ရှင်ရက်စက်ရင်"

"အခုဟာက ကိုယ်တကယ်ချစ်လို့ ကြံတာပဲ။ ကျုပ်မယ်သုံကို ချစ်နေပြီ။ မနေနိုင်တော့ဘူး။ ဒါကြောင့် ဒီလိုစွန့်ရတာ၊ ဖျက်လို ဖျက်ဆီး လုပ်တာမှမဟုတ်ဘဲ မတရား မခေါ်နိုင်ပါဘူး"

"ဖျက်လို ဖျက်ဆီးမလုပ်ဘူးဆိုပေမဲ့ ကျွန်မမှ ရှင့်အလို မတူဘဲ"

"ဒါ အခုခဏကလေးပြောတာပါ။ တော်ကြာ မင်းပါ အလိုတူလာမှာပါ"ဟု အေးစက်စက်ကြီးပြောရာက မယ်သုံ၏ သုံးဆယ့်နှစ် ကောဋ္ဌာသကို ခားပြဲတိုက်မည့် နိဒါန်းပျိုးလာသောကြောင့်–

"အို–ကျွန်မကို ဒီလို နိုင်ထက်စီးနင်းမလုပ်ပါနဲ့ဦး၊ရှင့်ကို တော်တော်ကြာအလိုတူလာမှာပဲလို့ ရှင်ကဘာဖြစ်လို့ ပြောနိုင်တာတုန်း။ ရှင့်ကို ဒီက သနားလို့ ထမင်းကျွေးပြီး ခိုကိုးရာ ရပါစေတော့လို့ ခေါ်လာတာ အခုတော့ လင်လုပ်ဖို့ခေါ်လာသလို ဖြစ်နေပြီ"

"အိုကွယ်၊ မင်းထမင်းကျွေးတာ ခေအလာတာတွေဟာ သနားလို့ လို့ ပြောတယ်မဟုတ်လား၊ အဲဒါတွေဟာ မင်းငါ့ကို ချစ်နေတဲ့ သက်သေခံတွေပါ။ မဟုတ်ဘူးလား၊ မင်းကို ငါမြင်မြင်ချင်း ချစ်သလို ငါ့ကိုလဲ မင်း မြင်မြင်ချင်းချစ်လို့သာပေါ့။ နို့'မဟုတ်ရင် ဘာမှ မတော်တဲ့ သူစိမ်းယောကျ်ားကြီးတစ်ယောက်ကို ဘာဖြစ်လို့ ခေါ်လာရသတုန်း၊ ကဲလေ–ပြောစမ်း ပြောစမ်း" ဟု သူ့ရင်ခွင် ပူပူနွေးနွေးကြီးအထဲ၌ မယ်သုံအား လိမ့်လိမ့်လုံ့လုံ့ဖြစ်အောင် ကလူကျီစယ် ပြုလိုက်လေရာ ထိုအရသာကို မယ်သုံ၏

အရွတ္တသန္တာန် အတွင်းဗီဇစိတ်က နှစ်ခြိုက် လိုလားသည် မှန်သော်လည်း အနာပေါ်တုတ်ကျ ယားနာမှ ကုတ်မိသလို မချိအောင်ကောင်းပါလျက် ခတ်မြက်မြက် ဖြစ်အောင် ခံလိုက်ရသည်နှင့်မခြားမှန်ရာကို ဘွင်းဘွင်းဖွင့်ပြောမိသော မိမိ၏ မေတ္တာစိတ်ကို ရှက်စနိုးသေးသောကြောင့်–

"ဟုတ်တယ်၊ ရှင့်ကို ကြိုက်လို့ပိုးပြီးပင့်လာခဲ့တာ။ ဖယ်ဖယ်၊ လာလာချင်း ဆောက်နဲ့ထွင်းတဲ့လူကြီး။ ရှင့်ကိုသနားလို့ကျွေးတဲ့ စေတနာဟာ ပိုးတယ် ပန်းတယ်လို့ အပြောခံရတာသိပ်ရှက်စရာ ကောင်းတယ်။ ကျုပ်ကို လင်ငတ်မ အောက်မေ့လို့ ရှင်ဒီလို ပက်ပက်စက်စက် ကြံ့တာပေါ့။ သွား သွား၊ ရှင်အခု ကျွန်မအိမ်ကထွက်သွား" ဟုအတင်းရန်း၍ ပစ်ပစ်ခါခါ ပြောဆို မောင်းမဲလိုက်သောအခါ မောင်ပေါက်စီတွင် မျက်နှာပျက်သွားလျက်တကယ့်ဒေါသဖြစ်နေသော မယ်သုံ၏ မျက်နှာကို ကြည့်ကာ အနားမှ ထလိုက်ပြီးနောက်–

"ငါ့စိတ်ကတော့ နင့်ကို တကယ်ချစ်တာမို့ ဒီလို လာမိတာပါပဲ မယ်သုံရယ်။ နင်က ဒီလိုပြောမှပဲ ငါ့ကို နင် မချစ်နိုင်မှန်းသိရတော့ ငါလုပ်မိသမျှဟာတွေ တောင်းပန်ပါတယ်။ နင့်သြဇာအတိုင်း ငါလဲ ထွက်သွားရတော့မှာပေါ့ကွယ်။ နင့်အိမ်ပေကိုး"ဟုဝမ်းနည်းပန်းနည်း ပြောဆို၍ ခေါင်းကြီးငိုက်စိုက်ချကာ ထွက်သွားသောအခါတွင်ကား မယ်သုံတွင် စိတ်တာမျိုးဖြစ်ရင်း ကျန်ရစ်ခဲ့ရာက အိမ်ပေါက်ဝက အထွက်တွင် ဗိုင်းခနဲ လဲသွားသော မောင်ပေါက်စီကို မြင်လိုက်ရသောအခါ စိတ်မထိန်းနိုင်တော့ဘဲ "အမယ်လေးတော်"ဟု ပါးစပ်မှ လွတ်ထွက်သွားပြီးလျှင် မယ်သုံ၏တစ်ကိုယ်လုံးမှာလည်း သွက်သွက်ခါအောင် တုန်လှုပ်သွားလေ

၏။ အိပ်ရာထဲမှ မယ်သုံ ကမန်းကတန်း ထလိုက်သောအခါ တစ်အိမ်လုံးတွင် မှောင်နှင့်မည်းမည်းသာ ဖြစ်နေလျက် အိမ်ရှေ့ခန်းက မောင်ပေါက်စီကလည်း တခေါခေါနှင့် ဟောက်လျက်ပင် ဖြစ်နေသောအခါမှ မယ်သုံမှာ မိမိအိပ်မက်ကို မိမိပြန်စဉ်းစားမိလေ၏။

ထို့ကြောင့် ဖယောင်းတိုင်တစ်တိုင်ကို ထွန်းကာ မိမိကိုယ်ခန္ဓာကလေးကို ပြန်၍ကြည့်မိလေ၏။ ဝတ်အိပ်သော အင်္ကျီကြေနွမ်းနေသည်ကိုပင် မျက်ခွံကလေးမှေးပြီး စဉ်းစားရင်း ကြက်သီးထမိလျက် တခေါခေါဟောက်နေသော မောင်ပေါက်စီအား သွား၍ အကဲခတ်ရန် ထွက်လာခဲ့မိလေ၏။

မယ်သုံအပြင်ခန်းသို့ရောက်၍ မောင်ပေါက်စီ၏ အနားသို့ တဖြည်းဖြည်းကပ်သွားသောအခါ အိပ်မက်ထဲက အပြောအဆိုအပြုအမူများကား မယ်သုံ၏နှလုံးသားကို တဒိတ်ဒိတ် တုန်လှုပ်စေလေ၏။ သို့သော် မောင်ပေါက်စီကား လောကကြီးတွင် အပူအပင် အကြောင့်ကြဟူသမျှ မသိတတ်သေးသော ကလေးဆိုးကြီးကဲ့သို့ ပေါင်နှစ်ဖက်ကြားတွင် လက်ချင်းယှက်လျက် ဒူးနှစ်ချောင်းပုနေအောင် ကွေးကာ လေးလေးကြီး အသက်ရှူလျက် ရှိရှာလေသည်။ ယောကျ်ားပီသသိမ်မွေ့သော မျက်နှာကြီးသည် အိပ်မက်ထဲတွင် မိမိအား အတင်းချစ်သော ဗလက္ကာယမှုကြောင့် ကြောက်ရွံ့စရာကြီးလို ထင်မိလေ၏။ ထို့ကြောင့် သူ့အနားမှ ခြေဖျားထောက်၍ ထွက်ခဲ့ပြီးလျှင် အိပ်ရာသို့ ဝင်ခဲ့ရသော်လည်း တော်တော်နှင့် အိပ်မပျော်တော့ချေ။

မိမိ တစ်ကိုယ်တည်း နေလာခဲ့သော ဌာနေသို့ လူစိမ်းယောကျ်ား တစ်ယောက်ကို ခေါ်ဆောင်လာပြီး အတူတကွနေကြပါ

မည်ဟူသော ပြဌာန်းချက်ကို အံ့ဩမိလေ၏။ မိန်းမချင်း ခေါ်ခဲ့သလို အလွယ်တကူခေါ်ခဲ့သည်ကိုလည်း မိမိကိုယ်မိမိ နားမလည်နိုင်အောင် ဖြစ်လာလေ၏။

မိမိဘုရားရှိခိုးပြီးကာစ အိပ်မပျော်မီ ကာလပတ်လုံး သူစိမ်း ယောကျ်ားတစ်ယောက် မိမိ၏ ပိုင်နက်အတွင်းသို့ တမင်တကာ ပင့်ဖိတ်အိပ်စေခြင်းဖြင့် မိမိကိုယ်မိမိ မလုံနိုင်သော စိတ်ထားမျိုး အလျှိုအလျှို ပေါ်ပေါက်ခဲ့လေရာ "သူငါ့ကို ဒီအထဲအတင်းဝင်ပြီး စော်ကားရင် ဘယ်နှယ့်လုပ်မလဲ။ ငါ သူ့'ကိုခေါ်လာခဲ့သည်မှာ အတင့်ရဲလွန်းလှသည်။ ငါအိပ်ပျော်မှ အနုကြမ်းစီးရအောင် မရိုးတဲ့ အကြံနဲ့ အိမ်အရောက်လိမ်ပြီး လိုက်လာတဲ့ တဏှာရူးများ ဖြစ်နေသလား" ဟူသော အတွေးမျိုးကို တွေးမိလျက်သစ်တုံးမှန်း မိချောင်းမှန်း သိရအောင် အိပ်ချင်ယောင်ဆောင်၍ နေ,နေရာမှ အတန်ကြာသော် မိမိတကယ် အိပ်ပျော်သွားပြီးလျှင် အထက်က အိပ်မက်ကို မက်သူဖြစ်ခြင်းကြောင့် မိမိတစ်ယောက်တည်း ပြုံးမိလေ၏။

"ငါထင်သလို မဟုတ်ရှာပါဘူး။ သိပ်သနားစရာကောင်းတဲ့ လူကြီးဒုက္ခိတပါ။ ငါ့ကို သူခင်တွယ်နေရှာတာ သက်သက်ပါပဲ။ တကယ်လို့ ငါ့ကိုချစ်တဲ့အကြောင်း ကျေနပ်အောင် တောင်းပန်တဲ့အထိ တောင်းပန်ရင်တောင် ငါက ပြန်ချစ်ဖို့ ကောင်းမလား" စသည်ဖြင့် မဆီမဆိုင်တွေကိုပင် မယ်သုံ၌ တွေးနေမိလေ၏။

စင်စစ် မယ်သုံအား သူ၏ဘဝတန်းတူ လူပျိုလူရွယ် အိမ်နီးချင်း ရွာသားချင်းက ဖျပ်ဖျပ်လူးအောင် ကြိုက်ကြ၊ပိုးကြ၊လာ၍ပြောကြသော်လည်း မယ်သုံကိုယ်တိုင်က သူတောင်းစား မျိုးရိုးမဟုတ်၊ အကြောင်းမလှ၍သာ ဖြစ်ခဲ့ရသော အာဂန္တုဘဝမျိုး ဖြစ်

သဖြင့် ထိုသတ္တဝါနှင့်တန်သည်ဟု လားလားမျှမထင်ခဲ့ချေ။ သို့သော် ရဟန္တာလည်း မဟုတ်၊ အရုပ်ကလေးလည်း မဟုတ်သော မယ်သုံ၏ ခန္ဓာကိုယ်တွင် အချစ်တည်းဟူသော ဓမ္မတာ သဘာဝက ပိုးမျိုး ရှစ်ဆယ်တို့နှင့်အတူ ထကြွလာသောအခါကား ချစ်သူခင်သူ တစ်ယောက် ထားရှိလိုသော အာသာဆန္ဒသည် မင်းစိုးရာဇာ သူဌေးသူကြွယ်တို့၏ သမီးများနှင့် အလားတူ တောင့်တတပ်မက်ရပြန်လေသည်။

အချစ်ဆိုသော အချစ်ကား မရဏာသန္ဓ သေမင်းကြီး ကဲ့သို့ တစ်စိတ်တစ်ဒေသအားဖြင့် လောကဓာတ်ကြီးကို ကြိုးဆွဲ နေသူဖြစ်လေရာ ထိုမင်းသမီးမင်းသား အရုပ်ကလေးများ၌ သူဌေး သူကြွယ်၏ သားသမီး၊ သူတောင်းစား စဏ္ဍာလ၏ သားသမီးဟူ၍ လည်း ငါတကော ကော၍ မရ၊ ကြီးရင့်သည] ငယ်ရွယ်သည်၊ အရုပ်ဆိုးသည် ချောမွေ့သည် ဟုလည်း မာနထား၍မရ၊ သူကြိုးဆွဲ သလို က,ကြရသောကြောင့် သူတောင်းစားမကလေး မယ်သုံတွင် အချစ်ကြိုးဆွဲရာသို့ သူများနည်းတူ က,ပြချင်သည့်တိုင် မင်းသား လုပ်မည့်သူ ရှာမတွေ့သေး၍သာ မက,နိုင်ရှာခြင်း ဖြစ်နေရာတွင် လူကောင်း သူကောင်း ဆိုကလည်း မိမိအား မေတ္တာမရှိနိုင်ကြ၊ မေတ္တာရှိကြသော ခွက်ကိုင် တုတ်ဆွဲတစ်ရပ်တည်းနေသူများကို လည်း မနှစ်သက်နိုင်သဖြင့် ခပ်မှိုင်မှိုင်နေခဲ့ရရှာလေသည်။

*

နောက်တစ်နေ့ နံနက်မိုးလင်းသောအခါ မောင်ပေါက်စီကား ညဉ့်ဦးကတည်းက ဗျာပါဒ သောကမရှိဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်

လိုက်ရခြင်းကြောင့် စောစောကြီးနိုးခဲ့သော်လည်း မယ်သုံမှာ အိပ်ရာမှ မထနိုင်သေးသဖြင့်–

"မယ်သုံ––မယ်သုံ" ဟု မောင်ပေါက်စီက နှိုးကြောထရံကို ပုတ်၍နှိုးရလေသည်။ ဤတွင်မှ မယ်သုံနိုး၍ မျက်နှာသစ်ရပြီး ထွက်ခဲ့၍–

"အစ်ကိုကြီး အစောကြီးနိုးနေသလား"ဟု မောင်ပေါက်စီ၏ မျက်နှာကို မရဲတရဲ ကိုယ့်လိပ်ပြာ ကိုယ်ခပ်ရှက်ရှက်နှင့် မေးလိုက်သောကြောင့်–

"အေးပေါ့၊ ငါညက အိပ်တော့ နင်ဘုရားရှိခိုးတောင် မဆုံးသေးဘူး။ ဒီလိုနှစ်နှစ်ခြိုက်ခြိုက်မှ မအိပ်ခဲ့ရသေးဘဲကိုး၊ ဒီတော့ ခေါင်းချတာနဲ့ တစ်ပြိုင်နက် ပျော်သွားတာပေါ့။ ကဲလေ မြို့ထဲလျှောက် ပိုက်ဆံတောင်းကြရမယ် မဟုတ်လား။ သွားကြပါ စို့ ဟိုဘက်အိမ်က သားအမိတွေတောင် ထွက်သွားကုန်ကြပြီ"

"ဟင်–အစ်ကိုကြီးလိုက်လို့ ဘယ်ဖြစ်လိမ့်မလဲ"

"ဘာဖြစ်လို့"

"သန်သန်မာမာ ယောကျ်ားကြီးတစ်ယောက်လုံးလိုက်နေရင် ဘယ်ပိုက်ဆံထည့်ချင်ကြမလဲ။ ဒါကြောင့် တချို့တလေ ကလေးလေးတွေကို အငှားခေါ်ကြရတာပေါ့။ ကျွန်မမှ သူတို့ကို မခေါ်ချင်လို့မခေါ်တာ" ဟုပြောရင်း အေးအတူပူအမျှ သဘောထားသော မောင်ပေါက်စီအား စိတ်ရင်းကို နှစ်သက်ကြည်ညိုမိကာ ကြည့်မိလေ၏။ သို့သော် မောင်ပေါက်စီတွင် ကျေနပ်ဟန်မရှိဘဲ "နင့်တစ်ယောက်တည်း သွားလို့ မနေ့က အကောင်ကြီးနဲ့ တွေ့နေတော့ မခက်ဘူးလား။ ငါစိတ်မချပါဘူးဟာ။ ငါပါ လိုက်မှဖြစ်မှာပါ"

"စိတ်ချပါ အစ်ကိုကြီးရဲ့၊ ဘုန်းကြီးလမ်းကို ဝင်မတောင်းရသေးပါဘူး။ ဒီကနေ့ ဒီအပိုင်းဆို နောက်တစ်နေ့ ဒီပြင်အပိုင်း ပြောင်းတောင်းရတာပေါ့။ အစ်ကိုကြီး အိမ်ကသာ စောင့်နေရစ်ပါ"

"ဒီပြင်အပိုင်းကော ဒီသတ္တဝါမျိုးတွေ ရှိတာပဲ။ တချို့ ကုလားတွေလဲ ဒီလိုပဲ"

"အို–ဒါတွေကို ကျွန်မ မကြောက်ပါဘူး။ ကျွန်မအခန်းထဲက ကျွန်းသေတ္တာကြီးထဲမှာ ပိုက်ဆံတွေလဲ အကုန်ထည့်ပစ်ခဲ့မယ်။ အစ်ကိုကြီး သုံးချင်ရာသုံး၊ ဝယ်စားချင်ရာ စားပြီး အေးအေးနေရစ်ခဲ့ပါ။ ကျွန်မ အစောကြီးပြန်လာပါ့မယ်" ဟု ဇွတ်ပြောမှ အလျှော့ပေးကာ–

"အေးလေ၊ ငါကတော့ စိတ်မချလို့ပြောတာ နင်က မလိုက်နဲ့ဆိုလဲ နေရစ်ခဲ့ရုံပေါ့။ ဒါပေမဲ့ မြန်မြန်ပြန်လာဟေ့။ ငါ တစ်ယောက်တည်း ပျင်းနေမှာ" ဟု မျက်နှာငယ်နှင့် ပြောရှာသည့်အတွက်–

"စိတ်ချ စိတ်ချ၊ ကျွန်မစောစောပြန်ခဲ့မယ်" ပြောကာ ညကဝတ်ဒိပ်သောအကျီလုံချည်တို့ကို အဝတ်နွမ်းများဖြင့် လဲလှယ်ရင်း–

"အစ်ကိုကြီးလဲ အိမ်ကဘယ်မှမထွက်သွားနဲ့နော်။ ရှိသမျှ ပိုက်ဆံတွေ ဟိုသေတ္တာထဲထည့်ထားခဲ့တာတော်တော်ကြာ"

"အေးပါ၊ တော်တော်ကြာတွေဘာတွေလုပ်မနေပါနဲ့"

"မဟုတ်ဘူး၊ အစ်ကိုကြီးက စိတ်တစ်မျိုးပေါက်ပြီး ထွက်သွားမှာစိုးလို့"

"အံမယ်– ငါအရူးလိုက်လို့"

"အော်–နေဦး၊ ကျွန်မလက်ဖက်ရည် သွားဝယ်လိုက်ဦး

မယ်” မယ်သုံသည် ပြောပြောဆိုဆို ချိုင့်ဟောင်းတစ်လုံးကို ဆွဲ၍ ထွက်သွားလေ၏။ ခဏကလေးကြာ၍ ပြန်လာသောအခါ လက်ဖက်ရည် သာမက နံပြားနှင့်ပဲပြုတ်အထုပ်များပါ ပါလာပြီးလျှင် နှစ်ယောက်သား စားသောက်ကြပြီးမှ–

“အစ်ကိုကြီး ကျွန်မသွားမယ်နော်၊ အော်– မေ့နေလို့၊ ရော့ အစ်ကိုကြီးဖို့ ဂိုးဖလိပ် စီးကရက်ဘူး။ မနက်စာ ထမင်းတော့ ခေါင်းရွက်သည် မိန်းမ လာရောင်းလိမ့်မယ် ဝယ်စား၊ ညစာကျရင် ကျွန်မ ဝယ်လာခဲ့မယ်” ဟု ပြောဆိုမှာကြားခဲ့ပြီးမှ တယောပြားကလေး ကြိုးညှိကာ ထွက်ခဲ့လေရာ ခါတိုင်းခါတိုင်း ထွက်ခဲ့ရသည်နှင့်မတူ။ ဤ တစ်ခါကား ကျောင်းတက်ပျင်းရိသော ကလေးငယ်ကဲ့သို့ ဖြစ်နေတော့လေသည်။

မောင်ပေါက်စီကလည်း အိမ်နှင့်အတော် ခပ်လှမ်းလှမ်းရောက်အောင် လိုက်ပို့ရှာလေသည်။

ထိုနေ့တစ်နေ့လုံး တစ်လမ်းဝင် တစ်လမ်းထွက်နှင့် လုပ်ရသော မယ်သုံ၏ စိတ်သည် ခါတိုင်းကဲ့သို့ မဟုတ်တော့ဘဲ အိမ်တွင်ကျန်ရစ်သည့် မောင်ပေါက်စီကိုပင် စိတ်တထင့်ထင့်နှင့် ကလေးကိုမိခင်က စိတ်မချသလို မချနိုင်အောင် ရှိနေခြင်းကြောင့် သီချင်းဆိုရာတွင်လည်း စိတ်မပါ၊ တယောထိုးရာ၌လည်း လက်မပါ ဖြစ်နေရှာလေသည်။ ထို့ကြောင့်လည်း ခါတိုင်းရနေသလောက် ပိုက်ဆံမရနိုင်သည်ကိုပင် အချိန်ကုန်အောင်မနေဘဲ ရသလောက်နှင့် တင်းတိမ်ကာ စားစရာသောက်စရာနှင့်တကွ ညနေစောင်းသည်နှင့် ပြန်ခဲ့သည်တွင် အိမ်ပေါက်ဝက မျှော်နေ၍ မိမိကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဝမ်းပမ်းတသာ ပြေးလာသောမောင်ပေါက်စီကို တွေ့လိုက်ရမှ တစ်မျိုးတစ်ဖုံ စိတ်အေးသွားပေတော့သည်။

မောင်ပေါက်စီ၌လည်း ဈေးရောင်းကပြန်လာသော မိခင်ကြီးအား ပြေး၍ကြိုဆိုသော အိမ်စောင့်ကလေးငယ် ကလေးသဏ္ဌာန် မယ်သုံအား ကိုယ်ထိလက်ရောက် ဆွဲကိုင်တော့မလောက်ရွှင်ရွှင်မြူးမြူး ဖြစ်နေပြီးလျှင်–

"ငါ့ဟာ ပျင်းလိုက်တာမှ ဝီခေါ်နေတာပဲ" ဟု ဆီး၍ပြောရာလေသည်။ တို့နောက် မယ်သုံ၏ ပြုံးနေသော မျက်နှာကလေးကိုကြည့်လိုက်ကာ–

"နင်– မနေ့က အကောင်ကြီးနဲ့မတွေ့ခဲ့ဘူးနော်၊ ဟုတ်လား"

"အို–အစ်ကိုကြီးကလဲ ဘယ့်နှယ်လုပ်ပြီး တွေ့မလဲ၊ ကျွန်မသွားတာက တစ်နေရာပါ" ဟုဆိုမှ–

"အင်း– ကောင်းပါလေ့ဗျာ"ဟု သက်မကြီး ချရှာလေသည်။

"အစ်ကိုကြီးကော အိမ်က ဘယ်မှမသွားဘူးနော်"

"ငါ နင့်စကား နားထောင်ပါတယ်ဟ၊ ဘယ်ဆို ဘယ်မှမသွားဘူး"

မယ်သုံရေမိုးချိုးအဝတ်စားလဲပြီးသော် နှစ်ယောက် သားထမင်းစား၍ ယနေ့ရခဲ့သမျှသော ပိုက်ဆံတို့ကို မောင်ပေါက်စီအားအပ်ရှာလေသည်။

"အစ်ကိုကြီး ဒီကနေ့ ဘာစားရသေးသလဲ"

"ငါ ဘာမှ မစားချင်ဘူး။ စီးကရက်သောက်နေတာပဲ။ ငါဖြင့်လေ ဘာမှ မစားရ စားရ နင်နဲ့နေရတာ သိပ်ပျော်တာပဲ။ နင်ကော မပျော်ဘူးလား မယ်သုံ"

"အပျော်သားပဲ။ အစ်ကိုကြီးပျော်တာက ခဏထင်ပါရဲ့။

တော်တော်ကြာ ငါပျင်းပြီဆိုပြီး ထွက်သွားရင်တော့ ကျွန်မ တစ်ယောက်တည်း ပျင်းကျန်ရစ်မှာ ကြောက်တယ်”

“ငါတော့ နင်ကနှင်မချသရွေ့ ဘယ်မှမသွားတော့ဘူး”

“ဪ–ဒါနဲ့ အစ်ကိုကြီး ကျွန်မနဲ့တွေ့စက ဆိုတဲ့ ဂုဏ်ရည်မတူလို့လား ဆိုတဲ့ သီချင်းကို ဆိုပြစမ်းပါဦး အစ်ကိုကြီးရဲ့။ ကျွန်မမှာ ကြုံလေဘုံပွဲဆိုတဲ့ပတ်ပျိုးကလေးတစ်ခုပဲ ကောင်းကောင်းရတယ်။ အခု ဒီသီချင်းက ခေတ်စားနေတာမို့ အဲဒါနဲ့ဆိုတောင်းရင် သိပ်ရမှာ”ဟု မယ်သုံက လမ်းတွင်ကြားခဲ့ရသော ခေတ်ပြားကို အမှတ်ရ၍ ပြောသဖြင့် မောင်ပေါက်စီတွင် ပြုံးစိစိဖြစ်နေသည်မှတစ်ပါး ဘာမှ မထူးသောကြောင့်–

“လုပ်ပါ အစ်ကိုကြီးရဲ့၊ ကျွန်မ တက်ယူချင်လို့ပါ”

“ဟာ– ရုက်စရာကြီး စာနဲ့တက်ယူပါတော့”

“အံမာ မောင်နှမချင်းပဲ ရုက်ရသေးသလား။ ကျွန်မမှ စာမတတ်ဘဲ”

“မောင်နှမချင်းပေမဲ့ အဟိ အဟိ”

“ကျွန်မကို မချစ်လို့ မဆိုတာပေါ့လေ”

“ကဲ–ကဲ ဆိုမယ် ဆိုမယ်” ဟု ရုက်ကိုးရုက်ကန်းနှင့် ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ–

“တကယ် မေတ္တာစစ်နဲ့ ချစ်ရဲ့သားနဲ့” ဟု အစလိုက်တွင်–

“နေပါဦး အစ်ကိုကြီးရဲ့၊ ခုနစ်သံချီမဟုတ်လား”

“ခုနစ်သံချီလား၊ ရှစ်သံချီလားမသိဘူး။ ငါရသလောက်ဆိုပြမှာပဲ”

“ကဲ ကဲ ဆိုပါ။ ကျွန်မတစ်ပိုဒ်ချင်း လိုက်ဆိုပါ့မယ်”

"တကယ်မေတ္တာစစ်နဲ့ ချစ်ရက်သားနဲ့ ပစ်ပယ်တော်မူ အားတယ်" ဟုအသံတိုင်ပေးလိုက်သည်ကို မယ်သုံကလည်း တယောလက်ပေါက်ကလေးတွေကို စမ်းတဝါးဝါးနှင့် လိုက်ဖမ်းရင်း "တကယ်မေတ္တာစစ်နဲ့ ချစ်ရက်သားနဲ့ ပစ်ပယ်တော်မူ အားတယ်" ဟု နှုတ်ကပါ သံယောင်လိုက်ဆိုရလေ၏။

"အထင်တော်လွဲလို့ကွယ်"

"အထင်တော်လွဲလို့ကွယ်"

"ချစ်တဲ့သူရယ် ခွဲနိုင်ရှာရက်တယ်"

"ချစ်တဲ့သူရယ် ခွဲနိုင်ရှာရက်တယ်"

"မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား"

"မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား"

"ရွှေစပယ်ဖြူ ပန်ချင်သူကများတယ် မသနားဘဲ ရက်စက်တယ်"

"ရွှေစပယ်ဖြူ ပန်ချင်သူကများတယ် မသနားဘဲ ရက်စက်တယ်"

*

နေ့နှင့်ညတို့သည် လိုက်တမ်းပြေးတမ်းကစားနေကြသလို တစ်ရက်ပြီးတစ်ရက် အဆက်ဆက်ကုန်လွန်လာခဲ့ကြလေရာ မယ်သုံတွင်မိမိတဝမ်း တခါးမှလွဲ၍ လောကအဝှန်း၌ မောင်ပေါက်စီ တစ်ယောက်ကိုသာ စေတနာသဒ္ဒါတရား ထားရမည့်သူရှိသကဲ့သို့ မိမိ၏အတိတ်ကာလအဖို့ကို အမှတ်မရအောင် ဦးနှောက် ပျက်စီးနေရှာသော မောင်ပေါက်စီ၌လည်း လောကတစ်ခွင်တွင် ကျွေးမွေးပြုစုစောင့်ရှောက်မည့်သူ ဟူ၍ သူတောင်းစားမကလေး မယ်သုံမှတစ်ပါး အခြားမှီခိုအားကိုးစရာ မရှိတော့သဖြင့် မယ်သုံကိုသာလျှင်

ခင်မင်စွဲလမ်း၍ သူနှင့်ပင် အသက်တမ်းကုန်ဆုံးအောင် နေသွားတော့မလို ထင်ကြရလေ၏။

သူတို့၏ဘဝကား လူ့ပြည်၏ာရသာကို အကုန်အစင် ခံစား စံစားကြရလေသည်။ ပကာသနဂုဏ်ကိစ္စဆိုသည်တို့သာလျှင် လူအပေါင်းတို့အား မာန်မာန လောဘ ဒေါသတို့ဖြင့် အငြိမ်မနေနိုင်အောင် ပူလောင်ပင်ပန်းသော ဗာဟိရဝေယျာဝစ္စတို့ဖြင့် ဆင်းရဲနှိပ်စက်တတ်ကြလေရာ သူတို့တွင်ကား ဂုဏ်တည်းဟူသော ပယောဂကို ကောင်းစွာနိုင်နင်းအောင်မြင်နေကြပြီဖြစ်သောကြောင့် ညမနက်ထမင်း သူများနည်းတူစားကြရပြီးသည့်နောက် ချစ်ခင်သူနှစ်ယောက် မျက်နှာချင်းဆိုင်ပြီးလျှင် တယောပြားကလေးနှင့် အပျင်းဖြေနေကြရသည်မှာပင် မဟာသုခ ကေဂ္ဂတာစျာန်ဝင်စားနေရသည်နှင့် မခြား ပီတိဖြစ်ကြရလေသည်။ တစ်နေ့တစ်ဂါထာနှင့် မဟာသမယ တစ်သုတ်လုံးကုန်ရသကဲ့သို့ မောင်ပေါက်စီက စိတ်ရှည်လက်ရှည် နှုတ်တက်ချပေးသောကြောင့် မယ်သုံ အလွန်တောင့်တသော ဂုဏ်မြင့်သူသီချင်း တစ်ပုဒ်လုံး ကျင်လည်စွာတီး နိုင်ဆိုနိုင်ဖြစ်လာသောအခါ မောင်ပေါက်စီတွင်သာမက အိမ်နီးနားးချင်းတွေပါ ဝိုင်းလာ၍ နားထောင်ရလောက်အောင် မယ်သုံ၏ အသံကလေးနှင့် တပ်မက်ငြိတွယ်စေတော့၏။

"မယ်သုံ–ညည်း ဒီသီချင်းနဲ့သာဆိုရင် မကြာခင် သူဌေးဖြစ်မှာပဲ။ နားထောင်လို့ သိပ်ကောင်းတာပဲ။ အငြိမ့်တို့ အသံထွက်ဘိုင်စကုတ်တို့က မင်းသမီးမြှောက်ရအောင် လာခေါ်ကြမှာပဲ"ဟု ထင်မြင်ချက်ပေးကြလေသည်။

"ကျုပ် ဘာမှ မလုပ်ချင်လို့ပေါ့တော်။ နို့မဟုတ်ရင် မင်းသမီး ဖြစ်နေတာကြာပြီ။ ခဏ ခဏ ဒီလိုပဲလာခေါ်နေကြတာ"ဟု

မယ်သုံက ပြန်ပြောသောအခါ အရိပ်ကြည့်နေသလို မျက်တောင်မခတ်ဘဲ ကြည့်နေသော မောင်ပေါက်စီက–

“အောင်မာ– ဘာမှမလုပ်ရဘူးဟော့။ နင်ဒီလိုပိုက်ဆံလိုက်တောင်းနေတာတောင် လွန်လှပြီ။ ငါလုပ်ကျွေးနိုင်တဲ့ တစ်နေ့ကျရင် နင်ဒီလိုမတောင်းရတော့ဘူး”ဟု ဒေါနှင့် မောနှင့် ပြောသောအခါ အိမ်နီးချင်းများပါ အကြောင်းသိဖြစ်နေသော ထိုမောင်နှမအား တစ်ယောက်တစ်ပြန်ကြည့်ရင်း ပြုံးမိကြလေသည်။ အချင်းချင်း မေးငေါ့၍ သူတို့၏ချစ်ပုံကို စိတ်ကြည်နူးစွာ ချီးမွမ်းကြလေသည်။

တစ်နေ့ကား မယ်သုံတွင် ခေါင်းကိုက်လာသောကြောင့် ရန်ကုန်အလယ်ပိုင်းမှ အလုပ်ကို ပိုင်းဖြတ်ပြီးလျှင် သုံးနာရီမှ မထိုးမီ ပြန်လာခဲ့လေရာ မိမိတို့ရွာကလေးအတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် စိုပျော့သော လမ်းပေါ်တွင် မော်တော်ကား ဘီးရာများ ရှုပ်ရှက်ခတ်အောင် တွေ့ရခြင်းကြောင့် မိမိတို့ရွာကလေးအတွင်းသို့ မဝင်စဖူး ဝင်လာသော မော်တော်ကားအတွက် အံ့သြမိပြီးလျှင် မတွေးတတ်အောင်ဖြစ်နေရာက တဖြည်းဖြည်းနှင့် အိမ်နားသို့ နီးလာသောအခါ မူမမှန်သော အိမ်နီးချင်းတို့ကို မြင်လိုက်ရခြင်း ဖြင့် မည်သည့်အကြောင်းဟူ၍ တပ်အပ်မသိရသေးခင် ရင်ဝ၌ဒိတ် ခနဲ တက်ဆောင့်လေ၏။

မိမိလာသည်ကို အသီးသီးဝိုင်းကြည့်နေကြသော မျက်လုံးများကား စိုးရိမ်ခြင်း၊ သနားခြင်း၊ အဖြေရကျပ်ခြင်းတို့ဖြင့် အဓိပ္ပာယ်ပေါက်နေမည်ကို မယ်သုံ၌ ကောင်းစွာ ရိပ်စားမိလေသည်။ ထို့ကြောင့် မည်သူ့ကိုမှရပ်၍မေးမနေအားသေးဘဲ မောင်ပေါက်စီကို တွေ့ရန်သာ အိမ်ကလေးပေါ်သို့ တက်ခဲ့မိလေ၏။ တဲအိမ်

အတွင်းကား မောင်ပေါက်စီကို မတွေ့ရတော့ချေ။ အနီး ပတ်ဝန်းကျင်သို့ လှမ်းမျှော်လိုက်သောအခါလည်း အရိပ်အယောင်မျှ မမြင်ရ။ ဤတွင် လူတစ်ကိုယ်လုံး ထူပူသွားအောင် တုန်လှုပ်မိလေ၏။

အိမ်နီးချင်းတို့ကား မယ်သုံက သွား၍ မမေးရမီ မယ်သုံ ရှိရာသို့ ဝိုင်းလာကြလေသည်။ မယ်သုံကား သားပျောက်သော သမင်မကဲ့သို့ အစိုးရိမ်လွန်နေတော့လေ၏။

"မအိ–အစ်ကိုကြီးတစ်ယောက်ကော မမြင်မိဘူးလား"ဟု အသံတွေတုန်ရင်း မေးသောအခါ မအိမည်ခံမိန်းမကား မယ်သုံကို သနားသလိုကြည့်နေလေ၏။

"မနက်အစောကြီးကတည်းက မော်တော်ကားနဲ့ လူတစ်ယောက် လာခေါ်သွားတယ် မယ်သုံရဲ့"ဟုခပ်ဆိုင်းဆိုင်း ဖြေလိုက်သောအခါ–

"ဘာ–မော်တော်ကားနဲ့ လူတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်"

"နေပါဦး၊ ဘယ်လိုမော်တော်ကားလဲ။ လူကဘယ်လိုလူလဲ။ ရဲလား၊ သူကကော ဘာမှ မှာမသွားဘူးလားရှင်"ဟု ငိုတော့မလိုဖြစ်လာ၏။

"ဘာမှ– မှာမသွားပါဘူးကွယ်။ ပြုံးပြုံးရွှင်ရွှင်နဲ့ လိုက်သွားတာပဲ။ အစကတော့ သူတစ်ယောက်တည်း အင်္ကျီကိုယ်တုံးလုံးနဲ့ လမ်းထိပ်ဘက်ကိုထွက်သွားတယ်။ နောက်တော့ မော်တော်ကားတစ်စီး ကတ်သီးကတ်သပ်နဲ့ ဝင်လာတာတွေ့လို့ ကြည့်လိုက်တော့ လူခပ်ရွယ်ရွယ် သားသားနားနား တစ်ယောက်နဲ့ သူနဲ့ စီး လာတာ တွေ့တာပဲ။ သူလဲကားပေါ်က ဆင်းပြီး အင်္ကျီ အဝတ် အစားလဲ ပြန်တက်စီးလိုက်သွားတာပဲ" ဟု မအိက အဖြေတွင် မယ်သုံ၌ လေးနက်စွာ စဉ်းစားတွေးတော နေလေ၏။

အိမ်နီးချင်းများပြန်သွားသောအခါမှ သူ့အဝတ်အစား နှင့် အိပ်ရာနေရာတို့ကို ဂရုထား၍ ကြည့်မိလေသည်။ လက်ရာ ခြေရာလည်း မပျက်။ ထို့နောက်တစ်ဖန် မိမိအိပ်ရာခေါင်းရင်းရှိ ကျွန်းသေတ္တာကို ဖွင့်ကြည့်မိပြန်လေ၏။ ဘာမျှမထူးခြား။

မောင်ပေါက်စီနှင့်,နေကြစဉ်က "သူ ငါ့မျက်စိအောက်က ပျောက်သွားရင် ငါဘယ်လိုဖြစ်မလဲ"ဟု တွေး၍လည်း မကြည့်မိခဲ့။ ဤမျှလည်းထူးခြားလိမ့်မည်မထင်။ သို့သော်ယခုကား မနေတတ် မတိုင်တတ်အောင် ဖြစ်ရကြောင်း ကိုယ်တွေ့ တွေ့ရ သိရသော ကြောင့် ဝမ်းနည်းပန်းနည်းဖြစ်လာလေ၏။

"ဧကန္တသူ့ဆွေမျိုးတွေနဲ့ တွေ့သွားတာနဲ့တူတယ်။ သူစိတ် နောက်ပြီး ထွက်လာလို့ သူ့ဆွေမျိုးတွေဒေါင်းတောက်အောင် ရှာနေ ကြတာနဲ့တူတယ်။ အခုတော့ တွေ့သွားပြီ။ ငါနဲ့ကွဲကြပြီ ကွဲကြပြီ။ ငါသူ့ကိုသနားရတာ ချစ်ရတာ သံယောဇဉ်အစိုင်အခဲကြဖြ်း ဖြစ်နေ လို့ ငါသာပူရတယ်။ သူကတော့ ကောင်းရာမွန်ရာပြန်ရောက်ရလို့ ငါ့ကို သတိတောင်ရတော့မှာမဟုတ်ဘူး။ အာဂန္တု အာဂန္တု ခဏ လာသွားတဲ့ အာဂန္တုကြီး"ဟု တွေးရာက ဝမ်းနည်းသော မျက်ရည် ပူတို့သည် ပါးပြင်သို့ တစ်လိမ့်နှစ်လိမ့် လိမ့်၍ဆင်းကြကုန်၏။

ထို့ကြောင့် အိပ်ရာထဲ၌ပင် ခွေ၍မိမိ၏စိတ်ကိုမိမိ စဉ်း စားနေသည့်အတွင်း ဆာရမှန်းမသိဘဲ ညနေစောင်း၍ လာသော အခါ–

"မယ်သုံရေ–မယ်သုံ– မယ်သုံ"ဟု ဝမ်းသာအားရ ခေါ် ကာ အိမ်ပေါ်သို့ တက်လာသော မောင်ပေါက်စီ၏အသံကို ကြား လိုက်ရသောကြောင့် ဖြုန်းခနဲ ထထိုင်မိလေ၏။ ပူပန်ဆင်းရဲသော စိတ်တို့သည်လည်း ဝုန်းခနဲကွဲ၍ ကြက်ပျောက်ငှက်ပျောက် ပျောက်

ကုန်လေ၏။ သို့သော် တစ်ခဏချင်း စဉ်းစားပြန်သည်ကား "အခု မှ ငါ့ကို လာနှုတ်ဆက်တာဖြစ်မှာပဲ။ ဒီလိုဆိုရင် နှုတ်မဆက်ဘဲ မနက်က ထွက်သွားတာကမှ ကောင်းလိမ့်ဦးမယ်။ သက်သက် ငါ့ကို ဝမ်းနည်း ပက်လက် ကျန်ရစ်ခဲ့ရအောင် ခွဲကာနီး နှုတ်ဆက် တာပဲ" ဟု ဖြုန်းခနဲ ဝမ်းသာမိသောစိတ်တို့မှာ လေလွင့်၍ ကုန်ပြန် သောကြောင့် ငြိမ်နေလိုက်လေ၏။

"မယ်သုံရေ– ဟေမယ်သုံ၊ အခုထက်ထိ မရောက်သေး ဘူးထင်တယ်" ဟု တစ်ကိုယ်တည်း ညည်းသလို ညည်းနေပြီးမှ–

"ဟာ–တယောလေးတောင် ချိတ်ထားပြီဥစ္စာ"ဟု ပြော ပြောဆိုဆို အခန်းတွင်းသို့ အရောက်ဝင်လာပြီးနောက် ခွေနေသည် ကို တွေ့ရသဖြင့်–

"အောင်မာ– လက်စသတ်တော့ အိပ်နေတာကို မယ်သုံ" ဟု အနားကကပ်၍ ထိုင်ချလိုက်သည့်အတွက် မျက်ရည်ခပ်ဝဲဝဲနှင့် လှည့်ကြည့်လိုက်သည်တွင် စက္ကူအိတ်တွေ နှစ်ခုသုံးခုနှင့် အားပါး တရ ပြုံးနေသော မောင်ပေါက်စီကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်–

"သွားသွား အစ်ကိုကြီး။ အစ်ကိုကြီးပစ္စည်းတွေလဲမလို ချင်ဘူး။ လာပြီးတော့လဲ နှုတ်ဆက်မနေနဲ့တော့" ဟု ဗွတ်နှင်နေ သည့်အခိုက်–

"မဟုတ်ပါဘူး။ ဒီမှာကြည့်ပါဦး။ ငါပြောစမ်းပါရစေဦး"

"အို–ကျွန်မသိပြီးပါပြီလေ၊ အစ်ကိုကြီးကောင်းရာမွန်ရာ ပြန်ရောက်တာကို ကျွန်မ ဝမ်းသာပါတယ်။ ကျွန်မကို လာပေးမှ ကျေနပ်မှာ မဟုတ်ပါဘူး။ ကျေးဇူးမှန်းသိပြီး ငါ့ကို သူတောင်းစား မကလေးက အခင်ရှာသားပဲလို့ မှတ်ရင် ကျေးဇူးတင်လှပါပြီ"

"ဟဲ့ ဘာတွေလျှောက်ပြောနေတာလဲ မယ်သုံရဲ့"

"ဘာတွေ လျှောက်ပြောရမှာလဲ၊ အစ်ကိုကြီးအိမ်ကို အစ်ကိုကြီး ပြန်တော့မယ်မဟုတ်လား။ ဒါကြောင့် စားကျွေးသောက်ကျွေးတွေကို လာဆပ်ရင်း နှုတ်ဆက်"

"ဟောဗျ၊ ငါနားမလည်တဲ့စကားတွေ လျှောက်ပြောနေပြန်ပါပြီ"

"အစ်ကိုကြီး ဆွေမျိုးတွေနဲ့ တွေ့လို့ မော်တော်ကားနဲ့ လာခေါ်သွားတယ်မဟုတ်ဘူးလား"ဟု မယ်သုံက ထထိုင်၍ ရန်တွေ့သလို ပြောလိုက်သောအခါ–

"ဘယ်ကဆွေမျိုးရမှာလဲ၊ ငါလဲဘယ်မှမသွားဘူး။ မနက်က ခေါ်သွားတာက ပန်းချီဆရာပါ။ ငါပြောပါဦးမယ်။ နားထောင်စမ်းပါဦး"

မောင်ပေါက်စီက ဟန့်တားလိုက်မှ မယ်သုံတွင် မောင်ပေါက်စီ၏ မျက်နှာကို ကြည့်ရင်းက စက္ကူထုပ်များကို ကြည့်မိပြန်လေ၏။

"ကဲ...ပြောစမ်းပါဦး"

"ဒီလို ခင်ဗျရေ့၊ မနက်က ဂိုးဖလိပ်စီးကရက် လိုချင်တာနဲ့ အကျိတောင်မပါဘူး။ လမ်းထိပ်က ကာကာဆိုင် ထွက်သွားတာ ဟိုမှာ လက်ဖက်ရည်ထိုင်သောက်နေတဲ့ လူတစ်ယောက်က ခင်ဗျားကိုယ်လုံး တယ်လှတယ်။ ကျုပ်ပန်းချီပုံတူ ဆွဲရအောင် လိုက်မလားတဲ့။ တစ်နေ့ ငွေတစ်ဆယ်ပေးမယ်တဲ့။ ဒီတော့ ငါက ခင်ဗျားကို ကျုပ်က ဘာလုပ်ပေးရမှာလဲလို့ မေးတော့၊ ဘာမှမလုပ်ရဘူး ပုဆိုးခါးတောင်းကျိုက်ပြီး သူကြိုက်တဲ့ ကိုယ်နေဟန်နေပြရမယ်တဲ့။ ဒီတော့ ငါလဲ သက်သက်သာသာနဲ့ တစ်နေ့ ငွေ

တစ်ဆယ် ရမှာမို့ လိုက်သွားတာပေါ့။ ဟောကြည့်စမ်း ဒီမှာ”ဟု ပြောပြောဆိုဆို စက္ကူအိတ်တွေထဲမှ ပစ္စည်းများကို ထုတ်ပြလိုက်သောအခါ ဦးဆင်သူဌေးတိုက်မှ အချောစား သရက်ထည် လုံချည်နှစ်ထည်၊ မှိုင်းဝေဝေပေါင်ဒါတစ်ဘူး၊ မှိုင်းဝေဝေ အလှရည် တစ်ပုလင်း၊ ဂျူးပက်ခေါ် နောက်ဆုံးပေါ်သော ဇာဘော်လီ ပုံဆန်းကလေးတွေက သုံးထည်ဖြစ်နေသောကြောင့်–

“ကြည့်စမ်း ကြည့်စမ်း၊ ဒါတွေက ဘာလုပ်ဖို့လဲ”ဟု ဝမ်းသာသော အရိပ်အယောင်က မယ်သုံ၏ မျက်လုံးကလေး အစုံတွင် တပြောင်ပြောင် တလက်လက် ဖြစ်နေသဖြင့်–

“ဘာလုပ်ရမလဲဗျာ၊ ခင်ဗျားဖို့ပေါ့”

“အောင်မာလေး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးဖို့ဆိုတော့ဘာ တစ်ခုမှမဝယ်”

““အို–နင့်ပိုက်ဆံတွေနဲ့ ငါ့ထမင်းလဲ ကျွေးထားပြီး၊ လုံချည် အင်္ကျီလဲ ဝယ်ပေးပြီ။ ငါ့ပိုက်ဆံနဲ့ နင့်ကို ဝယ်ပေးချင်နေတာကြာလှပြီ။ အခုမှ ဝယ်ပေးဖြစ်လို့ ဟဲ ဟဲ ဝမ်းသာသကွာ”

မယ်သုံသည် အကျေနပ်ကြီး ကျေနပ်သော မောင်ပေါက်စီ၏၏ မျက်နှာကိုငေးကြည့်နေမိလေ၏။ သူ့ခများ၏ အတွင်းစိတ်ဓာတ်ကို သိရသောကြောင့် တရိုတသေ ယုယုယယ သူဝယ်ပေးသော ပစ္စည်းများကို ရင်ဘုရင်မွေးနေ့တွင်ရသော ကေအက်စ်အမ်ဘွဲ့တံဆိပ်တမျှ မြတ်နိုးမိလေ၏။ ထို့ကြောင့် သစ်လွင်တောက်ပသော မှိုင်းဝေဝေပေါင်ဒါဘူးကလေးကို အသာအယာဖွင့်၍ သင်းပျံ့သော ရနံ့ကလေးကို နှာခေါင်းနှင့် အားရပါးရ ရှူမိလေ၏။

“အစ်ကိုကြီးရယ်– ဒီပေါင်ဒါတွေက သူဌေးသမီးတွေ အရာရှိသမီးတွေမှ သုံးနိုင်တဲ့ အဖိုးတန်တွေပါ။ ကျွန်မတို့နဲ့ မတန်ပါဘူး”ဟု မျက်နှာငယ်နှင့် ပြန်ပြောလိုက်သဖြင့်–

"အောင်မာ–သူတို့သုံးတာနဲ့ တို့မသုံးရတော့ဘူးတဲ့လား။ သူတို့လဲ ကောင်းလို့သုံးတယ်။ တို့လဲ ကောင်းလို့သုံးတာပေါ့။ ဖွင့်စမ်း ဖွင့်စမ်း လိမ်းကြည့်စမ်းပါ။ နင့်အသားကလေးနဲ့ဆိုရင် ငါရွေးလာခဲ့တဲ့ ရွှေဒင်္ဂါးရောင်ကလေးနဲ့ သိပ်ကိုက်မှာ"ဟု အငြိမ် မနေနိုင်တော့ဘဲ ဖင်တကြွကြွ ဖြစ်နေသောကြောင့်–

"အို–အစ်ကိုကြီးကလဲ ဘာဖြစ်လို့ အလိမ်းခိုင်းရတာလဲ"

"မွှေးအောင်လို့ လှအောင်လို့ပေါ့ဟ"

"လှတော့လဲ မထူးပါဘူး မယ်သုံ မယ်သုံပါပဲ"

မောင်ပေါက်စီကား မယ်သုံ၏ အဖြေစကားကြောင့် မျက်နှာကို အားမလို အားမရကြည့်နေလေရာ မယ်သုံကလည်း မောင်ပေါက်စီ၏ မျက်နှာကို ရွှန်းရွှန်းစားစားကြီး ကြည့်နေကြခြင်းဖြင့် နှစ်ဦးစလုံး တိတ်ဆိတ်ငြိမ်သက်နေကြသော်လည်း အတွင်းစိတ်များမှာမူကား ရင်တဒိတ်ဒိတ်ခုန်နေကြလေ၏။ ဘူးဖွင့်ပြီးစ မှိုင်းဝေဝေပေါင်ဒါနံ့ကလေးကား သူတို့နှစ်ဦးကြားတွင် နှစ်သိမ်ဖြေဖျော်နေအောင် စွမ်းဆောင်လျက် ရှိတော့လေ၏။

ဤသို့ အတန်ကြီးကြာအောင် ငြိမ်နေရာက မောင်ပေါက်စီက မယ်သုံ၏ ကိုယ်လုံးကလေးကို ဘာမပြော ညာမပြော မြောက်ပါလာအောင် ပွေ့ယူလိုက်ပြီးလျှင် ရှုံ့ခနဲနမ်းပစ်လိုက်လေ၏။ မယ်သုံတွင် ရုတ်တရက် ဖြစ်ခြင်းဖြင့် ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်ရုံမှတစ်ပါး ဘာမျှ မကာကွယ်လိုက်မိချေ။ မောင်ပေါက်စီ၏ လုပ်ပုံမှာ သူများလို နိဒါန်းလည်းမပျိုး၊ အရိုးခံနှင့်လည်း မစ၊ နှုတ်က မပွင့်ခင် ပိုင်စိုးပိုင်နင်း ရဲတင်းလှသောကြောင့် အသည်းနှလုံးကလီစာပါမကျန် ဒိုင်းခနဲ ဖြစ်သွားလေ၏။ ပြီးမှ သူ့ရင်ခွင်ထဲက အားယူ၍ ထရင်း–

"ဘယ်နှယ်လုပ်လိုက်တာလဲ အစ်ကိုကြီး"ဟု ငိုသံပါနှင့် မေးမိလေရာ

"အေး–ဘာဖြစ်သွားမှန်းတောင် မသိလိုက်ဘူး။ ငါနမ်းမိလိုက်တယ် ထင်ပါရဲ့။ နင်စိတ်ဆိုးသွားသလားဟင် မယ်သုံ၊ ငါ့ကိုပြန် မချစ်နိုင်ဘူးလား။ ငါတော့ ဒီနေ့ သိပ်ဖောက်ပြန်တာပဲ၊ ငါ့စိတ် ငါမနိုင်တော့ဘူး"ဟု ရိုးရိုးကြီး ဖွင့်ပြောရာလေ၏။

မယ်သုံကား အင်းမလုပ်, အဲမလုပ် ငုတ်တုတ်ကြီးထိုင်ပြီး ငိုင်နေတော့လေ၏။ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်းတို့သည် မိုးခေါင်သလို ခြောက်သွေ့နေသော မယ်သုံ၏ ဟဒယအိမ်အတွင်း၌ အကြောက်အကန် လွန်ဆွဲနေကြလေ၏။

"ငါကျွေးထားရတဲ့ အကောင်က ငါ့ကိုပြန်စော်ကားတာပဲလို့ စိတ်ဆိုးနေသလား မယ်သုံ။ နင်ငါ့ကို စိတ်ဆိုးရင်လဲ ဖွင့်ပြောပါကွာ၊ ငါတခြားနေရာ ထွက်သွားပါတော့မယ်"ဟု ပြောလိုက်သောအခါတွင်မူ ယနေ့ပင် သူထွက်သွား၍ ခံရသောဒုက္ခကို သတိရသဖြင့် ထိုဒုက္ခကို ဒုတိယမ္ပိ ခံစားရမှာ ကြောက်ရွံ့သလို ဖြစ်နေလေ၏။

"အစကတော့ မောင်နှမအရင်းလိုနေပါ့မယ်ဆို"

"အေး–ငါပြောမိတယ် မယ်သုံ"

"အခုတစ်ခါ ဒီလိုချစ်ရဦးမယ်ဆိုတော့ အပြောင်းအလဲက မြန်လွန်းလှချည်လား အစ်ကိုကြီးရဲ့"ဟု နှုတ်ခမ်းပါးနားတုန်ရီစွာ ပြန်ပြောလိုက်သဖြင့်–

"ဟော့–မယ်သုံ၊ ဒါတော့ အစ်ကိုကြီးပြောမယ်၊ မင်းလဲ သင်္ခါရ၊ ငါလဲသင်္ခါရ၊ ဒီတော့ မင်းနဲ့ငါနဲ့ပြောကြတာလဲ သင်္ခါရပေါ့လကွာ၊ ဟဲဟဲဟဲ"

"အစ်ကိုကြီးပြောသလိုဖြင့် နောက်လဲသင်္ခါရ ဖြစ်လာပြန်တော့ မယ်သုံသေဖို့သာ ရှိတော့မှာပေါ့"

"အေး–ဟုတ်တယ်၊ ငါ့နှမပြောတာဟုတ်တယ်၊ နေပါဦး ဒီလိုဆိုတော့ ငါဘယ့်နှယ်ပြန်ပြီး ငါ့စကားပြဿနာဖြေရပါ့"ဟု အတန်ကြီးကြာအောင် ငိုင်သွားပြီးမှ ဖြုန်းခနဲ သတိရ၍ တစ်ကိုယ်လုံး ဟန်ပြင်လိုက်ပြီးလျှင်–

"ဟဲ့–လူသင်္ခါရက ပြန်ငယ်လို့ရတော့တာမှ မဟုတ်ဘဲ၊ တဖြည်းဖြည်းကြီးသထက် အိုသထက်အိုရာက သေသွားသလို ပေါ့၊ ငါ့အချစ်သင်္ခါရဟာလဲ အဟီး ကြီးသထက်ကြီးလာပြီ လူသေမှသေလိုက်မယ့် အချစ်ပေါ့လဟာ၊ ကဲ–ကျေနပ်ပလား"ဟု ထမင်းအားပါးတရ စားရသကဲ့သို့ မောင်ပေါက်စီ၏ အားရပါးရ ပြောလိုက်သောအခါ ယခင်မိုးခေါင်၍ မယ်သုံ၏ ဟဒယအိမ်ထဲ အကြောက်အကန်အနိုင်အထက် လွန်ဆွဲနေကြသော လွန်ပွဲသည်ကား ဝမ်းနည်းခြင်းကို အပြတ်အသတ် နိုင်လိုက်ပြီ ဖြစ်သောကြောင့် မေတ္တာကရုဏာမိုးတွေ ထစ်ချုန်းရွာသွန်းလိုက်ခြင်းဖြင့် တစ်ကိုယ်လုံး ရွှန်းစိုသွားတော့၏။

ထို့ကြောင့် စိတ်နောက်သို့ကိုယ်ပါပြီးလျှင် ချစ်စရာကောင်းလာသည်ဟုထင်ရသော မောင်ပေါက်စီ၏ မေးဖျားကြီးကို အားရပါးရ ဆွဲလိမ်ရင်း–

"အစ်ကိုကြီး တယ်တတ်နိုင်ပါလား"

"အို–ဒါက လုပ်ပြောရတာမှ မဟုတ်ဘဲကိုးဟ၊ ကဲပါ ဘယ့်နှယ်လဲ"

"ဘာ ဘယ့်နှယ်လဲ လဲ"

"ငါ့ကို ချစ်ရဲ့လားလို့"

“လူကိုဆွဲနမ်းပြီးမှ မမေးနဲ့၊ ကလေးတစ်ယောက် မျက်နှာမြင်ပြီးမှ မေးပါတော့လား”ဟု ခပ်ပြုံးပြုံး ပြန်ဖြေလိုက်သည်နှင့် တစ်ပြိုင်နက် “နိပ်ကွ”ဟု ထခုန်လိုက်ပြီးလျှင် မယ်သုံအနားမှ ကပျာကယာ ထသွား၍ အိမ်ရှေ့ခန်းရှိ သူ့အိပ်ရာလိပ်ကြီးကို ဖိုသီဖတ်သီနှင့် ယူခဲ့ရာက–

“ကဲ–စကားလဲသင်္ခါရ၊ လူလဲသင်္ခါရဆိုတော့ အိပ်ရာပါသင်္ခါရဖြစ်ကရောလေကွာ”ဟု မယ်သုံ၏ သင်ဖြူးကလေးအနားတွင် စပ်၍ခင်းနေသဖြင့်–

“နေပါဦး အစ်ကိုကြီးရဲ့၊ မြန်မယ့်မြန်တော့လဲ”ဟု ကြောက်အားလန့်အားနှင့် ဖယ်ပစ်နေသည့်တိုင် မောင်ပေါက်စီကို မနိုင်,နိုင်တော့ဘဲ–

“အိုလကွယ်၊ ဆင်းရဲသားအချင်းချင်း ယူမယ့်လူချင်းကျေနပ်ရင်ပြီးရောပေါ့၊ တို့တစ်တွေ သတင်းစာထဲလဲ ကြေညာဖို့မလိုဘူး၊ ဓာတ်ပုံထည့်လဲ လက်သင့်ခံမှာ မဟုတ်ဘူး၊ မင်္ဂလာဆောင်လဲ ဘယ်သူမှ လာကြမှာ မဟုတ်ဘူး၊ မင်းက ငါ့ချစ်တယ်၊ ငါက မင်းကြိုက်တယ်၊ ဒီတော့ နှစ်ဦးသဘောတူညားမယ်၊ ကဲဘာလိုသေးသလဲ”ဟု စကားဆုံးလျှင် ဆုံးခြင်း ဆန့်ခနဲနေအောင် ပက်လက်ကြီး အိပ်ချလိုက်သောကြောင့် မယ်သုံတွင် “ဟင်း”ခနဲနေအောင် သက်မကြီး တစ်လုံးချလိုက်ရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်တော့ချေ။

ထိုနေ့ညအတွက် ထူးခြားခြင်းကား မယ်သုံ၏ ဘုရားရှိခိုးသံမှာ အစောကြီးပေါ်လာလင့်ကစား မောင်ပေါက်စီ၏ ဟောက်သံမှာမူ ပက်လက် မအိပ်၍လားမသိရ၊ တစ်ညလုံး မကြားရတော့ဘဲ မှိုင်းဝေဝေ ပေါင်ဒါနံ့ကလေးသာလျှင် ကျိုးတိုးကျဲတဲ ကာထား

သော ထံပေါက်က လေပြေကလေးနှင့် တစ်ခန်းလုံးမွှေးထုံ၍ နေရာလေတော့သတည်း။

*

ကျေးငှက်တွေ တွန်ကြလျက် နေရောင်ခြည် ကွန့်မြူးပြီးလျှင် လောကဓာတ်ကြီးတစ်ခုလုံး လူးလွန့်၍ လာကြကုန်လေ၏။

ဆတ်ခနဲ အိပ်ရာက နိုးလိုက်သည်နှင့်တစ်ပြိုင်နက် မောင်ပေါက်စီသည် အနားတွင် အတူယှဉ်၍ အိပ်နေသော မယ်သုံအား အိပ်ရာမှ ပျောက်ကွယ်သွားမည်ကို စိုးရိမ်တကြီးနှင့် ကမန်းကတန်း လှည့်ကြည့်မိလေ၏။ မယ်သုံကား မောင်ပေါက်စီဘက်သို့ ခပ်စောင်းစောင်းကလေး ခွေ၍ အိပ်နေတုန်းပင်။ အထွေးလိုက် ပြေကျနေသော ဆံပင်များနှင့် နဖူးပေါ်တွင် ဝဲနေသော ဆံနုကလေးများသည် အပြစ်ကင်းစင်၍ ချစ်စရာသနားစရာကောင်းသော မျက်နှာကလေးအား ပန်းချီစုတ်ချက် ကန့်ထားသလိုရှိတော့၏။ မှိုင်းဝေဝေပေါင်ဒါသွေးကလေး မပျက်တပျက် ဖြစ်နေသော ပါးမို့ကလေး တစ်ဖက်တစ်ချက်တို့မှာ တစ်တစ်ရစ်ရစ် ဖြစ်နေရှာလေသည်။

မောင်ပေါက်စီသည် ကြည့်ရင်းကြည့်ရင်း အားမလိုအားမရ ဖြစ်လာသောကြောင့် ပါးပေါ်မှ ပေါင်ဒါနံ့ကို အားရပါးရ ငုံ့ရှုိက်လိုပြန်လေ၏။ ဤတွင်မှ မယ်သုံ၏ မျက်တောင်ကော့ကြီးများမှာ ကျောက်တံခါးကြီး ပွင့်လာသကဲ့သို့ ဖြည်းဖြည်းနှင့် လေးလေးပွင့်လာလေ၏။

မိမိ၏မျက်နှာပေါ်၌ ကပ်၍ဝဲနေသော မောင်ပေါက်စီ၏ မျက်နှာ ပြုံးပြုံးကြီးကို မြင်လိုက်ရသောအခါ မျက်နှာပေါ်ကလေး ဖြစ်နေရာက–

“ဟင်–အစ်ကိုကြီး ကျွန်မကိုကြည့်မနေနဲ့”ဟု ခပ်နွဲ့နွဲ့ ပြောရင်း မျက်နှာကလေးကို ဝှက်ထားလိုက်လေ၏။ မောင်ပေါက်စီ၏ နားတွင်း၌ကား ဤစကားကလေးသည်ပင်လျှင် ထန်းလျက်လုည်းကြီး နှစ်စီး ဝင်သွား၍ သကြားနှင့် လဲလှယ်နေသကဲ့သို့ ရှိလေ၏။

“မယ်သုံ ဒီနေ့ လမ်းမထွက်နဲ့တော့နော်”

“အစ်ကိုကြီးလဲ အိမ်က ဘယ်မှမသွားရဘူး”

“အို– ကိုယ်ကတော့ ကုတ်နဲ့ကော်ချတောင် မသွားဘူး”

မိမိဩဇာကို တစ်သဝေမတိမ်း လိုက်နာသော မောင်ပေါက်စီ၏ လည်ပင်းအား မယ်သုံက လှမ်း၍ ဖက်တွယ်လိုက်လေရာ ပျော့နွဲ့သော ခါးကလေးမှာ ကော့တက်၍ လာခြင်းဖြင့် မောင်ပေါက်စီ၏ ညာဘက်လက်က အလိုက်သင့်ပွေ့ယူလိုက်လေသည်။

“အစ်ကိုကြီး”ဟု မယ်သုံက မေးကလေးမော့၍ ခေါ်လိုက်ရာ–

“မယ်သုံ”ဟုထူးရင်း ရင်ခွင်ထဲက ဇနီးအသစ်စက်စက်ကလေးအား ငုံ့၍ နာခံနေလေသည်။ မယ်သုံကားတော်တော်နှင့် စကားမဆက်သေး။

“ပြောလေ ဘာပြောမလို့လဲ”ဟု မောင်ပေါက်စီက ပါးချင်းအပ်လိုက်သောအခါ မယ်သုံ၏ သက်ပြင်းချသံကို ကောင်းကောင်းကြီး ကြားရလေ၏။

“အခုနေ အစ်ကိုကြီး ဆွေမျိုးတွေက တွေ့လို့ အစ်ကိုကြီးကို အတင်းခေါ်သွားကြရင် ဘယ်နှယ်လုပ်မလဲ”ဟု မျက်နှာငယ်နှင့် မေးလိုက်သောအခါ မောင်ပေါက်စီက မျက်မှောင်ကြုတ်၍ အတန်ကြာအောင် စဉ်းစားနေလေသည်။ ပြီးမှ မယ်သုံကို ငုံ့ကြည့်ပြီး–

"ဘယ်ကဆွေမျိုးတွေလဲ မယ်သုံရဲ့"

"အစ်ကိုကြီး ဆွေမျိုးတွေလေ"

"အို–ဘယ်က ဆွေမျိုးရှိရမှာလဲ ဘယ်ဆွေမျိုးမှ မရှိဘူး။ လောကကြီးမှာ ဆွေမျိုးဆိုလို့နင်တစ်ယောက်ပဲရှိတယ်၊ ရည်းစားလဲ နင်တစ်ယောက်ပဲ၊ မယားလဲ နင်တစ်ယောက်ပဲ၊ ဘယ်သူမှ သိလဲ မသိဘူး၊ တွေ့လဲ မတွေ့ချင်ဘူး၊ ဒါတွေပြောမနေပါနဲ့ကွာ၊ ငါစိတ်ရှုပ်ရှုပ်သွားတယ်။ နင်နဲ့နေရတာ အပျော်ဆုံး၊ ငါဘယ်သူနဲ့မှ မနေတော့ဘူး"ဟု ဇွတ်ပြောနေသောကြောင့် ဤတွင်မှ မယ်သုံတွင် စိတ်ချလက်ချ ဖြစ်သွားသည်နှင့် မခြား–

"ကဲ–အစ်ကိုကြီး ကော်ဖီလဲမသောက်ကြရသေးဘူး"

"ကော်ဖီ ကော်ဖီ ဘာသောက်မလဲ၊ အခုလိုနေရတာ ကော်ဖီထက် အရသာရှိသေးတယ်။ နင်ဒီနေ့ လမ်းမထွက်နဲ့တော့နော်၊ တို့မှာ ပိုက်ဆံတွေ အများကြီးရှိသေးတာပဲ၊မရှိတော့မှ ထွက်တောင်းမယ်၊ ပိုက်ဆံမရှိရင် ထိုင်စားနေကြမယ်နော် ဟုတ်လား"

"အစ်ကိုကြီးလဲ လမ်းမထွက်နဲ့တော့ တော်တော်ကြာ အစ်ကိုကြီး အသိတွေနဲ့တွေ့သွားဦးမယ်၊ အရင်က တွေ့သွားလို့ အစ်ကိုကြီး လိုက်သွားရရင် ကိစ္စမရှိဘူး။ အခုတော့မှ မယ်သုံ့လင်ကို ဘယ်သူ့နောက်မှ မထည့်နိုင်တော့ဘူး သိလား"

"အေးပါ၊ ငါသိတယ်၊ ဒါပေမဲ့ ပန်းချီဆရာဆီ သွားရဦးမယ်လေ၊ ညနေကျပြန်လာမှာပေါ့။ မနေ့က မှာလိုက်သေးတယ်"

"အို–မှာလိုက်ပေမဲ့ အစ်ကိုကြီးမသွားရဘူး။ အစ်ကိုကြီး ပိုက်ဆံလဲ ကျွန်မမစားချင်ဘူး။ မယ်သုံရှာကျွေးတာကို အိမ်က အေးအေး ထိုင်စားနေ၊ မယ်သုံ စိတ်ဒုက္ခဖြစ်အောင်သာ မလုပ်နဲ့။ လောကမှာ ဂုဏ်လဲ မလိုချင်ဘူး၊ ပိုက်ဆံလဲ မလိုချင်ဘူး၊ မသေခင်

ကလေး စိတ်ချမ်းချမ်းသာသာနဲ့နေသွားပါရစေ”ဟု ပြောနေသော အသံနှင့် မျက်နှာထားကလေးမှာ ပကတိ သနားစရာ ခင်တွယ်စရာ ငဲ့ညှာစရာ ဖြစ်နေသောကြောင့်–

“မယ်သုံနော် မယ်သုံ၊ သနားစရာကောင်းအောင် ချစ်စရာကောင်းအောင်ပြောတတ် လုပ်တတ်လွန်းလို့ ဟောဒီ ငပေါက်စီ ချစ်လို့အားမရတာ တစ်ပိုင်းသေတော့မတတ် ချစ်ရတာ”ဟု ငှက်ဖျားတက်သောအသံကြီးနှင့် လုပ်ပြောသဖြင့်–

“ကဲ– စောစောစီးစီး ချစ်မနေပါနဲ့ဦး။ ကော်ဖီသောက်ကြပါစို့”ဟု မယ်သုံက ပူဆာမှ ပျင်းတိပျင်းတွဲနှင့် ထကာ ခါးတစ်ချက်ဆန့်ပြီး လက်ကြီးနှစ်ဖက် အပေါ်မြှောက်၍ ခြေဖျားနှစ်ဖက်စလုံး ထောက်ကာ အီခနဲ လေထုတ်လိုက်ပြီးမှ–

“သောက်ရမဗျား သောက်ရမဗျား၊ အစ်ကိုကြီးက ဝယ်တိုက်ရမှာပေါ့။ မယားက စားချင်တယ်ဆိုရင် အ ဗန္ဒသရက်သီးတောင် ရှာကျွေးကြရသေးတာ”ဟု ပြောပြောဆိုဆို သတ္တုချိုင့်ကလေးအား ဂျိုးဂျိုးဂျောင်ဂျောင်မြည်အောင် ဆွဲကာဆင်းသွားသောကြောင့် မောင်ပေါက်စီ၏ တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ကြည့်ရင်း စဉ်းစားခြင်း အတော်မသတ်အောင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာလေ၏။

ယနေ့အဖို့ ငွေသုံးလေးကျပ် စီသော အလုပ်ကို တစ်နေ့အနားယူလိုက်ရလေ၏။ ငြိုငြင်ကြိမ်းဝါးမောင်းမဲမည့်သူ အထက်လူကြီးလည်း မရှိ။ လခဖြတ်မည့် အလုပ်ရှင်လည်းမရှိ။ ထုချေလွှာတောင်းမည့်သူလည်းမရှိသော မယ်သုံ၏အလုပ်မှာ နှစ်ဦးသဘောတူ ဟောလီးဒေးလုပ်ကာ ညားစလင်မယားနှစ်ယောက် မျက်နှာချင်းဆိုင် လှိုင်လှိုင်ကြီး ပီတိငွေ့ကို ခံစားနေကြသည်မှာ အချိန်

ကုန်၍ ကုန်မှန်းမသိ။ လောကကြီးပေါ်ဝယ် သူတို့နှစ်ဦးတည်းသာ ရှိဘိသကဲ့သို့ အချစ်၏ အရသာကို ကမ်းကုန်အောင် သုံးဆောင် ကြည်နူးလျက် ရှိကြလေသည်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အချိန် မည်မျှ ကြာလွန်ခဲ့သည်မသိ။ မော်တော်ကားဟွန်းသံ နှစ်ချက်သုံးချက် ဆက်၍ ပေါ်လာခြင်းသည် လင်မယားနှစ်ယောက်စလုံးအား အမြောက်နှင့် ပစ်နိုးလိုက်သကဲ့သို့ ထင်ရလေ၏။ နှစ်ဦးစလုံး ခေါင်းထောင်၍ ကြည့်လိုက်သောအခါ မော်တော်ကား အစိမ်းပုပ် ရောင်ကလေးကား မယ်သုံ၏ အိမ်ရှေ့တွင်ရပ်လျက် အထဲမှ ဦးထုပ်နှင့် လူတစ်ယောက်ကို တွေ့ရသောကြောင့် မောင်ပေါက်စီ က ကမန်းကတန်း ထပြီး–

"ဟော–ပန်းချီဆရာ လိုက်လာပြီ"ဟု မယ်သုံအား ပြောမိ လေ၏။ မောင်ပေါက်စီထ၍ ထွက်သွားသောအခါ စိတ်မချနိုင် သော မယ်သုံကား ပုဆိုးစကို ဆွဲရင်း နောက်ပါးက မုန့်ပူဆာမည့် ကလေးငယ်မပမာ တွယ်၍ လိုက်ခဲ့လေ၏။

"ဟဲ့လူ–ခင်ဗျား ဘာလို့ မလာတာလဲ"ဟု ပန်းချီဆရာ က အပြစ်တင်ရင်း မော်တော်ကားပေါ်မှ ဆင်း၍ ချောမွေ့သော မယ်သုံအား လှမ်းကြည့်လိုက်လေ၏။

"ကျုပ်–မလာချင်တော့ဘူးဗျာ"ဟု မောင်ပေါက်စီက ကျောင်းပြေးချင်သည့် ကလေးကဲ့သို့ ခပ်ရှောင်ရှောင်ပြောရင်း မယ် သုံကို ငုံ့ကြည့်လိုက်လေ၏။

မယ်သုံကလည်း မောင်ပေါက်စီကို စိတ်မချသကဲ့သို့ မော့ ကြည့်လိုက်ခြင်းဖြင့် လေးလုံးသော မျက်စိတို့မှာ လမ်းတွင်ပင် ဆုံ မိကြလေ၏။

"ဟော– ခင်ဗျားလုပ်တော့မယ်၊ မနေ့တုန်းကတော့ သေသေချာချာ ပြောသွားပြီးတော့"

"မနေ့က ပြောခဲ့ပေမယ့် လူလဲသန်းရ စကားလဲ သန်းရပေါ့လဗျာ"

"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲဗျ၊ ဒီကနေ့ တစ်နေ့တော့ လိုက်ခဲ့ပါဦး၊ ဒီကနေ့ လက်စသတ်ရုံရှိပါတော့တယ်၊ မနေ့က ပိုက်ဆံရတော့ ပေါင်ဒါဘူးဝယ်ပြန်ရမယ်ဆိုပြီး ဝမ်းသာလိုက်တာ ဒီကနေ့တော့ ဝယ်မပေးချင်တော့ဘူးလား"ဟု မယ်သုံကို အကဲခတ်ရင်း ပြောင်နေသဖြင့်–

"ဟာ–ဒီကနေ့တော့ ပိုက်ဆံလဲ မလိုချင်ဘူး၊ ပေါင်ဒါဘူးလဲ မလိုချင်ဘူး၊ ကျုပ်အိပ်ရာတောင် သန်းရလုပ်ပြီးပြီ ခင်ဗျားရဲ့၊ ဒါကြောင့် ကျုပ်အိမ်က တစ်ဖဝါးမှမခွာချင်ဘူး"ဟု ပြော၍ဆုံးသည်နှင့် တစ်ပြိုင်နက် မယ်သုံက ကျိတ်၍ လိမ်လိုက်သည့်အတွက်ကက်တွန့်ခနဲ ဖြစ်သွားလေ၏။ ပန်းချီဆရာကား သူတို့နှစ်ယောက်ဖြစ်နေပုံကို ကြည့်ရင်း ပြုံးမိလေ၏။ သို့သော် မိမိ၏ပန်းချီကား အရေးကြီးနေသောကြောင့် အသီးတစ်ရာ အညှာတစ်ခုနှင့်တူသော မယ်သုံအား ပြုံး၍နှုတ်ဆက်ရင်း–

"ကဲ–ပြောပါဦး မဟတ္တာ၊ ဒီကနေ့ တစ်နေ့တော့ လက်စသတ်ပါရစေဦး၊ သူမလိုက်ရင် ကျုပ်ကားကြီးတစ်ချပ်လုံး ပစ်ရမလိုဖြစ်နေပါပြီ"ဟု တောင်းပန်မှ မယ်သုံတွင်လည်း အားတုံ့အားနာ ရှက်ကိုး ရှက်ကန်းဖြစ်လာပြီးလျှင်–

"ကဲ–ဒီကနေ့ တစ်နေ့တော့ လိုက်သွားချည်ဦးပေါ့၊ မလိုက်လို့ ဘယ်ဖြစ်တော့မလဲ"ဟု မယ်သုံကပြောမှ မယ်သုံ မျက်နှာကို ကြည့်ရင်း ပန်းချီဆရာဘက်သို့ စိတ်မပါ့တပါနှင့် လှမ်းတော့လျက်–

“တယ်ခွကျသဗျာ၊ လူများ မရှိတာထက် မသိတာ အခက်ဆုံးပဲ၊ အေးလေ ခင်ဗျား ပိုက်ဆံမပေးချင်နေ၊ ကျုပ် နေမဝင်ခင် ပြန်မယ်နော်၊ ပြောလိုက်ပါပေရဲ့”ဟု ပါးစပ်က တဗျစ်တောက်တောက် မြည်တမ်းရင်း “ဇနပဒကလျာဏီ”နှင့်ခွဲ၍ မြတ်စွာဘုရားသပိတ်ကိုထမ်းကာ မလိုက်ချင်လိုက်ချင်နှင့် လိုက်ပါရသော မင်းနန်မင်းသားပမာ မယ်သုံကို မျက်နှာငယ်နှင့်ကြည့်၍ ပါသွားသည်တွင် “အစ်ကိုကြီး၊ စောစောပြန်ခဲ့နော်”ဟူသော မယ်သုံ၏ အမှာစကားကို ခေါင်းကြီး လေးကန်စွာ ညိတ်ရုံသာ ညိတ်ပြနိုင်လျက် တံခါးဝကိုမှီလျက်သား ကျန်ရစ်ခဲ့ရှာသော မယ်သုံတွင်လည်း စိတ်တထင့်ထင့် လေးလံကာ ငေးနေမိတော့လေ၏။

*

တနင်္ဂနွေပြီးလျှင် တနင်္လာ၊ ပြီးမှအင်္ဂါဟု မည်သူကစ၍ အမိန့်ပေးခဲ့ရသည်မသိရ။ လူအများခေါ်ကြသိကြသော တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးစသော နေ့တို့မှာ ကုလားပုတီးစိပ်သလို ကြာသပတေး၊ သောကြာ၊ စနေမှ ကျော်လွန်၍ တနင်္ဂနွေ၊ တနင်္လာဟု အဆက်မပြတ်နိုင်အောင် ကရွတ်ကင်းလျှောက်ပြန်၍ ရောက်လာပြန်တော့လေ၏။

အချိန်ကား နေကလေး မညို့တညို့။ ငရှဉ့်သွေးရောင်ပလိုင်းမောက်ကားကြီး တစ်စင်းသည် အသက်နှစ်ဆယ့်ကျော်ခန့် အထက်တန်းစား မိန်းမပျိုတစ်ယောက်မောင်းနှင်၍ ကန်တော်ကြီးမှပတ်ပြီးလျှင် ချာချီလမ်း ပန်းခြံကြီးတစ်ခြံထဲမှ တိုက်တစ်တိုက်ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်လေသည်။ ထိုမိန်းမပျိုကလေးနံဘေး၌လည်း အသက် ဆယ့်ခြောက်နှစ်ခန့် မန်းရောင်ထုံးကြီး

နှင့် ဖြူဖြူတုတ်တုတ် မိန်းကလေးတစ်ယောက်ပါလာသေးလေရာ ထိုမိန်းမပျိုကလေး နှစ်ဦးတို့သည် တိုက်နံရံတွင် ဆွဲထားသော "ခင်ဇော်"ဟူသည့် ကြေးပြားကလေးကို ကြည့်မိကြပြီးမှ မော်တော်ကားပေါ်မှ ဆင်း၍ ကားတံခါးကို ဂျိုင်းခနဲနေအောင် ပိတ်ရင်း–

"လာဟေ့ မဝင်းကြည်"ဟု အငယ်မကလေးက ခေါ်သွားလေသည်။

တိုက်တွင်းမှ နန္ဒင်းမကင်းကွက် သံတံခါးကို ဆယ့်နှစ်နှစ်ဆယ့်သုံးနှစ်ရွယ် ယောကျ်ားကလေးတစ်ယောက်က ပျာပျာသလဲလာ၍ ဖွင့်ပေးသည်တွင်–

"မင်းဆရာရှိရဲ့လားဟေ့"ဟု အကြီးမ,က ဆီးမေးသဖြင့်–

"ရှိပါတယ်ခင်ဗျာ"ဟု ပြန်ဖြေပြီး ဧည့်ခန်းက ကုလားထိုင်ကြီးတွေပေါ်တွင် နေရာထိုင်ခင်းပြရှာလေသည်။ အကြီးမ,ကသာလျှင် ဣန္ဒြေမပျက်သော်လည်း အငယ်မကလေးမှာကား အိမ်တွင်းရှိ လှပစွာ ပြင်ဆင်ထားသော အိမ်ထောင်မှုပရိဘောဂနှင့် ပန်းချီကားများကို အထူးအဆန်းသဖွယ် မျက်စိက ဝိုင်းဝိုင်းလည်အောင် လိုက်ကြည့်နေရှာသည်။

"မမြင့်– ပန်းချီဆရာအိမ်မို့လား မသိဘူး ပြင်ဆင်ထားလိုက်တာ သိပ်လှတာပဲ"ဟု အိမ်ရှင် မလာသေးခင် အတင်းပြောနေပြီး၍ မကြာမီ သူငယ်ကလေးက သွားရောက်အကြောင်းကြားခြင်းကြောင့် ပန်းချီဆရာများဝတ်သော ကုတ်အင်္ကျီအဖြူ ဘန်ကောက်လုံချည်တစ်ပတ်နွမ်း အင်္ဂလိပ်ရှေ့ထိုးဖိနပ်ကို စီးလျက် အသက် သုံးဆယ်နီးပါးခန့် ယောကျ်ားထောင်ထောင် မောင်းမောင်းလူရည်သန့်သန့် တစ်ယောက် ထွက်လာပြီးလျှင်–

“ဟော–မြင့်မြင့်ခင်တို့ပါလား၊ အို–တွေ့ရတာ ဝမ်းသာ လိုက်တာ”ဟု ပျာပျာသလဲ ဆီးကြိုနှုတ်ဆက်ရင်း ညော့်ခန်းက ကုလားထိုင် တစ်လုံးတွင် လာ၍ထိုင်လိုက်လေ၏။

“ဟော့–မောင်မြင့်၊ ကော်ဖီ ကော်ဖီ”ဟု အတင်းလော လျက်–

“ကျုပ်လဲ လာမလို့ဘဲ မြင့်မြင့်ခင်ရာ၊ အားကို မအားနိုင် တာနဲ့”

“တော်ပါ ကိုခင်ဇော်၊ တွေ့ရင်တော့ဖြင့် လွမ်းအောင်ချွဲ လုပ် မနေပါနဲ့၊ ဘိလိပ်က ပြန်လာတဲ့ပန်းချီကျော်ကြီးမို့ ဟန်ကြီး ပန်ကြီး လုပ်နေတာ မဟုတ်လား”

“ဟား ဟား ဟားဟား၊ ပြောရော့မယ် မြင့်မြင့်ခင်ကဖြင့် ဘိလပ်ကပြန်လာလဲ ခင်ဇော်ဟာ အရင်ခင်ဇော်ပါပဲခင်ဗျာ၊ ပိုက်ဆံ ရှိတဲ့ သူဌေးသမီးတွေလို အေးအေးမနေနိုင်သေးတော့ ဂျူဗလီပြပွဲ မှာ သွင်းရအောင် ကားကြီးတစ်ချပ်ဆွဲနေရသေးလို့ အလည်မလာ နိုင်တာပါ၊ နေပါဦး သူက ဘယ်သူကလေးတုံး”ဟု မဝင်းကြည် ဘက်သို့ ရင်းနှီးဖော်ရွေသော လူရင်းမိတ်ဆွေကဲ့သို့ ရဲရဲတင်းတင်း မေးလိုက်သောကြောင့် မဝင်းကြည်က ခေါင်းငုံ့နေစဉ်–

“ပျဉ်းမနားက ကိုကျော်ဝင်းရဲ့နှမကလေးပါ”ဟု မြင့်မြင့် ခင်က ဖြေသဖြင့်

“သြော်–ပျဉ်းမနားက မြင့်မြင့်ခင်နဲ့စပ်ထားတယ်ဆိုတဲ့ သတ္တုတွင်းသူဌေးကိုကျော်ဝင်းဆိုတာလား”ဟုမောင်ခင်ဇော်က ငေါ့ပြုံးပြုံးကလေး ပြုံးလိုက်သည်ကို–

“အင်း–ပြောရော့မယ်၊ ကိုခင်ဇော်ကဖြင့်”

“နို့–မဟုတ်တဲ့အတိုင်း

"ဟုတ်ပါတယ်–ဟုတ်ပါတယ်"

ထိုအတွင်း မောင်မြင့်က ကော်ဖီနှင့်မုန့် အစုံအလင်ပါ သော ငွေလင်ပန်းကြီး လာချလိုက်သောကြောင့် မောင်ခင်ဇော်က ငွေသေတ္တာကလေးထဲမှ စီးကရက်တစ်လိပ်ယူသောက်ရင်း–

"သောက်ကြ သောက်ကြ၊ မြင့်မြင့်ခင်–တိုက်ပါ"ဟု ပြောရင်းက–

"နေပါဦး၊ အဲဒီကိုကျော်ဝင်းတစ်ယောက်"ဟု ခပ်ဆိုင်းဆိုင်း ဖြစ်သွားပြီး–

"ဓားပြတိုက်ခံရလို့ဆုံးသလိုလို"ဟု အားနာစွာ မေးလိုက်သည်ကို–

"ဟုတ်ကဲ့၊ ရန်ကုန်ကို ညကြီးမင်းကြီး မောင်တော်ကားနဲ့ ထွက်အလာမှာ ဓားပြတိုက်ခံရတာပဲ ထင်ပါရဲ့၊ ပိန်းဇလုပ် အနားမှာ မော်တော်ကား ချောက်ထဲကျနေတာကိုသာ တွေ့ရတာပဲ။ ပစ္စည်းတွေနဲ့လူတော့ မတွေ့ရတော့ဘူး"ဟု မဝင်းကြည်က မျက်နှာငယ်နှင့် ဖြေလိုက်သည့်အတွက် ကိုခင်ဇော်က စုပ်သပ်ရင်း–

"ဖြစ်မှဖြစ်ရလေကွယ်၊ ဒါဖြင့် အသက်တော့ သေမယ် မထင်ပါဘူး၊ မော်တော်ကားများမှောက်သွားတာလား"

"မော်တော်ကားမှောက်လို့ရှိရင်လဲ သေတောင် အလောင်းတွေ့ရမယ်၊ မသေရင်လဲ ဒဏ်ရာနဲ့အိမ်ပြန်လာရမယ်။ အခုတော့ အိမ်လဲပြန်မလာ သတင်းလဲမကြား သတင်းစာထဲမှာ ကြော်ငြာထားတာတောင် ဘာမှမထူးခြားတော့ဘဲ ကိုခင်ဇော်ရဲ့"ဟု မြင့်မြင့်ခင်က ဝင်၍ ပြောလိုက်မှ–

"ပစ္စည်းကိုလုပြီး မော်တော်ကားကို ချောက်ထဲ တွန်းချခဲ့တာနဲ့ မတူပါတယ်"

"နို့–လူကြီးတစ်ယောက်လုံးကကောဗျာ"

"ဒါတော့ သူတို့ခေါ်သွားမှာပေါ့၊ ပြန်ပေးလုပ်ချင်တဲ့ လုပ်မယ်"

"ပြန်ပေးလုပ်ရင်လဲ အခုလောက်ရှိ ငွေတောင်းတဲ့စာလာရမယ်၊ မလာဘူးလား"

"ဟင့်အင်း မလာဘူးရှင့်"ဟု ပြောရာက မဝင်းကြည်တဝင်မျက်ရည်ကလေးများ လည်လာသည်ကို မောင်ခင်ဇော်က ကရုဏာသက်စွာ ကြည့်နေသည့်အတွင်း–

"ကဲပါလေ၊ အသက်မသေဘဲ တစ်နေ့ပြန်လာမှာပေါ့၊ ဒါတွေပြောနေမဲ့အစား ဘယ်မှာလဲ ကိုခင်ဇော် အံ့ပွဲကို သွင်းမယ်ဆိုတဲ့ ပန်းချီကား ကျွန်မတို့ မကြည့်ရဘူးလား" ဟု မြင့်မြင့်ခင်က ဝင်၍ စကားဖြတ်လိုက်သည်နှင့် မောင်ခင်ဇော်က ထိုင်ရာမှ ထရင်း–

"ကြည့်ရပါတယ် ကြည့်ရပါတယ်၊ ကိုခင်ဇော်ကလဲ မြင့်မြင့်ခင်တို့ကြည့်မှာမို့ ဝမ်းသာပါတယ်၊ ကဲ–ပန်းချီခန်းထဲ သွားရအောင် လိုက်ခဲ့ကြ"ဟု ဖိတ်ခေါ်၍–

"ကဲ–လာ မဝင်းကြည်"ဟု မြင့်မြင့်ခင်တို့နှစ်ယောက် သားမောင်ခင်ဇော်ခေါင်းဆောင်ရာသို့ ဧည့်ခန်းနှင့် ထမင်းစားခန်းစာကြည့်ခန်းတို့ကို ဖြတ်ကျော်ပြီး လိုက်ပါခဲ့ကြလေသည်။ အလင်းရောင်ကို လေးမျက်နှာစလုံးရအောင် တမင်ပြုပြင်ဆောက်လုပ်ထားသော ပန်းချီခန်းကြီးထဲသို့ ရောက်သွားသောအခါ ဦးစွာမြင်ရသည်ကား အရှည်ငါးပေ အနံလေးပေခွဲလောက်ရှိသော ကားကြီးမှာစာသင်ကျောင်းများတွင် ကျောက်သင်ပန်းကြီးများ တင်သောသစ်သားခြေထောက်နှစ်ချောင်းပေါ်၌ ကတ္တီပါ အမည်းကြီးဖုံးအုပ်၍

ထားလေသည်။ နံရံတွင် သော်လည်းကောင်း၊ အခြားခြေထောက်များနှင့်သော်လည်းကောင်း ဆွဲချိတ်ထားသော စက္ကူကား၊ ရွက်ထည်ကားများကလည်း ပန်းချီပညာ၏ မြင့်မြတ်သော အဆင့်အတန်းကို ဖော်ပြသကဲ့သို့ ရှိလေသည်။ ညောင်ရေအိုးခါးရှည်ကလေးများသည်ကား စားပွဲဝိုင်းကလေးတိုင်းတွင် တစ်ခုစီ တင်ထားလျက် ၎င်းအထဲတွင် စုတ်တံအကြီးအသေး အလုံးအပြားတို့သည် မျက်နှာပေါ်ကလေးများနှင့် ထောင်နေကြလေသည်။

ညနေ နေဝင်စအချိန်တွင် ရွှေတိဂုံဘုရားကြီးအား ကန်တော်မင် ဥယျာဉ်ရေစပ်မှ ဖူးမြော်ရပုံကို ရေးထားသော ကားကြီးတစ်ချပ်ကား အတိုင်းမသိသော ကျက်သရေနှင့် ပြည့်စုံလေ၏။ still life က ပုံတူပန်းအိုးကြီးများ၊ ပုစွန်တုပ်ကင်ကြီးများ၊ သစ်သီးခြင်းတောင်းများ ကားတို့နှင့်တကွ scenery ခေါ် သဘာဝလောကဓာတ်ပုံများသည်လည်း လာရောက်လည်ပတ် ကြည့်ရှုသူတို့အား မခွဲနိုင်အောင် ဆွဲဆောင်သည့် အင်အားများ ပြည့်စုံနေကြလေသည်။

သို့သော် ဖွင့်ပြချိတ်ဆွဲထားသော ထိုကားများထက် ကတ္တီပါဖြင့်ဖုံးအုပ်ထားသော ပထမကားကြီးကိုသာ အာရုံစူးစိုက်နေကြလေသဖြင့်–

"ကဲပါ–ကိုခင်ဇော်ရဲ့၊ ဘယ်မှာလဲ ရှင့်ကား"ဟု မြင့်မြင့်ခင်က လောဆော်မှ ကြွားပြုံးကလေး ပြုံးပြီး မောင်ခင်ဇော်က ကတ္တီပါအဖုံးကို ဆွဲဖွင့်လိုက်ရာ လူအရွယ်လောက်နီးပါးရှိ လယ်သမားတစ်ယောက် စပါးရိတ်နေပုံကြီးကို အံ့သြစွာ တွေ့ရလေသည်။ အရုပ်ကားဟု ဆိုရသော်လည်း ရေးထားသော အရုပ်ကားနှင့်လည်း မတူ၊ ဓာတ်ပုံ ရိုက်ထားပုံနှင့်လည်း မတူ၊ မျက်စိမျက်နှာ

မှာ အရုပ်ကားကို လာကြည့်သောလူအား ချွေးတဒီးဒီးနှင့် စပါး ရိတ်နေရာက လှည့်ကြည့်၍ ပြုံးနေသော လူပကတိ လယ်သား တစ်ယောက်ပမာ ထင်မှတ်ရလောက်အောင် အသက်ဝင်လျက် ရှိလေ၏။ ခါးတောင်းမြှောင်အောင် ကျိုက်၍ ခမောက်ကို ဆောင်းလျက် လက်တစ်ဖက်က စပါးပင်ကို သိမ်းကျုံးပြီး လက်တစ်ဖက်က တံစဉ်ကိုကိုင်ကာ ရိတ်တော့မလို ဖြစ်နေသော ကိုယ်ဟန်သည်လည်း ပကတိ အသက်ရှင်နေသော လူတစ်ယောက်ကဲ့သို့ ရှိလေရာ မြင့်မြင့်ခင်နှင့် မဝင်းကြည်တွင် မျက်တောင်မျှ မခပ်နိုင်ကြချေ။

"အို–သိပ်ကောင်းပါလား ကိုခင်ဇော်၊ မြင့် ပန်းချီပညာကို နားမလည်ပေမယ့် တကယ့်လူနဲ့ တူတာတော့ ကောင်းကောင်းကြီး ဝန်ခံပါတယ်နော်၊ မဝင်းကြည်"ဟုမဝင်းကြည်အား လှည့်၍ ပြောလိုက်သည်တွင် မဝင်းကြည်ကား မျက်ရည်တွေ တပေါက်ပေါက်ကျနေရာက နောက်ဆုံးတွင် တရှိုက်ရှိုက် ဖြစ်လာကာ အားရပါးရငိုချလိုက်သောကြောင့် မြင့်မြင့်ခင်နှင့် မောင်ခင်ဇော်တို့၌ အထိတ်တလန့်ဖြစ်ကုန်ကြလေသည်။

"ဟဲ့ ဟဲ့၊ မဝင်းကြည် ဘာဖြစ်တာတုံး"

"ကိုကို ကိုကို"ဟု အရုပ်ကားကို လက်ညှိုးနှင့်ထိုး၍ ငိုပြန်သဖြင့် မြင့်မြင့်ခင်က အရုပ်ကားကို သေချာစွာ ပြန်၍ကြည့်ရင်း သူပါ အံ့သြလာလေ၏။

"အို–ဟုတ်ပါရဲ့။ ကိုကျော်ဝင်းနဲ့ တူလိုက်တာ တစ်ထေရာတည်းပါလား"

"ဟင်"ဟု ကိုခင်ဇော်က လန့်၍ ပါးစပ်ဟမိလေ၏။

"တူမှတူတတ်ပလေ ကိုခင်ဇော်ရယ်၊ မျက်လုံးမျက်ခုံး ကိုယ်ပေါက်လက်ပေါက် အကုန်ပါပဲ၊ အဲ–မျက်နှာက အမာရွတ်

တွေ့ပဲ ဟိုက မရှိတာ”ဟု မြင့်မြင့်ကသာ ရှေ့ဆက်၍ ပြောနေနိုင်သော်လည်း မဝင်းကြည်မှာမူကား အရုပ်ကားကို ကြည့်လိုက် “ကိုကို”ဟု ခေါ်လိုက် တရှိုက်ရှိုက်နှင့်ငိုလိုက်ဖြင့် လက်စ,မသတ်အောင် ရှိတော့လေ၏။

အတန်ကြာသော် ရင်ထဲ၌ မျိုသိပ်၍ မထားနိုင်တော့သကဲ့သို့–

“ဒီပုံဟာ မတော်တဆ လာတူတာ မဟုတ်ပါဘူး မမြင့်ရဲ့၊ ကျွန်မကိုကိုမှ ကျွန်မကိုကိုအစစ်ပါ၊ မျက်စိကြည့်ပုံဟာ လူတိုင်းကိုကိုလို ကြည့်တတ်တာ မဟုတ်ပါဘူး၊ ဦးခင်ဇော်ကို ကျွန်မမေးစမ်းပါရစေ၊ ဒါဟာ လူကိုကြည့်ရေးတာ မဟုတ်ဘူးလား”ဟု ကောက်ကာငင်ကာ မေးလိုက်သောအခါ ဦးခင်ဇော်၌ အံ့အားသင့်သွားလေ၏။ မြင့်မြင့်ခင်ကလည်း ဦးခင်ဇော်ကို မော့၍ ကြည့်လိုက်လေ၏။

“အေး– ငါ လူတစ်ယောက်ကို ငှားပြီး ပုံတူယူရေးတာပဲ၊ သို့ပေမဲ့ ဒီလူက စိတ်ခပ်နောက်နောက်ပါ။ နာမည်က မောင်ပေါက်စီတဲ့”ဟု ခပ်အေးအေးပင် ပြောသော်လည်း–

“ဟုတ်ပြီ ဟုတ်ပြီ၊ ဒါ ကျွန်မကိုကိုအစစ်ပဲ၊ ကျွန်မ ဒီလူကို မတွေ့ရဘူးလားဟင် ဦးခင်ဇော်၊ ဒီလူဘယ်မှာနေတယ်ဆိုတာ ဦးခင်ဇော် မသိဘူးလားရှင်”ဟု ပျာပျာသလဲ ပူဆာ၍ မြင့်မြင့်ခင်က မဝင်းကြည်ကို ကြည့်ရာမှ အရုပ်ကားကို တစ်ဖန် စေ့စေ့ကြည့်နေပြန်ပြီးမှ–

“ဟုတ်တယ် ကိုခင်ဇော်၊ တူတော့ အတော့်ကို တူတာပဲ၊ ဒါပေမဲ့ ကိုကျော်ဝင်း ဟုတ်မယ်တော့ မထင်ပါဘူး၊ ဒီလူက ဘယ်မှာ နေသတဲ့လဲ၊ ကိုခင်ဇော် မသိဘူးလား”

"သိတော့ သိပါရဲ့၊ ဒါပေမဲ့ ကိုကျော်ဝင်းဆိုတာ မဟုတ်နိုင်ပါဘူး၊ ဒီလူက, လူကောင်းသူကောင်း ဟုတ်ချင်မှတောင် ဟုတ်မယ် မိန်းမနဲ့ ဘာနဲ့ နေ, နေတာပဲ"

"ဟင်–မိန်းမနဲ့လား၊ ဒါဖြင့် ဘယ်ဟုတ်မလဲ"ဟု မြင့်မြင့်ခင်က ပြော၍–

"ဟုတ်တယ်၊ သူတောင်းစားတွေနေတတ်တဲ့ ကံရွာမှာ လွန်ခဲ့တဲ့ ဆယ်ရက် ဆယ့်ငါးရက်လောက်ကတော့ ရှိတာပဲ၊ သူ့ကို တစ်နေ့ တစ်ဆယ်ပေးပြီးရေးတာပဲ"ဟု ကိုခင်ဇော်၏အဖြေတွင် နှမအရင်းဖြစ်သော မဝင်းကြည်၌ သူတို့အေးသလို မအေးတော့ဘဲ–

"ကဲ–ဒါဖြင့် တစ်ဆိတ်လောက် ကျွန်မကို ပို့ပေးပါလား ဦးခင်ဇော်၊ ကျွန်မ ကျေးဇူးတင်ပါတယ်၊ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ဒီလောက်တူတဲ့ လူတစ်ယောက်ကို တွေ့ရမြင်ရရင် ကျွန်မကျေနပ်ပါပြီ"ဟု ငိုသံပါကြီးနှင့် ပြောနေသောကြောင့်–

"ကဲလေ–ဟုတ်တာ မဟုတ်တာ နောက်ထားပြီး သူ စိတ်ကျေနပ်အောင်တော့ လိုက်ပို့စမ်းပါဦး ကိုခင်ဇော်၊ ကျွန်မမှာ ကားပါ,ပါတယ်"ဟု မြင့်မြင့်ခင်က တိုက်တွန်းသည်တွင် ဦးခင်ဇော်ကိုယ်တိုင်က ငိုကြီးချက်မဖြစ်နေသော မဝင်းကြည်အား ကရုဏာမကင်းအောင် ရင်ထုမနာ ဖြစ်လှသောကြောင့် သူတို့ပါလာသောကားကို မောင်းကာ ကံရွာဘက်သို့ ထွက်ခဲ့လေ၏။ တစ်လမ်းလုံး မော်တော်ကား ကူရှင်ကြီးပေါ်၌ အငြိမ့်သား ထိုင်၍ လိုက်ခဲ့ရသော်လည်း မဝင်းကြည်၏ စိတ်နှလုံးမှာ မြင်းအကောင် သုံးဆယ်တပ်လှည်းရထားတစ်စင်း ကြမ်းတမ်းသော တောင်တက်ခရီးကို တက်နေရသကဲ့သို့ တဖုန်းဖုန်းတဖြင်းဖြင်း ဖြစ်နေတော့လျက် တွေ့မြင်

ရတော့မည်ဖြစ်သော မိမိအစ်ကိုနှင့်တူသူ လူတစ်ယောက်အား မမြင်ရသေးခင်က မတွေ့ဝံ့ မကြည့်ဝံ့သလိုလို ကြည့်ချင်မြင်ချင်သလိုလို ဖြစ်နေတော့လေ၏။

"ကိုကို အစစ်သာဖြစ်ရင်လဲ ဘယ်ဘဝ ရောက်နေရှာပါလိမ့်၊ ငါ့ကို အသက်လောက်ချစ်ခဲ့ ယုယခဲ့အလိုလိုက်ခဲ့သော အစ်ကိုစင်စစ်သာဖြစ်ရင်ဖြင့် ငါ့ကို တွေ့,တွေ့ချင်း ပြေးဖက်ရှာမှာပဲ၊အို–ကိုကိုမှ ကိုကို၊ ငါ့ကိုကိုအစစ်ဖြစ်နေမှာပါပဲ။ ကိုကို့ကို အသက်မသေဘဲ ပြန်တွေ့ရတော့မယ်"ဟူသော အတွေးသည် လေယာဉ်ပျံပေါ်မှ ခုန်ချရသော လေထီးသူရဲပမာ ရင်တလှပ်လှပ် ဖြစ်နေရှာလေ၏။

*

ရှာထိပ်သို့ မော်တော်ကားဝင်လိုက်သည်နှင့်တစ်ပြိုင်နက်–

"တကယ် မေတ္တာစစ်နဲ့ ချစ်ရက်သားနဲ့ ပစ်ပယ်တော်မူအားတယ်"ဟူသော မောင်ပေါက်စီ၏ အသံကို တယောသံနှင့်အတူ ပေါ်ပေါ်လွင်လွင်ကြီး ကြားလိုက်ရလေရာ မဝင်းကြည်၏ရင်တွင်းသို့ ဒိုင်းခနဲ ပြေးဆောင့်လိုက်လေ၏။

"ဟော–ကိုကို့အသံပဲ။ ဒါကိုကို့၍အသံ အစစ်ပဲ၊ ဒီသီချင်းကို သူသိပ်ကြိုက်တာ"ဟု မဝင်းကြည်က ဇွတ် စွပ်စွဲလိုက်လေ၏။ အိမ်ကလေးနားသို့ နီးလာလေ မဝင်းကြည်၌ ခေါင်းကြီးလေ ဖြစ်ပြီးလျှင်၊ မတွေ့ချင် မြင်ချင်ရက်သားဆိုသကဲ့သို့ ရှိတော့လေ၏။

"အထင်တော်လွဲ ... လို့ကွယ် ... ချစ်တဲ့သူရယ် ... ခွဲနိုင်ရှာရက်တယ် ..."

အသံကား ဝမ်းထဲအူထဲက လှိုက်လှိုက်လှဲလှဲနှင့် စိတ်ပါ

လက်ပါ သီဆိုနေပုံရလေ၏။ တယောသံကလည်း ကျင်ကျင်လည် လည်နှင့် စိတ်ပါလက်ပါလိုက်နေလေသည်။ ညနေ နေဝင်ရီတရော တွင် တစ်ခဲနက်သော တိမ်တိုက်ကို အတင်းရုန်းကန်ဖောက်ထွင်း၍ စွမ်းအားရှိသမျှ အလင်းရောင်ပေးနေသော နေညိုညိုတွင် တိတ် ဆိတ်သော ရွာကလေး၌ ထိုသီချင်းနှင့် တယောသံကလေးကား လွမ်းပိုအောင် စီမံနေသကဲ့သို့ ရှိလေသည်။

"မောင့်အပေါ်ဝယ်...ဂုဏ်ရည်မတူလို့လား...ရွှေစပယ်..." ဟုဆိုလိုက်စဉ်တွင် တဲရှေ့သို့ မော်တော်ကားရပ်လိုက်ခြင်းကြောင့် သီချင်းနှင့် တယောသံမှာ ရုတ်တရက် ရပ်သွားတော့လေ၏။ မောင် ပေါက်စီ၏ လက်ယာနံတောင်းကို အားရပါးရမှီ၍ မယ်သုံးက တယောထိုးနေလေသည်။ မောင်ပေါက်စီက အဆုံးမသတ်သော မိုးတိမ်တိုက်ကို ကြည့်ရှုငေးမျှော်ရင်း အထက်ပါသီချင်းကို ကျူးရင့် နေဟန်ရှိလေသည်။ မော်တော်ကားဝင်လာ၍ ရပ်လိုက်မှ ကပျာ ကယာ လှည့်ကြည့်လိုက်လေရာ မိမိကိုလာခေါ်သော ပန်းချီဆရာ နှင့် မမြင်ဖူးသေးသော သူစိမ်းမိန်းမပျိုနှစ်ယောက်ကို တွေ့ရသော ကြောင့် အထူးအဆန်း ဖြစ်နေပုံရလေသည်။ မော်တော်ကားပေါ်မှ မဝင်းကြည်နှင့် မြင့်မြင့်ခင်တို့ကား တထိတ်ထိတ်နှင့် အကဲခတ် နေကြလေသည်။ မဝင်းကြည်၏ နှလုံးသွေးကား သူများထက် ပို၍ ခုန်နေတော့လေ၏။

"သြော်–တို့လမ်းထဲ ခဏခဏ ပိုက်ဆံလာတောင်းတဲ့ ကောင်မလေးပဲ"ဟု မြင့်မြင့်ခင်က မယ်သုံးအားကြည့်ရင်း ပြော လိုက်လေသည်။ မယ်သုံးကလည်း မောင်ပေါက်စီအား သူတို့ကြည့် ပုံ ရှုပုံကို အကဲမရသောကြောင့် သင်္ကာမကင်းဖြစ်လာကာ မောင် ပေါက်စီ၏ ပခုံးကို လှမ်းကိုင်ထားလေသည်။ မဝင်းကြည်ကမူ မောင်ပေါက်စီအား မျက်တောင်မခပ်ကြည့်နေလေ၏။

"ဗျို့–ဆရာ၊ ဘာလုပ်လာပြန်တာတုံး၊ ကျုပ်ဒီနေ့ မလိုက်နိုင်ဘူးဗျ"ဟု ပန်းချီဆရာအား မောင်ပေါက်စီက ဆီး၍ ပြောလိုက်သောအခါ မောင်ခင်ဇော်က မဝင်းကြည်နှင့် မြင့်မြင့်ခင်တို့အား 'ကဲ–ဘယ့်နှယ်ရှိစ'ဟူသော အဓိပ္ပာယ်နှင့် ကြည့်လိုက်လေသည်။ ထို့နောက် မဝင်းကြည်ကား ကားပေါ်မှာ အားမရသဖြင့် သုံးယောက်သား ကားပေါ်မှ ဆင်းခဲ့ကြလေသည်။

မယ်သုံတွင် သူတို့၏ အကဲကို ရင်တထိတ်ထိတ် ခုန်ရင်း သူတို့လုပ်သမျှ ပြောသမျှလိုက်ကြည့်နေလေ၏။ မြင့်မြင့်ခင်နှင့် မဝင်းကြည်တို့ကား အိမ်သည်က မဖိတ်မခေါ်ဘဲနှင့် တည့်တည့်မတ်မတ် အိမ်ပေါက်ဝသို့ ကပ်လာကြလေသည်။ အနားသို့ ရောက်သောအခါ–

"ကိုကို ကိုကို–အမယ်လေးကိုကို၊ ဘယ်လိုဖြစ်နေတာလဲ"ဟု အော်ငိုရင်း မောင်ပေါက်စီအား ပြေး၍ဖက်ရှာလေသည်။ မောင်ခင်ဇော်နှင့်မယ်သုံတို့က ကြက်သေသေ၍နေကြတော့လေသတည်း။

မောင်ပေါက်စီမှာ မိမိကို လာ၍ ဖက်သော မိန်းမပျိုကလေးအား အထိတ်တလန့်နှင့် ခွာချရင်း အနားတွင်ရှိသမျှ လူတို့၏ မျက်နှာကို လိုက်၍ကြည့်နေပြီးလျှင်–

"ဟဲ့ ဟဲ့–လုပ်ကြပါဦး၊ ဘယ်လိုလုပ်တာလဲ၊ ဟဲ့ ဟဲ့"ဟု ကျီးကန်းကို အရှင်လတ်လတ် ဖမ်းသကဲ့သို့ ပြူးတူးပြဲတဲ ဖြစ်လာလေသည်။

"ကိုကျော်ဝင်း ကိုကျော်ဝင်း၊ ကျွန်မတို့ကို မမှတ်မိဘူးလား၊ ဒါ မဝင်းကြည်လေ ရှင့်နှမကလေးလေ၊ သတိကောင်းကောင်း ထားစမ်းပါ"ဟု မြင့်မြင့်ခင်က သတိရလိုရငြား ဝင်၍ သတိပေးလေသည်။ မဝင်းကြည်ကမူ ဖက်ရာက မလွှတ်တော့ဘဲ–

"ကိုကို–ကိုကိုရဲ့၊ ဘယ်အဖြစ်မျိုးရောက်နေတာလဲ"ဟု ငိုကြီးချက်မနှင့် တတွတ်တွတ်ပြောနေလေသည်။

"အို–ခက်တော့တာပဲနော်၊ ဗျို့–ပန်းချီဆရာ ခင်ဗျားမိန်းမလား ဘာလား၊ ခေါ်စမ်းပါဦး၊ ကျုပ်ကို ဗလက္ကာရ လုပ်နေတာ ကြည့်နေတော့မလား"ဟု ရေနစ်ရာက လှမ်းခေါ်သလိုခေါ်နေသော အခါ အနားကကြည့်မေသော မယ်သုံတွင် မကြည့်ရက် လောက်အောင် ဖြစ်လာလေ၏။ တစ်နေ့နေ့တွင် ဤကဲ့သို့များ ဖြစ်လေမလားဟု ယခင်က တွေးခဲ့သောအဖြစ်မျိုးကို ယခုပက်ပင်း တွေ့ကြုံရသောကြောင့် သူတို့ပြောသည့်အတိုင်း မောင်ပေါက်စီ ဘဝမှ မောင်ကျော်ဝင်း ဘဝသို့ ရောက်သွားက မိမိနှင့်ခွဲခွာသွားကြမည်ကို အစိုးရိမ်ကြီး လာမိလေ၏။ ထို့ကြောင့် မျက်စိမျက်နှာများပျက်လာပြီးလျှင်–

"နေပါဦး၊ ဘယ်လိုဖြစ်ကြတာလဲ။ ကျွန်မကို တဆိတ်ပြောပြကြစမ်းပါဦး"ဟု မယ်သုံက ဝင်အမေးလိုက်တွင် မြင့်မြင့်ခင်က ခါးထောက်လိုက်ပြီးမှ–

"သူ့နာမည် ကိုကျော်ဝင်း မဟုတ်လား"

"မဟုတ်ဘူး၊ ကိုပေါက်စီတဲ့"

"အလကားပြောတာ၊ သူ ကိုကျော်ဝင်းမှ ကိုကျော်ဝင်းအစစ်။ ညည်းသူနဲ့ ဘယ်မှာတွေ့လို့ခေါ်လာတာလဲ၊ ပြောစမ်း"ဟု ဌာနအုပ် အစစ်မျိုးစစ်ဆေးလေရာ–

"ဒါရှင်တို့ပြောတဲ့ ကိုကျော်ဝင်းမဟုတ်ဘူး။ ကျွန်မရဲ့ယောက်ျား ကိုပေါက်စီတဲ့၊ ကျွန်မနဲ့နေတာ လေးငါးနှစ်တောင်ရှိပြီဟာ ရှင်တို့ကလာပြီး စွပ်စွဲလို့ ဘယ်ဖြစ်မလဲ"ဟု မိမိ၏ ဘေးအန္တရာယ်အတွက် မှုသားသုံးမိလေသည်။

"မဟုတ်ပါဘူး၊ ကိုကို ကျွန်မကိုတောင် မမှတ်မိတော့ဘူး လား"ဟု မဝင်းကြည်က အော်၍ငိုသောအခါ မောင်ပေါက်စီက စေ့စေ့စပ်စပ်ကြည့်ရင်း–

"ဟဲ့–နင့်ကို ငါမသိဘူးဟဲ့"

"သတိထားပြီး ကောင်းကောင်းစဉ်းစားပါဦး ကိုကိုရယ်၊ ကိုကို့စိတ် ချောက်ချားနေလို့ဖြစ်ပါလိမ့်မယ်၊ ကိုကိုအစက ကျွန်မ ကို အင်မတန်ချစ်ခဲ့ပါတယ်"

"အလိုဗျာ၊ စပ်စပ်ယှက်ယှက်လူကို ဘယ်နှယ် ဆွေမျိုး လာစပ်နေရပြန်ပါလိမ့်၊ ငါ ဘယ်သူ့မှလဲ မချစ်ခဲ့ဘူး၊ ဟောသည့် တစ်ယောက်ပဲ ငါသိတယ်၊ ချစ်တာလဲ သူ့တစ်ယောက်ပဲ၊ ဆွေမျိုး လဲမရှိဘူး၊ နှမလဲ မရှိဘူး"ဟု စိတ်ညစ်ညစ်နှင့် ခပ်ထန်ထန် ပြန်ပြောလိုက်သောအခါ မယ်သုံတွင် သက်မကြီးတစ်လုံးကို စိတ် ချ လက်ချ ချနိုင်လင့်ကစား မဝင်းကြည်တွင် စိတ်မောလက်မော နှင့် ဟောခနဲ သက်မ ချလိုက်ရှာလေ၏။

"ကဲ–ဒီလိုဆိုရင် မဟုတ်သေးဘူး မြင့်မြင့်ခင်၊ လူတူမရှား ဆိုသလို ဖြစ်နေတာထင်ပါရဲ့၊ ကိုကျော်ဝင်းဖြစ်ရင်လဲ သူ့နှမတော့ သူ မှတ်မိတန်ကောင်းတယ်၊ အခုတော့ သိပုံမပေါ်ဘူး"ဟု စိတ် ပျက်လက်ပျက်နှင့်ပြောမှ မဝင်းကြည်ကလည်း မျက်နှာကလေး မော့ရကာ မောင်ပေါက်စီအနားမှာ မခွာရက် ခွာရက် ခွာလိုက်ပြီး လျှင် မျက်ရည်လည်ရွှဲတွေ ကြည့်နေရှာလေ၏။

"ကိုကိုတော့ ကိုကိုပါပဲ၊ ဦးခင်ဇော် အခုစိတ်မနှံ့လို့ ဖြစ်နေတာပါ"

"အောင်မာ–နင်က ငါ့ကို အရူးလို့ ဆိုတာပေါ့လေ"ဟု ပြောပြောဆိုဆို စိတ်ဆိုးမာန်ဆိုးနှင့် တဲတွင်းသို့ ဝင်သွားလေရာ

ဤတွင်မှ မယ်သုံနှင့် မြင့်မြင့်ခင်တို့မှာ ေ၍ကျန်ရစ်ခဲ့လေရာမဝင်းကြည်၌မူကား နှပ်တရှုံ့ရှုံ့နှင့် စိတ်လျှော့လိုက်လေ၏။

“ကဲ...ကဲ...မြင့်မြင့်ခင် ပြန်ကြစို့”ဟု ဦးခင်ဇော်က ခေါ်သဖြင့်–

“ကျွန်မတော့ မလိုက်ပါရစေနဲ့တော့ မမြင့်။ ကိုကိုသတိမရမချင်း ကျွန်မ ဒီမှာပဲနေရစ်ခဲ့တော့မယ်”ဟု တွယ်ကပ်နေသောကြောင့်–

“အို–မဝင်းကြည်ကလဲ ဘယ်ဖြစ်မလဲ။ ကိုကျော်ဝင်းအစစ် ဟုတ်စေဦးတော့၊ သူ့စိတ်မှသူ အစိုးမရတော့ မခက်ဘူးလား”ဟု မြင့်မြင့်ခင်က ချော့မော့နေစဉ်အတွင်း–

“မဟုတ်ဘူး၊ ရှင်တို့ပြောတဲ့ကိုကျော်ဝင်းဆိုတာ မဟုတ်ပါဘူး၊ ဒါ ကျွန်မယောကျ်ားပါ၊ ရှင်တို့အစ်ကိုဆိုတာဖြစ်ရင် ရှင်တို့နောက် လိုက်မှာပေါ့၊ အခုတော့ သိတောင်မှ မသိဘဲ ပြန်ကြပါတော့”ဟု စိုးရိမ်ကြီးစွာဖြင့် မယ်သုံက ငြင်းကွယ်သောကြောင့် မြင့်မြင့်ခင်က အခဲမကျေနိုင်သော မဝင်းကြည်ကိုတွဲကာ မော်တော်ကားပေါ်သို့ တင်သွားလေ၏။

“ဘယ်နဲ့လဲ မြင့်မြင့်ခင် ကိုကျော်ဝင်းဟုတ်ရဲ့လား”

“တူတော့တူတာပဲ ကိုခင်ဇော်ရဲ့၊ ဒို့ဌတော့လဲ မပြောနိုင်ဘူးပေါ့လေ”

“မဝင်းကြည်ကား သူတို့အထဲတွင် ဘာမျှ ဝင်မပြောတော့ဘဲ မောင်ပေါက်စီအား နောက်ထပ်တွေ့ရလို့ တွေ့ရငြား မျှော်ကြည့်မိသေးသည်။

မောင်တော်ကားမှာ တလိမ့်လိမ့်ထွက်သွားလေ၏။ မဝင်းကြည်ကား ကားပေါ်၌ လူတစ်ကိုယ်လုံး ပါသွားသော်လည်း စိတ်

ကား မောင်ပေါက်စီနှင့်အတူ ကျန်ရစ်ခဲ့လေ၏။ တဲဝက ရင်တဖိုဖိုနှင့် ရပ်ကျန်ရစ်ခဲ့သော မယ်သုံတွင်လည်း မော်တော်ကားကို ကြည့်ရင်း ဇဝေဇဝါဖြစ်ကျန်ရစ်ခဲ့လေ၏။

"ကိုကျော်ဝင်း ကိုကျော်ဝင်း၊ ပျဉ်းမနားက သတ္တုတွင်းသူဌေးတဲ့"ဟူသော အလုံးသည် ရင်ဝကိုတက်၍တက်၍ ဆောင့်တော့လေ၏။ "သူသတိရပြီး ပြန်သွားရင်တော့ ငါနဲ့ကွဲတော့မှာပဲ၊ အခု ငါ့ကို သူချစ်နေတာထက် ငါက သူ့ကိုပိုချစ်နေတာ ခက်တယ်"ဟု တွေးတောရင်း ဤကမ္ဘာမှ ထွက်သွားပြီး အခြားစကြဝဠာသို့သာ ဘေးကင်းရန်ကွာ လင်မယားနှစ်ယောက်စလုံး ပုန်း၍နေချင်တော့လေသည်။ တဲအတွင်းသို့ အသာအယာ ဝင်လိုက်သွားသောအခါ အိပ်ရာပေါ်တွင် ငုတ်တုတ်ကြီးထိုင်၍ စိတ်ရှုပ်သလိုစဉ်းစားတွေးတောနေသော မောင်ပေါက်စီကို တွေ့ရသောအခါ နှုတ်ဆက်ရမည်ကိုပင် မရဲအောင်ဖြစ်နေတော့လျက် သူ့အရိပ်အကဲကိုသာ တိတ်တဆိတ် ကြည့်ရှုနေမိတော့လေ၏။

*

မောင်ပေါက်စီသည် ကြီးမားသော ဏ္ဍွေနှင့် အနားသို့ ကုပ်ကုပ်ရို့ရို့ ကပ်လာသော မယ်သုံကို လှည့်ကြည့်လိုက်လေ၏။ မယ်သုံက မျက်နှာငယ်ကလေးနှင့် မောင်ပေါက်စီ၏ ဆုံးဖြတ်ချက်ကို နာခံတော့မည်ပမာ မော့၍ကြည့်လေ၏။

"မယ်သုံ"ဟု တစ်ခွန်းတည်း ခေါ်လိုက်ပြီးလျှင် ပုခုံးကလေးကို လှမ်းဖက်လိုက်လေရာ မယ်သုံက မျက်ရည်လည်ရွဲနှင့် အလိုက်သင့် ပါသွားလေ၏။

"မယ်သုံ– ငါ့ကို သူတို့ဘာတွေ လာပြောတာလဲဟင်"ဟု

မျက်နှာသေကလေးနှင့် မေးရင်း မယ်သုံ၏ မျက်နှာကို စေ့စေ့ကြီး ကြည့်နေပြန်လေ၏။

"အစ်ကိုကြီး သူတို့ကို မသိဘူးနော်၊ အစ်ကိုကြီး မသိဘူး မဟုတ်လား"

"ဟင့်အင်း မသိပေါင်။ သူတို့က ငါ့ကို အတင်းအဓမ္မ မောင်နှမ အတော်ခိုင်းနေတယ်၊ ကောင်မလေးတစ်ကောင်က ငိုလို့ အို–ငါစိတ်ရှုပ်လိုက်တာ မယ်သုံရာ"

"ဘာစိတ်ရှုပ်စရာရှိသလဲ အစ်ကိုကြီးရဲ့၊ သူတို့နဲ့အစ်ကို ကြီး ဘာမှ,မှမဆိုင်ဘဲ၊ အရင်ကလိုပဲ ပျော်ပျော်ရွှင်ရွှင်နဲ့နေပေါ့၊ ဟုတ်လား"

"အေး–ငါ သူတို့နဲ့ဘာမှ မတော်ပါဘူးကွာနော်၊ ငါ့ ဆွေမျိုးဆိုတာကော မဟုတ်ဘူး မဟုတ်လား"ဟု နားဝေတိမ် တောင် မေးနေပြန်သည်နှင့်–

"အို–အစ်ကိုကြီးကို ကျွန်မက ထမင်းကျွေးပြီးအိမ်ခေါ်ခဲ့ တာလေ၊ အိမ်ရောက်လို့ အတော်ကြာတော့ အစ်ကိုကြီးက ကျွန်မ ကို ချစ်တယ်ဆိုပြီး အတင်းချစ်ခဲ့တယ် မဟုတ်လား အစ်ကိုကြီး။ ဒါတွေ သတိရတယ် မဟုတ်လား"

"ဟာ–ရတာပေါ့ လူလဲသင်္ခါရ စကားလဲ သင်္ခါရ အိပ်ရာ တောင် သင်္ခါရလုပ်ခဲ့ပြီးပြီ မဟုတ်လား၊ အို–ငါဘယ်သူ့မှမသိဘူး။ နင့်ကိုပဲသိတယ်၊ နင့်ကိုပဲချစ်တယ်၊ အခုလဲချစ်တာပဲ၊ ဟော ဟော၊ ပေါင်ဒါဘူးကလေး မယ်သုံဖို့ အစ်ကိုကြီး ဝယ်ပေးတဲ့ ပေါင်ဒါဘူး ကလေး မဟုတ်လား။ ကဲကဲ လိမ်းစမ်းလိမ်းစမ်း အစ်ကိုကြီး မွှေး လိုက်စမ်းမယ်"

မယ်သုံကား မောင်ပေါက်စီပြောသမျှကို ဂရုတစိုက် နား

ထောင်ရင်း အကဲခတ်နေလေ၏။ ထို့ကြောင့် နံနက်ကလောက်မှ ရွှင်ရွှင်ပျပျ မရှိနိုင်တော့ချေ။

"အစ်ကိုကြီး–ကျွန်မကို ခွဲမထားခဲ့နဲ့နော်"

"ဟ–နိမိတ်မရှိ နမာမရှိ၊ ငါက ဘယ်သွားရမှာတုံး"

"အစ်ကိုကြီး–ကျွန်မကိုမိုးမွှေးထားတာတွေ မှတ်မိတယ် နော်"

"အလိုဗျာ–ကျုပ်မိုးခြစ်တောင် မကိုင်ဘူးပါလား"

"မဟုတ်ဘူး၊ ကျွန်မကို တစ်ကိုယ်လုံး ချယ်လှယ်ထား တာတွေလေ"

"သြော်–ဒါလား၊ အေးပေါ့ မင်းနဲ့ငါနဲ့ ညားနေကြပြီပဲ၊ မင်းကလဲ ငါ့ကိုချစ်တယ်၊ ငါကလဲ မင်းကိုချစ်တယ်၊ သည့်ပြင် ဘာလိုသေးလဲ၊ ကဲ ကဲ– မှိုင်မနေစမ်းပါနဲ့ မယ်သုံရာ၊ တကယ်တဲ 'မ,ရမ်းပျံ' တွေလာလိုက်တာ တို့လင်မယား သီချင်းဆိုနေတဲ့ ဓိမ် တောင် ပျက်သွားတာပဲ"ဟု ပြောပြောဆိုဆို တယောပြားကလေး ကို ထယူမှ မယ်သုံတွင် စိတ်ချနိုင်သလို ဖြစ်သွားလေ၏။

ထိုနေ့ညတစ်ညလုံး အနီးအနားတွင်ရှိသော ဘိုအိမ် တစ်အိမ်မှ ဒရဝမ်၏ သံချောင်းခေါက်သံကို နာရီတိုင်း နာရီတိုင်း ကြားနေရသူမှာ မယ်သုံသာလျှင် ဖြစ်တော့သည်။

မပူမပင် မကြောင့်မကြ အိပ်ပျော်နေသော မောင်ပေါက်စီ အား ထ၍ ကြည့်ရသည်မှာ ဘယ်အကြောင်းကြောင့်ဟု မယ်သုံ ကိုယ်တိုင် တစ်ထစ်ချမပြောနိုင်။ ထိုကြားထဲမှ အမြဲသတိရနေစေ သော အဖြစ်အပျက်ကလေးအား မော်တော်ကားပေါ်သို့ စိတ်အား လျှော့ပြီးလျှင် ငိုကြီးချက်မနှင့် ပါသွားရှာသော မဝင်းကြည်၏ မျက်နှာကလေး ဖြစ်၏။

ထိုမျက်နှာကလေးမှာ မယ်သုံ၏ အသည်းနှလုံးကို ပြုတ်တူနှင့်ညှပ်နေသကဲ့သို့ အခံရခက်စေလေ၏။ မောင်ပေါက်စီ, ဟု သူ့ကိုယ်သူ အမည်ပေးထားသော မိမိ၏ ချစ်သူကား သူတို့စွပ်စွဲသည့်အတိုင်း သတ္တုတွင်း သူဌေးကိုကျော်ဝင်း ဘဝမှ လူမသေဘဲ လိပ်ပြာ ပြောင်းလာခဲ့သည်ကို မိမိအသိဆုံး အရိပ်မိနိုင်ဆုံး ဖြစ်သောကြောင့် သူတို့မောင်နှမ၏ အချစ်ကို ခွင်းပြီးမှ မိမိက ချစ်ရဖို့ အကြောင်းဖန်လာပုံကို တွေးလေသနားလေ ဖြစ်နေတော့လေ၏။

မိမိနှင့်သာ လွန်လွန်ကျူးကျူး မချစ်ခဲ့ကြသေးလျှင် ကားမိမိကိုယ်တိုင်ကပင်လျှင် ချော့မော့တိုက်တွန်း၍ ကောင်းရာ သုဂတိရောက်အောင် ပို့ဆောင်နိုင်မည့်စိတ်ထားရှိသော်လည်း ယခုကား စိတ်ကသာလျှင် ရှူး၍ အချစ်က မရှူးသော မောင်ပေါက်စီအား မခွဲနိုင် မခွာရက် ဖြစ်နေရှာလေပြီ။

အရူးအရူးနှင့် အိမ်ဦးတွင် မစင်စွန့်ထားသကဲ့သို့ အရူးဟုဆိုကြသော မောင်ပေါက်စီက မိမိအသည်းနှလုံးကို ကလီစာပါ မကျန်အောင် ဆွဲယူသုံးဆောင်ထားပြီး ဖြစ်လေသည်။ အချစ် သင်ခန်းစာကို သင်ပုန်းကြီးမှစ၍ မင်္ဂလသုတ်ရောက်အောင် အပ်ကျ, မပ်ကျ သင်ပေးထားပြီဖြစ်သောကြောင့် ယခုအချိန်ကား မယ်သုံတွင် ဒိုးဒိုးဒေါက်ဒေါက်နှင့် ဖတ်၍ ရွတ်၍ ကောင်းတုန်းရှိရှာသေးသည်။ မိမိကောက်ရသော ရွှေဒင်္ဂါးကို လည်ဆွဲ တန်ဆာပြုပြီးမှ အရှင်ပေါ်ပေါက်လာသည့်အတွက် အခက်ကျလျက်ရှိလေသည်။ မတရားမှန်းသိသော်လည်း လည်ပင်းက အလွယ်တကူဖြုတ်၍ ရိုးသားစွာ ပြန်ပေးရမည့် ဝတ္တရားမှာ တော်ရုံတန်ရုံ ကိစ္စမဟုတ်ချေ။ ထို့ကြောင့် လင်ကလေးတစ်ယောက် ကောက်၍ရပါသည်၊ အပင်းလျှိုရသလို ဖြစ်နေသောကြောင့် ထိုကိစ္စကို လုံးဝ သတိမရဘဲ

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် မောင်ပေါက်စီကိုသာ မမှိတ်မသုန်ကြည့်နေမိတော့လျက် ထိုနေ့မှစ၍ သူတစ်ယောက်တည်း အိမ်မှာထားခဲ့ပြီးလျှင် မိမိလုပ်ငန်းကို လမ်းတကာထွက်၍ လုပ်ရမည့် အရေးပင်လျှင် စိတ်မချနိုင်လောက်အောင် ဖြစ်နေလေ၏။

မယ်သုံ ဤသို့စိတ်ဆင်းရဲနေသည်နှင့်အမျှ စိတ်မချမ်းသာသော မိန်းကလေးသည်ကား မောင်ကျော်ဝင်း၏နှမ မဝင်းကြည်ပင် ဖြစ်လေသည်။ မိမိအစ်ကိုရင်း စင်စစ်ဖြစ်သည်မှာ မိမိအမှတ်မိဆုံး အသိဆုံးဖြစ်သောကြောင့် ထိုနေ့ညနေက ပစ်ပစ်ခါခါ ပြောဆိုငြင်းပယ်လိုက်သည့် အစ်ကိုကြီးစိတ်ကို အခဲမကြေနိုင်အောင် ရှိရှာလေ၏။ မိဘနှစ်ပါး မျက်စိမှိတ်သွားကတည်းက ဤမောင်နှမပင်လျှင် တစ်ဦးကိုတစ်ဦး ချစ်ခဲ့ရလေသည်။ ယုယမြတ်နိုးခဲ့ရလေသည်။ မိဘအစား အစ်ကိုအားသာလျှင် ဆိုးခဲ့,နွဲ့ခဲ့, တီတာခဲ့ရသောကြောင့် အစ်ကိုပင် ဖြစ်စေကာမူ ဖခင်ကြီးနှင့်မခြား အားကိုးအားထားပြုနေရာက တစ်ညသောအခါ မော်တော်ကားနှင့် ရန်ကုန်သို့ သွားမည်ဟု ပြောဆိုထွက်ခွာသွားသည်ကစ၍ အစ်ကိုရင်းတစ်ယောက် ဆုံးခဲ့ရရှာလေသည်။ အလုပ်အကိုင်မှာလည်း မိမိတွင် ငယ်ရွယ်သူဖြစ်သည့်အလျောက် တစ်စွန်းတစ်စမျှ နားလည် အုပ်ချုပ်ခဲ့ရသည် မဟုတ်ဘဲ ဆွေချင်းမျိုးချင်း ဖအေညီတစ်ယောက်က စပ်တူပါဝင်တွဲဖက်အုပ်ချုပ်နေသည့်ဘဝ၌ ဆွေမျိုးဟုသာ ဆိုရသော်လည်း ဥစ္စာပစ္စည်းနှင့် ပတ်သက်လျှင် သားအဖချင်းသော်မှ မယုံရသော လူ့လောက စိတ်ယုတ်မာတို့ကြောင့် မိမိတူ အရင်းတစ်ယောက် အစပျောက်သွားသည်ကိုပင် ဦးလေးလုပ်သူ၌ လွတ်လပ် ပိုင်နိုင်စွာ လှော်လယ်စဉ်းလဲလိုသည့် အရိပ်အယောင်များ ပေါ်လာပြီးလျှင် အလုပ်နှင့် ပစ္စည်းကို လက်ဝါးကြီးအုပ်ထားသည့်

ဒုက္ခမှ စိတ်ပြေလက်ပျောက် ရန်ကုန်သို့ ထွက်လာပြီးလျှင် ယခင်က စေ့စပ်ထားဖူးသော ယောက်မလောင်း မြင့်မြင့်ခင်တို့အိမ်သို့ ရောက်လာခဲ့ခြင်းဖြစ်ရာ ကံကောင်းထောက်မသဖြင့် အစ်ကိုအရင်းကို ပြန်တွေ့ရလင့်ကစား စိတ်ပြောင်းကိုယ်ကွာ မြင်ရချက် မသက်သာသောအဖြစ်ကို မြင်ရသောကြောင့် ထိုတစ်နေ့တည်းနှင့်ပင် တစ်လလောက် မမာသကဲ့သို့ စိတ်ထောင်း၍ ကိုယ်ကျေကာ နဂိုရည်ပျက်ကုန်တော့လေ၏။

"ကိုကို ကိုကိုရဲ့၊ ဘယ်လိုဝဋ်မျိုးကြုံရတာလဲ ကိုကိုရဲ့"ဟု ပါးစပ်မှ လွတ်ထွက်သွားအောင် ညည်းညူမိသောအခါ အိပ်ပျော်နေသော မြင့်မြင့်ခင်ပင်လျှင် လန့်၍နိုးလာတော့လေ၏။ မဝင်းကြည် လက်တွင်ကား မြင့်မြင့်ခင်တို့အိမ်အတွက်ပေးဖူးသော မောင်ကျော်ဝင်း၏ ဓာတ်ပုံကလေးတစ်ပုံကိုင်လျက်သား ရှိလေ၏။

"ဟဲ့– မဝင်းကြည် အခုထက်ထိ မအိပ်သေးဘူးလား ကွယ်၊ ဟင်–ချိတ်ထားတဲ့ ဓာတ်ပုံကို ထ ဖြုတ်ပြီး ကြည့်နေလို့ ငါ့ညီမ ပိုဆိုးတော့မပေါ့၊ ကြည့်စမ်း သုံးနာရီတောင် ခွဲပါပကော၊ အိပ်ပါတော့ကွယ်၊ အိပ်တော့ အိပ်တော့"ဟု တစ်ရေးနိုးသောအသံနှင့် ချော့မော့ရှာလေသည်။ သို့သော် ကိုယ့်အပူနှင့် ကိုယ်ဖြစ်နေခြင်းကြောင့်–

"ကျွန်မဘယ်အိပ်နိုင်ပါ့မလဲ မမြင့်ရယ်၊ ကိုကို့ကို ကိုယ်တိုင်တောင် တွေ့ခဲ့ရက်နဲ့"ဟု စကားကို အစမသတ်နိုင်တော့ဘဲ ရှိုက်ကြီးတငင် ဖြစ်လာသောကြောင့်–

"မဟုတ်ပါဘူး မဝင်းကြည်၊ ဒီဓာတ်ပုံနဲ့ ညနေက တွေ့ခဲ့ရတဲ့ မျက်နှာနဲ့ ယှဉ်ကြည့်စမ်း၊ ဟိုမျက်နှာက အတော်ရင့်ပြီး ပေပေတေတေဖြစ်နေတာပဲ"ဟု မဝင်းကြည်ကိုင်ထားသော ဓာတ်ပုံကို ကြည့်ကာ စိတ်ထဲမှ နှိုင်းယှဉ်ကြည့်လေ၏။

"ခါတ်ပုံထဲက လိုတော့ ဘယ်နေတော့မလဲ မမြင့်၊ ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ဘဝမှာ လူကြမ်းကြီး ဖြစ်နေတော့တာပေါ့"

"နို့-အမာရွတ်တွေကကောကွယ်"

"အမာရွတ်တွေက မော်တော်ကားမှောက်လို့ရတဲ့ဒဏ်ရာတွေဖြစ်မှာပေါ့၊ မော်တော်ကားမှောက်လို့ပဲ စိတ်ကယောင်ချောက်ချား ဖြစ်သွားတာနဲ့ တူပါတယ်..."

"သို့ပေမဲ့ သူတောင်းစားမကလေးက သူ့လင်ပါလို့ ပြောနေတော့ မခက်ဘူးလားကွယ်၊ ညားကြတာတောင် လေးငါးနှစ်ရှိပြီလို့ ပြောလိုက်သားပဲ မဟုတ်လား၊ နောက်ပြီးတော့ သူကိုယ်တိုင်ကိုကလဲ ညည်းတို့ ငါတို့ကို မသိဘူးဆိုတော့ လမ်းဆုံးနေရောပေါ့"

"ခက်တယ် ခက်တယ် မမြင့်၊ ကျွန်မတော့ သေသာသေလိုက်ချင်တာပဲ"

"အေး-မသေဘဲနဲ့ ခံနေပါဦးမယ်၊ ညီမရယ် အိပ်တော့အိပ်တော့"

မဝင်းကြည်သည် ညှော်သည်ပီပီ အိမ်ရှင်၏ နှစ်သိမ့်ခြင်းကို နာခံရမည်ဖြစ်သောကြောင့် ခါတ်ပုံကိုရင်ခွင်၌ ပိုက်ကာ ခေါင်းချလိုက်ရသော်လည်း မျက်ရည်တွေ စိုရွှဲနေသော ခေါင်းအုံးက အိပ်မရအောင် ဖန်တီးနေပြန်တော့လေသည်။

*

တစ်ညနေကား မြင့်မြင့်ခင်တစ်ယောက်တည်း မောင်ခင်ဇော်၏ အိမ်သို့ ရောက်ခဲ့လေသည်။ မြင့်မြင့်ခင်ကား ခါတိုင်းကဲ့သို့ ဖြီးဖြီးလိမ်းလိမ်း ဆင်ဆင်ပြင်ပြင် မရှိလှ၊ စိတ်မချမ်းသာသော အရိပ်အယောင်သည် ဖိုသီဖတ်သီပတ်ထုံးထားသော တစ်ပတ်လျှိုဆံပင်နှင့် သိသာနိုင်လေသည်။

"ဘယ်နှယ် မြင့်မြင့်ခင်၊ မဝင်းကြည်တစ်ယောက် ဘယ်နှယ် နေသေးသလဲ"ဟု ဆီးကြို၍ မေးလိုက်သောအခါ မြင့်မြင့်ခင်တွင် ပို၍ စိတ်ရှုပ်သွားဟန်နှင့် သက်မ,ချလိုက်လေ၏။

"မသက်သာပါဘူး ကိုခင်ဇော်ရယ်။ သူငယ်မကလေး တော့ ဒုက္ခပါပဲ"

"အေးလေ–စိတ္တဇဆိုတာ အခက်သားကလား"

"အခုအဲဟိုလူဆီကို ပို့ပေးပါ ပူဆာနေတယ်"

"ဟာ–ပို့လိုဘယ်ဖြစ်မလဲ၊ ဟိုကလဲ မှတ်မိတာမှ မဟုတ်ဘဲ"

"အင်းလေ–ဒါကြောင့် ကြပ်ပါတယ်ဆို၊ ကောင်မကလေးကဖြင့် ဓာတ်ပုံကို လက်ထဲက မချဘဲ တငိုငို တရီရီ ဖြစ်နေတာပဲ၊ စိတ်ညစ်ပါတယ် ကိုခင်ဇော်ရယ်"

"ပျဉ်းမနားက သူတို့ဦးလေးကတော့ ဘယ်လို အကြောင်းပြန်သလဲ"

"ဟာ–ဟိုလူကြီးက ဒီလောက်စိတ်ကောင်းမရှိပါဘူး၊ ပျဉ်းမနားမှာဆိုလဲ ပြုစုစောင့်ရှောက်တဲ့လူမရှိလို့ ကျွန်မတို့ကပဲ မာအောင် ပြုစုပေးပါတဲ့၊ ဆေးကုဖို့ ငွေတစ်ရာတင်ပို့လိုက်တယ်၊ ပြောမယ့်သာပြောတယ်၊ သူတို့ဦးလေးကလဲ အမွေတွေ မျက်စောင်းထိုးနေတာပါ ကိုခင်ဇော်ရယ်၊ လောကကြီးမှာ ငွေဟာ ရန်သူပေါ့"

"ဟိုလူဟာ သူ့ဟာသူ သတိရလာပြီး မြင့်မြင့်ခင်ကို ပြန်ဆက်မယ် ဆိုရင်ကော ဘယ့်နှယ်လုပ်မလဲ မြင့်မြင့်ခင်"

"အဲဒါလဲ တစ်ခက်ပေါ့၊ အခုနေတာက သူတောင်းစားမကလေးနဲ့ ညားနေတာ ထင်ရှားတော့ နောင် သတိပြန်ကောင်းလာတောင် ယူဖို့ ခက်မနေဘူးလား"

“ဒါဖြင့် ကိုခင်ဇော်အတွက် မျှော်လင့်ချက် ရှိသေးတယ် ပေါ့”

“စိတ်ရှုပ်ရတဲ့အထဲ ကိုခင်ဇော်ရယ်၊ နေစမ်းပါဦး”

ထိုအခိုက် မြင့်မြင့်ခင်တို့အိမ်တွင် ခိုင်းစေထားသော မိန်းမတစ်ယောက်နှင့် ထမင်းချက်တစ်ယောက် ပျာယီပျာယာနှင့် လိုက်လာကြသဖြင့် မြင့်မြင့်ခင်တွင် အထိတ်တလန့်ဖြစ်သွားလျက် သူတို့၏ အပြောကိုပင် မစောင့်နိုင်တော့ဘဲ–

“ဟဲ့–မဝင်းကြည် ဘယ်နှယ်နေလို့လဲ”ဟု ဆီး၍ မေးမိလေ၏။

“မဝင်းကြည် အိမ်မှာမရှိတော့ဘူး မမရဲ့၊ ဒီကိုများ လိုက်လာသလားလို့”ဟု မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနှင့် ပြောကြလေရာ မြင့်မြင့်ခင်သာမက မောင်ခင်ဇော်ပါ “ဟင်”ဟု ပါးစပ်မှ ပြိုင်တူ ထွက်သွားကြလေ၏။

“ဟဲ့–အိမ်နီးပါးနီးများ သွားတယ်ထင်ပါရဲ့”

“ကျွန်မတို့နဲ့နေပြီ မမရဲ့၊ ဘယ်မှာမှ မတွေ့ဘူး”

“ကဲ–ကိုခင်ဇော် ဒါက တစ်မှုပေါ်လာပြန်ပြီ”

“ဟို သူ့အစ်ကိုရှိတဲ့ ဆီများသွားမလား”

“ဟုတ်မယ် ဟုတ်မယ် ကိုခင်ဇော်၊ ကဲ လိုက်ကြပါဦးစို့ ရှင်”

*

ထိုနေ့ညနေက မောင်ပေါက်စီသာလျှင် ကိုယ့်ဘဝကိုယ် ပျော်မွေ့နေသောကြောင့် ပေါ့ပေါ့ဆဆ ပျော်ပျော်ရွှင်ရွှင်နှင့် အမှတ်မဲ့နေနိုင်လင့်ကစား မြင့်မြင့်ခင်နှင့် မဝင်းကြည်တို့လာ၍ တို့သွားသာ မီး

ကြောင့် မိမိကိုယ်ကို ကူးစက်တော့မည်ဟု ဥပါဒါန်ကပ်နေသော မယ်သုံတွင် စိတ်ထင့်ထင့်နှင့် နေရရှာလေသည်။ ညနေခင်း ကာဖီသောက်ပြီး ကထဲက အိပ်ပျော်နေသာ မောင်ပေါက်စီကား လောကကို အရေးမစိုက်သကဲ့သို့ ခြေပစ်လက်ပစ် အိပ်ပျော်နေစဉ် မယ်သုံမှာ တဲရှေ့တွင် ခြေတွဲလောင်းချထိုင်ရင်း မမြင်နိုင်သော အနာဂတ်ကာလကို တွေးတောနေမိလေ၏။

မကြာမီ ရွာတွင်းသို့ ကတိမ်းကယိုင်နှင့် ဝင်လာသော မိန်းကလေးကို ခပ်လှမ်းလှမ်းက မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် အသည်းတွေ အူတွေတုန်လာတော့လေ၏။ ထိုကလေးမှာ လွန်ခဲ့သော လေးငါးဆယ်ရက်က မောင်ပေါက်စီ၏ နှမအဖြစ်ဖြင့် လာရောက်ခဲ့ဖူးသော မဝင်းကြည်ဆိုသူမှန်း ကောင်းစွာမှတ်မိသောကြောင့် မည်သို့ပြောရမည် မသိလောက်အောင် ဖြစ်သွားသော်လည်း သေချာစွာ ကြည့်မိသောအခါ မဝင်းကြည်၌ ယခင်လာဖူးသော ရုပ်ရည်လက္ခဏာများမျှ မရှိတော့ဘဲ ဖြူဖပ်ဖြူရော် ပိန်တိပိန်ညှော်နှင့် လူမမာရုပ်ပေါက်နေကြောင်း သိသာတော့လေသည်။ ဘတ်စ်ကားမှဆင်း၍ မိမိတို့ရွာကလေးတွင်းသို့ ခြေကျင်လာရသည်ပင် အားအင် ကုန်ခန်းနေသကဲ့သို့ လေးကန်ချိနဲ့ကာ မကြာမကြာ ရပ်ဆိုင်း၍ အနားယူရသည်ကို မြင်ရသောအခါ မယ်သုံတွင် တဲပေါ်မှ ထိုင် မနေနိုင်တော့ဘဲ သွားရောက်၍ ကြိုဆိုမိတော့လေ၏။

“ကျွန်မကို နှင်မပစ်ပါနဲ့–ရှင်နော်၊ ကျွန်မပြောပါရစေဦး” ဟု ခရီးရောက်မဆိုက် မောမောပန်းပန်းနှင့် စိုးရိမ်တကြီး စကားခံလိုက်သောအခါ မယ်သုံတွင် ပါးစပ်အဟောင်းသား ဖြစ်သွားတော့လေ၏။

"ကျွန်မကိုကိုရှိတယ် မဟုတ်လားဟင်၊ ရှိရဲ့မဟုတ်လား"

"ခက်တာပဲကွယ်၊ မင်းကလဲ အတင်းစွပ်စွဲနေ၊ ဟိုကလဲ မဟုတ်"ဟု မယ်သုံက မယုတ်မလွန် ဖြောင့်ကွယ်, ကွယ်လိုက်သော်လည်း ကလေးမကား တဲကလေးဖိနပ်ချွတ်တွင် အားယူ၍ ဖြည်းညှင်းစွာ ထိုင်ချလိုက်လေသည်။ ပြီးမှ သက်ပြင်းကြီး တစ်ချက်ချလိုက်ရင်း–

"ဟုတ်ဟုတ် မဟုတ်ဟုတ် မမရယ်၊ ကျွန်မ, မမကို ချစ်ခြင်းကို ခွင်းရအောင်လာခဲ့တာ မဟုတ်ပါဘူး၊ ကျွန်မရုပ်ရည်ကိုသာ ကြည့်ပါတော့"ဟု ပြောလိုက်သောအခါ မယ်သုံကိုယ်တိုင်က မြင်သမျှ လူအပေါင်းအား ကိုကို,မမဟူ၍ ခေါ်ခဲ့ရသောဘဝ၌ ယခုကား လူကောင်းသူကောင်း အဖိုးတန်ကလေးတစ်ယောက်က "မမ" ဟု ဆွေမျိုးစပ်ကာ ခေါ်ငင်လိုက်ခြင်းကို တစ်သက်နှင့်တစ်ကိုယ် ပထမဦးစွာ ခံယူလိုက်ရခြင်းကြောင့် ရင်တွင်းတွင် ဆို့တက်၍လာတော့လေ၏။

"အေးကွယ်၊ ငါ့ညီမ အရင်တစ်ခေါက်ကနဲ့ လုံးလုံး မတူတော့ဘူး"

"မတူရုံမကတော့ဘူး မမ၊ ကျွန်မသေတော့မှာပဲ၊ ဒါဟာ ကိုကို့ကြောင့် ဖြစ်ရတဲ့ဝေဒနာပေါ့၊ ဒါကြောင့် ကိုကို့ကြောင့် ဖြစ်ရလို့ သေရရင်လဲ ကိုကိုရှိရာမှာ သေချင်လွန်းလို့ ကျွန်မ တိတ်တိတ်ကလေး ထွက်ပြေးခဲ့တာပါပဲ မမရယ်၊ ကိုကို့ကို မမချစ်နေလို့ ဘူးခံနေတာကို ကျွန်မရိပ်မိပါတယ်၊ ဒီတော့ ကိုကို့ကို ကျွန်မ မြင်နေရရင်တော်ပါပြီ၊ ကျွန်မကို မမှတ်မိလဲ နေပါစေတော့၊ ကျွန်မသာ မမတို့နဲ့ အတူနေရအောင် ပြောပေးပါတော့၊ မမတောင်းလဲ တောင်းခြင်း၊ မမရှာလဲ ရှာခြင်း၊ ကိုကို့ကို ကျွန်မပါ ကျွေးပါရစေ"

ဟု ပြောရင်း မျက်ရည်တွေ လိမ့်ဆင်းလာသောအခါ နဂိုက သနား တတ်သော မယ်သုံတွင် ဘာစကားမှ မပြောနိုင်တော့ဘဲ မျက်ရည် တွေ လည်လာပြီးလျှင် နှုတ်ခမ်းကို တင်းနေအောင် ကိုက်ထား ရလေ၏။

"ကျွန်မတို့မှာ အမေလဲမရှိ၊ အဖေလဲမရှိ၊ ကျွန်မ နှစ်ခါ လည်သမီးလောက်က ဒီအစ်ကို ကရိကထခံပြီး မွေးလာခဲ့တာမို့ သူက လွဲရင် ကျွန်မမှာ အားကိုးစရာမရှိပါဘူး"ဟု ဇွတ်ပြောနေသော အခါ မယ်သုံတွင် ရှေ့ကိုဆက်၍ မလိမ်ချင်လောက်အောင် ကရု ဏာ သက်မိလေ၏။ ထို့ကြောင့် ဖွာဖွာကြဲနေသော မဝင်းကြည်၏ နဖူးဆံစကလေးများကိုပင် လက်နှင့်ဖြည်းညှင်းစွာ သပ်ပေးမိလျက် အကြီးအကျယ် ရင်ထုမနာ ဖြစ်လာသောကြောင့်–

"မဝင်းကြည် မငိုနဲ့တော့ ညီမရယ်၊ ညည်းကိုကိုနဲ့အတူ နေရအောင် မမပြောပေးပါ့မယ်၊ ညည်းတို့မောင်နှမစားဖို့ မမပဲ တောင်းကျွေးပါ့မယ်၊ ဒီဘဝမှာဖြင့် ငါနဲ့မခွဲပါရစေနဲ့တော့"ဟု ငိုသံတွေ ပါလာကာ နှုတ်ခမ်းပါးနားတွေ တဆတ်ဆတ် တုန်လာ လေ၏။

"မခွဲဘူး မမ၊ မခွဲဘူး၊ ကိုကိုနဲ့နေရရင် ဘယ်ဘဝမှာ နေရ နေရ ကျွန်မ နေပျော် သပျော်ပါပြီ၊ ဒါကြောင့်မြင့်မြင့်ခင် တို့အိမ်က တိတ်တိတ်ကလေးထွက်ပြေးလာခဲ့တာပါ၊ ကိုကိုနဲ့ခွဲပြီး ရွှေဘုံပေါ်မှာတောင် မနေချင်ပါဘူး"ဟု မယ်သုံ၏ လက်ကို ကြင်နာ ခြင်း ပြင်းပြစွာနှင့် ဆုပ်နယ်၍ ပြောနေစဉ်အတွင်း ရွာထိပ်လောက် က မော်တော်ကား ဟွန်းသံတစ်ချက် ကြားလိုက်ရသောကြောင့် မဝင်းကြည်တွင် မျက်ကလဲ ဆန်ပြာဖြစ်လာပြီးလျှင်–

"ဟော လုပ်ပါဦး၊ ကျွန်မပျောက်လို့ရှာရအောင် လိုက်

လာပြီ၊ ကျွန်မကို ဝှက်ထားပါ မမရဲ့၊ ကျွန်မပြန်လိုက်သွားရရင် သေရပါလိမ့်မယ်”ဟု ဖုတ်ပူမီးတိုက် ပြောသောကြောင့် မယ်သုံက ကမန်းကတန်း တဲအတွင်းသို့ ခေါ်သွားပြီးလျှင် နောက်ဖေးချောင် ထောင့်ကြားတစ်ခုထဲတွင်ရှိ သပေါ့ဖျာလိပ်တွင်းသို့ သွင်းထား လိုက်ရလေ၏။

မဝင်းကြည်ပြောသည့်အတိုင်းပင် ရတ်တရက် မော်တော် ကားဆိုက်၍ အထဲမှ ဦးခင်ဇော် မြင့်မြင့်ခင်နှင့် အစေခံ တစ်ယောက်ထွက်လာပြီးလျှင်–

“ဟေ့–ဟိုတစ်နေ့က တို့နဲ့ပါလာတဲ့ ကလေးမကလေး တစ်ယောက် ဒီကိုမလာဘူးလား” ဟု မေးမေးရှာရှာ မျက်စိကလည်း အသုံးချနေတော့သဖြင့်–

“ဟင့်အင်း–မလာပါလား”ဟု ခေါင်းခါလိုက်ရလေ၏။

“မဟုတ်ဘူးလေ၊ လာတော့လာရမယ်၊ ဒီမလာရင်ဘယ်မှ မသွားဘူး”

“အို–ခက်,ခက်ရချည့်၊ မလာလို့ မလာပါဘူး ဆိုနေတာ” ဟု မယ်သုံက မျက်နှာထား မပျက်ဘဲ ဇွတ်လိမ်နေသည့်အတွင်း–

“ဘာလဲဟေ့ ဘာလဲ၊ တကထဲ ကောင်းကောင်းပဲ မအိပ်ရ ပါဘူးဗျာ၊ ဘာတုံး”ဟု တဲအတွင်းမှ အိပ်မှုန်စုံမွှားနှင့် မောင်ပေါက်စိ ကိုယ်တိုင်ထွက်လာပြီး–

“ဟင်–ဘယ်နှယ် ပန်းချီဆရာလင်မယား ဘာလာရှုပ် ကြပြန်တာလဲ”ဟု မေးလိုက်သောကြောင့် မြင့်မြင့်ခင်၌ ရတ်တရက် မျက်နှာပျက်သွားစဉ်အတွင်း ဦးခင်ဇော်က–

“ဟိုတစ်နေ့က ကျုပ်တို့နဲ့ ပါလာတဲ့ ကလေးမကလေး ဒီကို မလာဘူးလား၊ သူပျောက်သွားလို့ ဒီကိုလာရှာတာ”ဟု ပြန်အဖြေတွင်–

"တယ်–ဒီလူတွေ အမှုမရှိ လဉသန်းရှာနေပြန်ပါပြီ၊ နေရင်း ထိုင်ရင်း ကပ်သင့်နေလိုက်တာ၊ ငါ့လခွေး တယ် အလိုလိုနေရင်း အိမ်ပေါ်ကို ဒင်္ဂါးတစ်ပြားတလေမှ လိမ့်တက်မလာဘူး၊ အမှုကဖြင့် လိမ့်လိမ့်လိမ့်လိမ့်နဲ့ကို တက်လာတာပဲ၊ ကဲ–ရွှေကိုယ် တော်တို့တက်ရှာ တက်ရှာ၊ ဘယ်က သောက်ကောင်မလေးမှ မလာဘူး"ဟု အတင်းဆင်း၍ စိတ်ပေါက်လက်ပေါက်နှင့် ဆွဲခေါ်မှ မြင့်မြင့်ခင်တွင် ကြောက်ရွံ့လာသည့်အလား–

"ကဲပါ–ကိုခင်ဇော်ရယ်၊ ဒီကိုမလာလို့နဲ့တူပါတယ်၊ စိတ်ညစ်ညစ်နဲ့ တော်ရာပဲ ထွက်သွားပလား၊ ပျဉ်းမနားပဲ ပြန်လေရော့သလား၊ သံကြိုးရိုက်မေးရအောင် ပြန်ကြစို့"ဟု ကိုခင်ဇော်ကို ခေါ်မှ သူတို့တစ်တွေ လှည့်ပြန်ကြလေ၏။

"ဟုတ်ပါ့ဗျာ၊ တကထဲ သူတို့ကို လူဝင်လူထွက် ဉပဒေပဲ အစီရင်ခံရဦးတော့မလို"ဟု ညည်းညည်းညူညူနှင့်ရေရွတ်ကာ အိမ်ပေါ်တက်၍ နောက်ဖေးပေါက်သို့ ထွက်လိုက်သောအခါ သပေါ့ဖျာလိပ်ထဲက ခေါင်းပြူကြည့်သော မဝင်းကြည်နှင့် ပက်ပင်းတွင် တိုးမိသောကြောင့်–

"ဟောဗျ–သောက်ပလုတ်တုတ်"ဟု လန့်အော်လိုက်ပြီးမှ–

"ကြည့်စမ်း ကြည့်စမ်း၊ အိမ်ပေါ်ကို ဘိန်းပစ်ဖမ်းမလို့"ဟု ပြောပြောဆိုဆို "ဟောဒီမှာဗျို့"ဟု မြင့်မြင့်ခင်တို့ကို အော်ခေါ်ရန် ပြေးထွက်သောကြောင့် မဝင်းကြည်၌ ထိတ်ထိတ်လန့်လန့်နှင့် ဖြစ်နေစဉ်အတွင်း မယ်သုံက မောင်ပေါက်စီ၏ ပုခုံးကို အတင်းလိုက်ဆွဲရပြီးလျှင်–

"အစ်ကိုကြီး အစ်ကိုကြီး နေပါဦး၊ မယ်သုံပြောပါဦးမယ်"ဟု အတင်းအဓမ္မ ဟန့်တားမှ ပယောဂကောင်ကြီး ကြည့်သလို မယ်သုံအား ငုံ့ကြည့်နေလေ၏။

"နေပါစေ အစ်ကိုကြီးရယ်၊ ဒါ အစ်ကိုကြီးရဲ့ နှမကလေးလေ"ဟု မယ်သုံက တောင်းပန်သောအခါ မောင်ပေါက်စီ၌ ပြုံးစိစိကြီး ဖြစ်လာပြီးလျှင်

"ဟဲ့ မယ်သုံ–နင်ပါ ရှူးနေပါပကော"ဟု သူက တစ်ပြန်စီး လှောင်နေသောကြောင့် မဝင်းကြည်၌ ငိုမဲ့မဲ့ကလေး ဖြစ်လာလေ၏။

"ကဲ–ကဲ–အစ်ကိုကြီးနှမပဲဖြစ်ဖြစ်၊ သူစိမ်းပဲဖြစ်ဖြစ်၊ အစ်ကိုကြီးကို ချစ်ရှာလွန်းလို့လာနေပါရစေတဲ့–အစ်ကိုကြီးရယ်၊ သနားပါတယ်, နေပါစေနော်"

"ဟာ–ငါ့လခွေး ခြင်ထောင်မရှိတဲ့အိမ် လင်မယား အနေကြပ်အောင် လုပ်ကရော့မယ်၊ မယ်သုံကလဲ"

"မဟုတ်ပါဘူး အစ်ကိုကြီးရဲ့၊ မယ်သုံစကား နားထောင်မယ်ဆို"

"ကဲ–ကဲ၊ မယ်သုံစကားနားထောင်ပါတယ်၊ နေစေဗျာ၊ နေစေဗျား"ဟုအခွင့်ပေးရင်း အိမ်ဦးခန်း၌ သွား၍ ထိုင်နေမှ မဝင်းကြည်နှင့် မယ်သုံတို့တွင် မျက်ရည်လည်ရွဲနှင့် ပြုံးနိုင်ကြရှာလေ၏။

ကံ စိတ် ဥတု အာဟာရ တည်းဟူသော နာခြင်း တရားလေးမျိုး၌ ဥတုနှင့် အာဟာရသာလျှင် လူတို့ပြုပြင်ကုမ၍ ရကောင်းသော အကြောင်းတရားဖြစ်လျက် ကံနှင့်စိတ်တို့မှာကား ဘဝပါရမီနှင့် ကာယကံရှင်၏ စေတသိက်ပေါ်တွင်သာ အခြေတည်လျက်ရှိလေရာ ဆေးအဖုံဖုံ ခတ်စာတွေအစုံနှင့် ငွေကုန်ကျိုးမနပ်ခဲ့သော မဝင်းကြည်၏ စိတ္တဇဝေဒနာကား ဤတစ်ညနေတည်းနှင့် လက်နှင့်ယူပစ်လိုက်သကဲ့သို့ သိသိသာသာကြီး ကြည်သာ ရွှင်ပျလာလေ၏။ အသွင်မတူ အိမ်သူမဖြစ်ဆိုသော စကား

နှင့်လည်း လျော်ညီစွာ ဖြစ်လေရာ ရသမျှသော စည်းစိမ် ချမ်းသာနှင့်ပျော်မွေ့နေနိုင်ကြသော အရင်းခံစိတ္တုပ္ပါဒ်ကြောင့် ထို ညနေမှစ၍ သုံးယောက်စလုံး စည်းဝါးအံကိုက် အလိုက်အထိုက် ပျော်မွေ့နေကြလေ၏။

"ကိုကိုက မမသြဇာကို တော်တော်နာခံတယ်နော်"

"ယောကျ်ားဆိုတာ ကိုယ်ကိုချစ်ရင် ပြောစကား နား ထောင်တာပေါ့ ညီမရယ်"

"ကိုကိုနဲ့ ဘယ်လိုတွေ့ကြသလဲဟင်"

"ညည်းကိုကိုနဲ့လား"ဟု နိဒါန်းပျိုးရာ ပိုက်ဆံလုကောက် သည်မှ စ၍ နောက်ဆုံး သူ့အလိုလိုက်ခဲ့ရပုံတို့ကို မချန်မခြွင်းဘဲ အတိအလင်းဖွင့်၍ ဝန်ခံရှာလေ၏။

"အို-ဒါဖြင့် မမဟာ ကိုကို့ကျေးဇူးရှင်ကြီးပေါ့နော်၊ မမ ကသာ ဒီလိုစောင့်ရှောက်မထားဘူးဆိုရင် အသက်နဲ့ကိုယ်တောင် မြဲမှာမဟုတ်တော့ဘူး။ ကိုကို့ကျေးဇူးရှင်ဆိုတော့ ကျွန်မရဲ့ကျေးဇူး ရှင်ကြီးပါပဲ"ဟု ရိုးသားသော မယ်သုံ၏မျက်နှာကို ကြည်ညိုစွာ ပြော၍-

"ဒါတော့ ကျေးဇူးတင်လို့ ကျေးဇူးရှင်ခေါ်လဲ ခံရမှာပေါ့။ နဖူးစာနဲ့ အတို့အလှည့်ဆိုလဲ မှန်မှာပေါ့ညီမရယ်၊ ညည်းကိုကိုရဲ့ ဖြစ်ပုံလဲ ပြောစမ်းပါဦး"

ဤတွင် မဝင်းကြည်က တစ်ဖန် နတ်သံနှော၍ဖြစ်ကြောင်း ရယ်မှ ကုန်စင်လိုက်ပြန်သောကြောင့် မယ်သုံက စုတ်တသပ်သပ် နှင့် နားထောင်ရင်း-

"အင်း-ပစ္စည်းအတွက်များ သွေးသားချင်းတောင် မယုံရ ပါကလား ညီမရယ်၊ ခုနေ ညည်းကိုကို သတိပြန်ရမှ ညည်းတို့ရဲ့

နောင်ရေး စိတ်အေးရမှာနော်။ ဩော်–ဩော် မြင့်မြင့်ခင်ဆိုတာက ယောက်မလောင်းပေကိုး”ဟု စိတ်မသက်မသာ ပြန်ပြောလျက်–

“ညည်းကိုကို–သူ့ဘဝသူ ပြန်သတိရလာတဲ့ လူကောင်း တစ်ယောက်ဖြစ်မသွားစေချင်ဘူးလား– မဝင်းကြည်၊ အင်းလေ– လူကောင်းဖြစ်သွားရင် မမကို ဘယ်ချစ်နိုင်တော့မလဲ”ဟု တစ်ယောက်တည်း တဲကလေး၏ ကျိုးတိုးကျဲတဲဖြစ်နေသော ခနိမိုး ကို မော့ကြည့်ရင်း ပြော၍–

“အို–မမ၊ ပစ္စည်းဆိုတာ သခ်ါရမို့ ကျွန်မ မမက်ပါဘူး။ ပစ္စည်းကြောင့် လူကိုတောင် ရန်ရှာမှာ စိုးရပါသေးတယ်။ အခုလို ချစ်ချစ်ခင်ခင်နေကြရရင် တိုတောင်းတဲ့ လူ့သက်တမ်းကလေး အတွက် ကျေနပ်လှပါပြီ၊ မမနဲ့လဲ မကွဲစေချင်တာအမှန်ပါ၊ ကိုကို့ ကို မမက ရှာကျွေးခဲ့တယ်၊ ကယ်ဆယ်ခဲ့တယ်၊ အခုထက်ထိလဲ ကိုယ့်ကိုယ်ကို နှိမ့်ချပြီး ကိုကို့ကို ဝတ်ကြီးဝတ်ငယ်ပြုစုတာတွေ ကျွန်မ မြင်ရတော့ မမကို ချစ်လဲချစ်တယ်၊ သနားလဲ သနားတယ်၊ သာခုလဲ အများကြီးခေါ်ပြီး အတုတောင် ယူမိပါတယ်”ဟု ဖွင့်၍ ချီးမွမ်းရှာလေသည်။

“ကိုကို့ဓာတ်ပုံကို ကြည့်စမ်း မမ၊ အရင်က ရုပ်ရည်မျိုးနဲ့ တူသေးရဲ့လားလို့”မဝင်းကြည်က မြင့်မြင့်ခင်တို့အိမ်မှ ယူလာခဲ့ သော ခြောက်လက်မဓာတ်ပုံကို ထုတ်ပြသောအခါ ခေါင်းပေါင်း အုပ်ပေါင်း ပိုးအင်္ကျီရင်ဖုံးနှင့် ကိုယ်တစ်ပိုင်းရိုက်ထားသော မောင် ပေါက်စီ၏ ကျက်သရေကို ကောင်းစွာတွေ့ရလေ၏။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဘဝ၌ ဖြစ်ခြင်းကြောင့် ထူးကဲမွန်ရည်သော ယောကျ်ားကောင်း ယောကျ်ားချောတို့ ခံ့ညားခြင်းမှာ မယ်သုံ၏ မျက်စိတွင် ကွင်းကွင်းကွက်ကွက်ပေါ်လာလေ၏။

“အင်း–မဝင်းကြည်တို့ ကိုကိုကလူချောပဲနော်”ဟု ပြော လိုက်သောအခါ မဝင်းကြည်တွင် တစ်စုံတစ်ရာကို တွေးတောဝမ်း သာနေသကဲ့သို့ မျက်ရည်ကလေးများ အုလာတော့လေသည်။

တိတ်ဆိတ်သော ညအချိန်ကား တွေးတောသူများ အတွက်အလွန်စိတ်ကူးယဉ်စေသော ကာလကြီးဖြစ်လေ၏။ မိမိ ၏လက်ယာနံတောင်းတွင် စောင်းလျက်သား အိပ်ပျော်နေသော မောင်ပေါက်စီကား အိပ်မက်များပင် မက်နေသလားမသိ၊ သစ်တုံး နှင့် မခြားအောင် မလှုပ်မယှက် ဖြစ်နေလေသည်။

မယ်သုံသည် အိပ်ရင်းတွေးနေရာက အသာအယာ ထ၍ ထိုင်ပြီးလျှင် အသင့်ရှိသော ဖယောင်းတိုင်ကိုညှိ၍ ညနေက မဝင်း ကြည်ပေးသော ဓာတ်ပုံကို စိမ်းစိမ်းကြီး ကြည့်ရှုနေလေ၏။ တစ်ဖန် အိပ်ပျော်နေသော မောင်ပေါက်စီ၏ မျက်နှာကို ငုံ့ကြည့်လိုက်ပြန် လေ၏။ လေးငါးခုမျှရှိသော အမာရွတ်စင်းကလေးများကြောင့် မယ်သုံတွင် တစ်ယောက်တည်း စဉ်းစားနေလေ၏။ ပြီးမှ အကြံ တစ်ခု ရလာသည့်အလား ခေါင်းရင်းတွင် တွေ့ရသည့် ခဲတံအကျိုး တစ်ချောင်းနှင့် ဓာတ်ပုံက မျက်နှာပေါ်သို့ အိပ်နေသော မောင် ပေါက်စီ၏ မျက်နှာပေါ်က အမာရွတ်များကဲ့သို့ ရေးခြစ်လိုက်ပြီး သောအခါ မျက်လုံးပြူးသွားလေ၏။

အိပ်နေသော မောင်ပေါက်စီကား ဓာတ်ပုံထဲက မောင် ကျော်ဝင်းဆိုသူနှင့် အတူတူပင် ဖြစ်နေသည်ကို ဒိဋ္ဌတွေ့ရသော ကြောင့် စိတ်မောလက်မောနှင့် သက်မကြီးချလိုက်မိလေသည်။ ထိုအခိုက်–

“ကိုကိုရယ်၊ ကျွန်မကို မသနားတော့ဘူလား”ဟူသော ဝမ်းနည်းပန်းနည်းနှင့် ယောင်၍ ရှိုက်လိုက်သော အိမ်ရှေ့ခန်းမှ

မဝင်းကြည်၏ အသံမှာ အတွေးလွန်နေသော မယ်သုံအား ကြက်သီး ထသွားစေလေသည်။ မဝင်းကြည်၏ အသံမှာ အူထဲ အသည်းထဲမှ လှိုက်လှိုက်လှဲလှဲနှင့် တကယ့်ကြေကွဲစရာ ကောင်းသောအသံ ကလေးဖြစ်လေရာ ဓာတ်ပုံကို ထိုင်ကြည့်နေရာမှ အိပ်မက်, မက် ရင်း ယောင်၍ ထသွားသူအလား အသာတရာ ခြေဖျားထောက်၍ ဖယောင်းတိုင်ကို ကိုင်ကာ မဝင်းကြည် အနားရောက်အောင် လျှောက်ခဲ့မိလေ၏။

စိတ္တဇဝေဒနာကြောင့် ဘယ်နှစ်ရက်များ အိပ်မပျော်ခဲ့ သည်မသိ၊ သူ့အစ်ကိုနှင့် တွေ့ကြုံ၍ အတူတကွ နေကြရမှ နှစ်နှစ် ခြိုက်ခြိုက် ကွေးကွေးကလေး အိပ်ပျော်နေသော မဝင်းကြည်၏ မျက်နှာကလေးမှာ ပကတိ သနားစရာကလေး ဖြစ်နေလေ၏။

သူ့ခမြာတွင် ဆင်းရဲခြင်း၊ သိမ်ငယ်ခြင်းကို အရေးမစိုက် နိုင်၊ ဂုဏ်ရှိ, ဂုဏ်မဲ့ကို အဓိက မထားနိုင်၊ ချစ်ခင်ရာ, အားကိုးရာ ဖြစ်သော အစ်ကိုကြီးရှိရာသို့ အောက်ကျနောက်ကျနှင့် မရအရ တွယ်ကပ်၍ နေရှာလေသည်။ သူ့အစ်ကို၏ မျက်နှာသည် သူ့ခမြာ ၌ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဖြစ်စေသော အား ဆေးကြီးတစ်ခု ဖြစ်ရှာလေသည်။ အစ်ကိုနှင့်အတူတကွ နေရစေ ခြင်းမှာ "အရပ်တကာ လမ်းတကာ"တွင် ပိုက်ဆံလည်တောင်း ရသော ယုတ်နိမ့်အောက်ကျသည့် မိမိကို 'မမ ဟု ခေါ်ဝေါ်လိုက် သော စကားကလေးမှာ သူတောင်းစားမ ဖြစ်သော မိမိထက်ပင် နိမ့်ချရှိသေကြောင်း သိရသည့်အတွက် ယူကျုံးမရ ဖြစ်လေတော့ သည်။ ထို့ကြောင့် သတ္တုတွင်း သူဌေး မောင်ကျော်ဝင်း၏ မိခွေးတိုင်း ဖခွေးတိုင်း စိတ်ဓာတ်မဟုတ်ဘဲ သူရူးမောင်ပေါက်စီဘဝ၏ အချစ် ကို ခံယူနေရခြင်းသည် တရားရာရောက် မရောက် နက်နဲစွာ စဉ်း

စားမိတော့လေသည်။ မိမိက ချစ်၍ သူက တစ်ဖန်ပြန်ချစ်ကာ နေသမျှ ကာလပတ်လုံး သူတို့၏ ကြီးကျယ်မြင့်မြတ်သော စည်းစိမ် ချမ်းသာကို နှောင့်ယှက်ဖျက်ဆီးရာ ကျရုံမက နိမ့်ကျ ဆင်းရဲသော ဘဝထဲသို့ နှစ်ထားရာ ရောက်နေသောကြောင့် ဤနေရာတွင် လူသာမန်သူဌေးသူကြွယ်မျိုးကောင်းသားသမီးတို့သော်မှ မဆောင်ရွက်နိုင်သော သဘောထားကြီးမှုကို စွန့်စားဖော်ပြလိုက်ပါတော့မည်ဟု စိတ်ကူးပေါက်မိလေ၏။

ဤသို့ဖြင့် မဝင်းကြည်အနားမှ မျက်ရည်လည်ရွဲနှင့် စိတ်တင်း၍ ထလာခဲ့ပြီးလျှင် အသက်ပေး၍ ချစ်ခဲ့သော မောင်ပေါက်စီ၏ နံဘေးသို့ ဖယောင်းတိုင်ကိုင်ရင်း ရောက်ခဲ့ပြန်လေသည်။ မောင်ပေါက်စီကား မယ်သုံ၏အသည်းနှလုံးကို တောက်လောင်ဖျက်ဆီးနေသည့် အတွင်းမီးကို မသိနိုင်သည့်အားလျော်စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ပင် ရှိသေးသည်။

မျက်ရည်လုံးတွေ ဖုံးလွှမ်းနေသောကြောင့် မယ်သုံ၏ မျက်စိ၌ မောင်ပေါက်စီ၏မျက်နှာမှာ ဝါးတားတား မှုန်တံ့တံ့ မသဲမကွဲဖြစ်နေသေးလေရာ ထိုမျက်ရည်များကို အင်္ကျီလက်နှင့်ကောက်တို့ရင်း မျက်နှာချင်း နီးလာသည်အထိ ငုံ့ကြည့်မိပြန်လေ၏။

“အစ်ကိုကြီး အစ်ကိုကြီး အစ်ကိုကြီး၊ ကောင်းရာမွန်ရာ ရောက်အောင် မယ်သုံဆောင်ရွက်လိုက်တော့မယ်။ သတ္တုတွင်း သူဌေးဦးကျော်ဝင်းကြီးဘဝပြန်ရောက်တော့မှ သူတောင်းစားမကို ရွံရင်လဲ ရွံပေတော့၊ သွေးရိုးသားရိုး မေတ္တာမဟုတ်ဘဲ ပယောဂ ကြောင့် ကျွန်မကို ချစ်နေတဲ့ မေတ္တာမျိုးကို လက်ခံကြည်နူးနေသမျှ ကာလပတ်လုံး အစ်ကိုကြီးမှာသာ လူညွန့်တုံးနေတော့မယ်”ဟု တိုးတိုးကလေး ရေရွတ်နေမိတော့လေသည်။ မယ်သုံ၏လက်က

ဖယောင်းတိုင် ကလေးကား ကုန်လွန်သော အချိန်ကာကို ပြ သကဲ့သို့ တစ်လက်မနီးပါးမျှသာ ကျန်တော့လေသည်။

ထိုအခိုက် "ဟင့်အင်း…ဟင့်အင်း"ဟု မောင်ပေါက်စီက လူးလွန့်၍ သူ၏ဘယ်ဘက်ကို လက်နှင့် ရမ်းကြည့်လိုက်လေသည်။ သို့သော် ချစ်သူ၏ ကိုယ်ခန္ဓာခိုးလိုခုလုကို တွေ့နေကျအတိုင်း မတွေ့ထိမိသောကြောင့် "မယ်သုံ…မယ်သုံ"ဟု ပါးစပ်မှ ခေါ်ရင်း ကပျာကယာ လူးလဲထကြည့်လိုက်လေရာ ဤတွင်မှ ဖယောင်းတိုင် အတိုကလေးကို ကိုင်၍ ခေါင်းရင်းဘက် ခပ်ကျကျတွင် ငုတ်တုတ်ကလေးထိုင်နေသော မယ်သုံကို တွေ့ရခြင်းအတွက်

"ဟဲ့ ဟဲ့–မယ်သုံ နင်ဘာလုပ်နေတာလဲဟင်၊ မျက်ရည်တွေနဲ့ပါလား"ဟု အံ့သြထိတ်လန့်စွာ ပခုံကို ဆွဲကိုင်ရင်းမေးနေတော့လေသည်။ သို့သော် မယ်သုံကား စကားပြန်၍ မဖြေနိုင်တော့ဘဲ မျက်ရည်တွေသာ တဖြိုင်ဖြိုင်ကျဆင်းနေတော့၏။

"ဟဲ့–ပြောစမ်းပါဦး၊ အိပ်မက်,မက်ပြီး ယောင်နေတာလား"

"မဟုတ်ပါဘူး၊ အစ်ကိုကြီး ကျွန်မအိပ်မပျော်လို့ပါ"

"ဟင်–အိပ်မပျော်တာကလဲ မျက်ရည်တွေကျလို့ပါကလား၊ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး အစ်ကိုကြီး"

"မဟုတ်ဘူးလေ၊ တစ်ခုခုတော့ ဖြစ်ရမယ်၊ ဟိုကောင်မလေးကော၊ ငါ့နှမဆိုတဲ့ ကောင်မလေးလေ၊ သင်းက ဘာပြောလို့လဲ"ဟု ထ၍ ကမူးရှူးထိုး လုပ်မည့်ဟန်ပြင်သဖြင့်–

"အို ဟိုမှာ အိပ်နေပါတယ် အစ်ကိုကြီးရဲ့၊ ကဲကဲ ကျွန်မအိပ်ပါတော့မယ်၊ အစ်ကိုကြီးလဲ အိပ်ပါတော့"ဟု တိုတောင်းသော

ဖယောင်းတိုင်ကလေးကို ခေါင်းရင်း၌ စိုက်လိုက်ပြီးလျှင် မောင်ပေါက်စီ အနားက ခွေအိပ်လိုက်မှ ငြိမ်သွားပြီးနောက်–

"နေပါဦး၊ ငိုတဲ့အကြောင်းပြောစမ်းပါဦး"ဟု မကျေမနပ်နိုင်ဘဲ ဖြစ်နေ၍–

"အစ်ကိုကြီးကို ကျွန်မချစ်လွန်းလို့ငိုတာပါ အစ်ကိုကြီး ရဲ့"

"ဟဲ–ချစ်တာကလဲ ငိုရသလား၊ နင်ရူးများနေပလား မယ်သုံရယ်၊ အစကတော့ မချစ်တဲ့အတိုင်း–နို့နေပါဦး၊ ငါကတော့နင့်ကို မချစ်ဘူးထင်လို့လား"

"အစ်ကိုကြီးကလဲ အခုတော့ ချစ်နေသားပဲ"

"အို...ခက်...ခက်ရချည့်။ မျက်ရည်တွေ သုတ်စမ်းပါကွာ။ တကတဲ နင်ငိုနေတာမြင်ရတော့ ငါ့ဝမ်းထဲ နောက်ဖေးသွားချင်သလိုလို ဆီးအောင့်သလိုလိုနဲ့ အနေရသိပ်ခက်တာပဲ။ ကဲ...ကဲ... အစ်ကိုကြီး မွှေးရအောင် မှိုင်းဝေဝေပေါင်ဒါကလေး လိမ်းပေးပါရစေဦး" ဟု ယုယုယယ ပါးကလေးနှစ်ဖက်ကို လိမ်းပေးပြီး "အို–သိပ်မွှေး၊ တကယ်မွှေး၊ အရမ်းမွှေး၊ မနမ်းဘဲ မနေနိုင်အောင်မွှေး" ဟု ပြောပြောဆိုဆို မယ်သုံ၏ ကိုယ်လုံးကလေးကို တအားကျုံး၍ဖက်လိုက်လေ၏။

*

နောက်တစ်နေ့ မိုးလင်းသည်နှင့် တစ်ပြိုင်နက် မဝင်းကြည်ကို လက်တို့၍ ခေါ်ပြီးလျှင် မယ်သုံကား သူ့အကြံအစည်ကို ပြောရအောင် လမ်းသို့ ထွက်ခဲ့လေ၏။

"ညည်းကိုကို–သတ္တုတွင်းသူဌေးကြီးဘဝ ပြန်ရောက်မယ်ဆိုရင် ညည်းဝမ်းမသာဘူးလား"ဟု မယ်သုံက မျက်နှာထား

တည်ကြည်စွာ မေးလိုက်သောအခါ မဝင်းကြည်တွင် မဖြေတတ်အောင် အံ့အားသင့်သွားပြီးမှ မယ်သုံ၏ မျက်နှာကို မတွေးတတ်သကဲ့သို့ မော့ကြည့်လိုက်လေ၏။

"ဘာကိုဆိုလိုတာလဲ မမရဲ့"

"မမဆိုလိုတာက ညည်းကိုကိုဟာ အခု သူ့ဘဝကို သူပြန်မမှတ်မိလို့ ငါနဲ့အတူတူ ပျော်နေတာ မဟုတ်ဘူးလား။ ဒီလိုပျော်နေလို့ ညည်းကိုကိုမှာလဲ ဆင်းရဲ နေရတယ်။ ညည်းမှာလဲ ယုတ်နိမ့်တဲ့ဘဝကို ရောက်နေရတယ်။ ဒီတော့ ဒီဘဝက လွတ်ကင်းကြအောင် သူ့ကို ဆရာဝန်ကြီးတွေနဲ့ ကုစေချင်တယ်၊ ဒီလိုကုသဖို့တာဝန်ကို ညည်း ကိုကိုနဲ့စေ့စပ်ပြီးဖြစ်တဲ့ သူဌေးသမီး မြင့်မြင့်ခင်ဆီမှာ သွားပြောရအောင် ခေါ်လာတာပဲ"ဟု ပြောလိုက်သောအခါ မဝင်းကြည်တွင် မယုံနိုင်လောက်အောင် ဖြစ်သွားလေ၏။

"ဒီလိုလုပ်လို့ ဖြစ်ပါမလား မမရယ်၊ စဉ်းစားပါဦး"ဟု မျက်နှာငယ်နှင့် ပြောလိုက်သောအသံမှာ မိမိအပေါ်ဝယ် မည်၍ မည်မျှ ကရုဏာထားမှန်း ရိပ်မိနိုင်သောကြောင့်–

"ငါညက တစ်ညလုံး စဉ်းစားပြီးပြီ မဝင်းကြည်၊ ညည်းကိုကိုကို ငါချစ်လို့ သူ့ဇာတိ ဖုံးထားသမျှကာလပတ်လုံး ငါတစ်ယောက်အတွက် စိတ်ချမ်းသာရမယ်၊ ညည်းကိုကိုရဲ့စည်းစိမ်ချမ်းသာ၊ ညည်းရဲ့အပျိုအရွယ်ကလေး ဂုဏ်ကျက်သရေ၊ သူ့ဇနီးလောင်းဖြစ်တဲ့ မြင့်မြင့်ခင်၊ အဲဒီသုံးဦးစလုံး စိတ်ဆင်းရဲမှုတွေဟာ ငါ့ပယောဂကြောင့် တစ်သက်လုံး လူညွန့်တုံးကုန်ကြလိမ့်မယ်၊ အသက်အရွယ်ကလေးတွေက အခုမှ လူ့သက်တမ်းထက်ဝက်လောက်ရှိကြသေးတာမို့ ကျန်တဲ့သက်တမ်းထက်ဝက်စလုံး ဒုက္ခ

ဖြစ်နေကြမှာကို ငါမကြည့်ရက်တော့ဘူး၊ ဒါကြောင့် မြင့်မြင့်ခင်ဆီမှာ ညည်းအကျိုးအကြောင်း သွားပြောပါတော့”ဟု မျက်ရည်မကျအောင် နှုတ်ခမ်းကို တင်းမာစွာ ကိုက်၍ ပြောသဖြင့်–

“မမပြောတာ လမ်းကျပါတယ် မမ။ လူတိုင်းမရက်ရောနိုင်တဲ့ ကိစ္စကြီးမို့ မမကို ချီးမွမ်းပါတယ်။ ဒါပေမဲ့ မမ စိတ်မချမ်းမသာ ဖြစ်နေဦးမှာကိုလဲ ကျွန်မ, မမြင်ရက်သေးဘူး၊ ကိုကို အခုမမနဲ့နေရလို့ ပျော်သလို ကျွန်မလဲ ကိုကိုနဲ့ နေရရင် ပျော်ပါပြီ။ နောက်ကိစ္စတွေ ရှုပ်လာတော့”ဟု စကားကို နောက်ထပ်မဆက်ဘဲ ငေးနေရှာသောကြောင့်–

“နောက်ကိစ္စတွေ ဘယ်လိုပဲရှုပ်ရှုပ် ညည်းကိုကိုမှာတော့ စိတ်ဒုက္ခဖြစ်စရာ မရှိတော့ပါဘူး၊ ငါတောင်မှ အရင်ဘဝက အကုသိုလ်အကျိုးဆက်ကြောင့် ဒီဘဝမှာ ဒီလိုဖြစ်နေတာမို့ လူကောင်းသူကောင်း လူ့အဖိုးတန်တွေကို ဒီဘဝထဲ ဆွဲမနှစ်ချင်တော့ဘူး၊ နောင် ငါ့ကျေးဇူးတွေကို မှတ်မိလဲ မှတ်မိပေါ့၊ မမ ကျေနပ်ပါတယ်”ဟု ပြောသောအခါ အမှန်စင်စစ်မှာလည်း အမူသည်ရှင်က ကျေနပ်နေပြီဖြစ်သောကြောင့် မိမိအစ်ကိုတော်နှင့် မိမိကိုယ်တိုင်၏ အကျိုးကျေးဇူးများကို မမျှော်ကိုးဟု ဆိုရစေကာမူ ဤဘဝနှင့် ဓာတ်သိမ်းရန် မလိုလားထိုက်သည် မှန်သောကြောင့် မယ်သုံအားသာလျှင် ကြည်ညိုမဆုံး ချီးမွမ်း၍မကုန်ဘဲ မြင့်မြင့်ခင်တို့အိမ်သို့ ထွက်ခဲ့ရလေ၏။

တစ်လမ်းလုံး မိမိအစ်ကိုနှင့် မိမိ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေကြမည့်အရေးကို တွေးတောရင်း ဝမ်းသာ ကြည်နူးလာခဲ့လေရာ ရွှေတောင်တန်းရှိ မြင့်မြင့်ခင်တို့တိုက်သို့ ရောက်မှန်းမသိ ရောက်ခဲ့တော့လေ၏။

မြင့်မြင့်ခင်၏ အကျိုးပေးကား အတော်ညီညွတ်လေသည်။အလိုလိုက်သော မိဘ၌ ပစ္စည်းချမ်းသာသော ဘဝတွင် လုပချောမွေ့သော ကြန်အင်လက္ခဏာနှင့် ကောလိပ်ကျောင်းအထိ ပညာသင်ကြားတတ်မြောက်ခဲ့ရလေသည်။ ထို့ကြောင့် မိန်းကလေးချင်းတူလျှင် မြင့်မြင့်ခင်ကသာ အရာရာက တစ်ပန်းသာလျက်ရှိသဖြင့် မိဘများကလည်း သမီးဆိုမှ သမီး အချစ်ကြီးချစ်ခဲ့ကြသည်နှင့်အမျှ ဩဇာအာဏာပင်လျှင် သမီးပြီးမှ ပြီးရသော အခြေအနေထိ အခွင့်အရေးပေးခဲ့လေရာ ရန်ကုန်သို့ အလည်လာသော မိမိအစ်ကို မောင်ကျော်ဝင်းနှင့် ချစ်ကျော့ကွင်း မိကြပြီးလျှင် မကြာမီလက်ထပ်ရန်ကြောင်းလမ်းခဲ့သည်အထိ ပြီးမြောက်ခဲ့ကြလေသည်။ မောင်ကျော်ဝင်းကလည်း မြင့်မြင့်ခင်အား အစွဲအမြဲ ချစ်ခဲ့သလောက် မြင့်မြင့်ကလည်း မောင်ကျော်ဝင်းအား အတော်အရေးပေးခဲ့လေသည်။ နှစ်ဦးနှစ်ယောက်စလုံး ခေတ်ပညာ တတ်မြောက်ကြသူများ ဖြစ်ခြင်းကြောင့် ဆိုရှယ်ဟူသော အနောက်နိုင်ငံက ယဉ်ကျေးမှုကို မြန်မာကိုယ် မြန်မာစိတ်နှင့် အတုယူခဲ့ကြသူများဖြစ်ခဲ့သဖြင့် မရှောင်သာသော လမ်းမြောင်ကြားတွင် ညည်းနှင့်ငါနှင့် ညားဆိုသလို ညားမညားသာလျှင် နှမဖြစ်သူ မဝင်းကြည်၌မသိခဲ့လင့်ကစား အဆုံးစွန်သော သူတောင်းစားဘဝမျိုးမှ မိမွေးတိုင်း ဖမွေးတိုင်းဘဝသို့ မောင်ကျော်ဝင်း ပြန်ရောက်တော့မည်ဖြစ်ခြင်းကြောင့် အားတက်သရော ဝမ်းပန်းတသာ ကူညီပြုစုလိမ့်မည်ဟု ယုံကြည်မျှော်လင့်ခဲ့လေသည်။

ဤသို့နှင့် တိုက်ဝသို့ ရောက်သောအခါ သံခေါက်တံခါးများ ပိတ်ထားသည်ကို အထူးအဆန်း တွေ့ရသောကြောင့် တံခါးဝက ရပ်ကြည့်နေမိလေသည်။ အစေခံမကလေးတစ်ယောက် အိမ်

နောက်ဖေးမှ ထွက်လာသောအခါမှ မေးမြန်းကြည့်သောအခါ စုတ်ချာသော မဝင်းကြည်ကို အံ့ဩသလိုကြည့်ရင်း–

“မေမေကြီးတို့ ညကတည်းက ဘုရားပေါ်က ဇရပ်မှာ သွားအိပ်တယ်။ သူတို့ ဒီနေ့ ဥပုသ်စောင့်ရင်း သံဃာတော် ဆွမ်းလုပ်ကျွေးမလို့”ဟု ဖြေနေသော်လည်း တံခါးကို ဖွင့်မပေးသေးသဖြင့် မဝင်းကြည်က အိမ်တွင်းသို့ ကြည့်ရင်း–

“မမမြင့်ကော ပါသွားသလား”ဟုမေးမှ ကလေးမလေး က မျက်နှာမထားတတ်သလို ဖြစ်သွားရင်း မြင့်မြင့်ခင်၏အိပ်ခန်းကို ပြန်ကြည့်လိုက်ပြီးနောက်–

“မမမြင်တော့ ရှိတယ်၊ ဒါပေမဲ့”ဟု အားနာသကဲ့သို့ စကားခပ်ဆိုင်းဆိုင်း ဖြစ်သွားရာက မဝင်းကြည်အားလည်း ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြန်ကာ–

“ဘယ်သူလာလာ ဖွင့်မပေးနဲ့လို့ မှာထားတယ်”ဟု ကြောက်ရွံ့စွာ ပြောလိုက်သောကြောင့် မဝင်းကြည်တွင် အံ့အားသင့်သွားတော့လေသည်။ သို့သော် မြင့်မြင့်ခင်တို့အိမ်၌ မိမိ နေလာခဲ့သည်မှာ သူစိမ်း ဧည့်သည်ကဲ့သို့ အာဂန္တုမဟုတ်။ မကြာမီ သွေးရင်း သားရင်း ဆွေဝင် မျိုးနွယ်ဖြစ်ရတော့မည် ဖြစ်ခြင်းကြောင့် သမီးမြင့်မြင့်ခင်နှင့်မခြား တစ်တန်းတည်း သဘောထား၍ မိဘများက ပြုစုချီးမြှောက်ကြခြင်းဖြင့် အစေခံတွေကိုပါ စေစားနိုင်လောက်သော အခွင့်အရေးရှိခြင်းကြောင့်–

“ဒါဖြင့် တံခါးဖွင့်ပေးစမ်း။ မမမြင့်အိပ်ရာက မထသေး၊ ဘူးလား၊ ခုထက်ထိ”ဟု အတင်းလောလေရာ အစေခံကလေးမှာ နောက်ထပ်ဆင်ခြေမတက်နိုင်တော့ဘဲ ယောင်တိယောင်ကန်းနှင့် တံခါးဖွင့်ပေးလိုက်ရလေ၏။

"မမမြင့် အိပ်တုန်းပဲလား"ဟု တစ်ခါထပ်၍ မေးသော အခါ–

"ဟုတ်တယ်"ဟု တိုတိုတောင်းတောင်း ဖြေပြီးလျှင် အိမ် နောက်ဖေးသို့ ထွက်သွားသောကြောင့် မဝင်းကြည် တစ်ယောက် တည်း ဧည့်ခန်းတွင် ကျန်ရစ်ခဲ့လေ၏။

မိမိနှင့် မြင့်မြင့်ခင် နှစ်ယောက်အတူ အိပ်ခဲ့သော အိပ်ခန်း တံခါးကို တွန်းကြည့်လိုက်သောအခါ အထဲမှ ကန့်လန့်ထိုးထား သည်ကို တွေ့သဖြင့် ခါတိုင်း မပိတ်ပါဘူးဟု တစ်ကိုယ်တည်း ရေရွတ်ကာ အိပ်ပျော်နေသူတစ်ဦးကို နိုးရန် အားနာသည့် အလျောက် အချိန်ကလည်း ရှစ်နာရီထိုးလုနီး ဖြစ်ပြီးသည့်အတိုင်း သူ့အလိုအလျောက် နိုးရန် ကြာတော့မည် မဟုတ်ဟု အချိန် အနည်းငယ် စောင့်ဆိုင်းနေရ ပြန်လေ၏။

မကြာမီ မဝင်းကြည်နားတွင်းသို့ ခစ်ခစ်ခစ်ခစ်ဟူသော ကျိတ်၍ ရယ်သံတစ်မျိုးသည် မြင့်မြင့်ခင်၏ အခန်းတွင်းမှ ပေါ် ပေါက်လာသောကြောင့် အထူးအဆန်းဖြစ်ကာ ခေါင်းထောင် လျက် ပိတ်ထားသော တံခါးကို ကြည့်မိလေ၏။ ထိုရယ်သံကား တစ်ဦးတစ်ယောက် တစ်ကိုယ်တည်းမှ ဖြစ်ပေါ်လာနိုင်သော ရယ် သံမျိုးမဟုတ်။ နှစ်ကိုယ်တွဲကာ ပလူးပလဲကလိမှ ယားကျိကျိနှင့် ခရာတာတာ ထွက်လာတတ်သော မူလကျိရယ်သံမျိုးဖြစ်လေရာ မြင့်မြင့်ခင်အတွက် သင်္ကာ မကင်းသော စိတ်ထားမျိုး ပေါ်ပေါက် တော့လေ၏။ သို့အတွက် နားကလေး စွင့်နေစဉ်အတွင်း–

"ကြည့်ပါလား...ကဲပြီ သူကဖြင့်"ဟူသော မြင့်မြင့်ခင်၏ အသံကြောင်ကလေးကို ထပ်၍ ကြားလိုက်ရသောအခါ ခေါင်း နားပန်း ကြီးသွားမိလေသည်။ ထိုအသံသည်လည်း ပွင့်ပွင့်လင်း

လင်း ရဲရဲတင်းတင်း ပြောသော အသံမဟုတ်၊ တိတ်တိတ်ကျိတ်၍ ဟန့်လိုက်သော အသံဖြစ်သောကြောင့် ဒိဋ္ဌထင်လင်း မိမိ၏ မျက်စိ နှစ်ကွင်းနှင့် ကြည့်ချင်သော အာသာမှာ တားမရ ဆီးမနိုင်ဖြစ်လာ သဖြင့် အသာတရာ ခြေဖျားထောက်၍ တံခါ နားသို့ ကပ်သွားမိ လေ၏။

"အို–နေပါဦး တကတဲ၊ မျက်နှာတောင် မသစ်ရတော့ဘူး လား"

"ကြည့်စမ်း ကြည့်စမ်း"

အထက်ပါ စကားများအဆက်မပြတ် ကြားရတိုင်း တံခါး ဝနားက မဝင်းကြည်ကား ထွက်ပေါက်ရှာနေသော ကျားရိုင်းပမာ ရှိုးတိုးရှတ ဂဏှာမငြိမ်နိုင်အောင် ရှိလေ၏။ ပြီးမှ တံခါးရွက်တွင် ရှိသော သော့ပေါက်ကို သတိရသဖြင့် ဝမ်းသာအားရှိစွာ ကိုယ်ကို ကိုင်းက ခါးညွတ်ပြီး ကြည့်မိလေရာ မြင့်မြင့်ခင်နှင့် ပန်းချီဆရာ ဦးခင်ဇော်ကို တွေ့လိုက်ရသဖြင့် သရဲအခြောက်ခံရသလို တစ်ကိုယ် လုံး တုန်သွားတော့လေ၏။ မြင့်မြင့်ခင်မှာမူကား သူ၏ ခုတင်ပေါ် ၏မှ ခြေတွဲလောင်းချပြီး ထရန် ဟန်ပြင်နေသကဲ့သို့ရှိရာ အိပ်မှုန်စုံ ဖွား မျက်နှာကြီးနှင့် ဦးခင်ဇော်က မြင့်မြင့်ခင်၏ ကိုယ်ကလေးကို ကျုံးဖက်ထားလေ၏။ သူတို့၏ ကြီးစွာသော ပီတိချမ်းသာကို ဖော်ပြနေသကဲ့သို့ ရှိလေ၏။

မဝင်းကြည်မှာ ကြည့်ရင်း ကြည့်ရင်း ယိုသူမရှက် မြင်သူ ရှက်နေသောကြောင့် မျက်နှာကလေးတစ်ခုလုံး ရဲရဲတောက်နီလာ ပြီးလျှင် နူတ်ခမ်းပါးနားများပါ တုန်တုန်ရီရီ ဖြစ်လာလေ၏။ ကြည့် ရာမှ မျက်စိလွှဲလိုက်ပြီးလျှင် ခါးကို မတ်မတ်ဆန့်လိုက်ရသော် လည်း ထိုခဏအတွင်း ဘာကိုပြုရမည် မသိလောက်အောင်ယောင်

ချာချာ ဖြစ်နေလေသည်။ ထို့နောက် ဝမ်းနည်းခြင်း၊ ယူကြုံးမရခြင်း၊ ဒေါသဖြစ်ခြင်းတို့သည် ဝမ်းထဲ၌ လိပ်လိပ်လိပ်လိပ်နှင့် အပင်းတက်သလို တက်လာလေ၏။ မြင့်မြင့်ခင်အား အစ်မရင်းလောက် ချစ်ခဲ့လေသည့် ယောက်မလောင်း ဖြစ်သောကြောင့် သဘောချင်းအတော်ညီအောင် ကြိုးစား၍ ပေါင်းခဲ့၏။ ထို့ကြောင့် မြင့်မြင့်ခင်ကလည်း နေရာတိုင်း တပူးတွဲတွဲ သွားတူလာဖက် လုပ်ခဲ့၏။ ယခုကား မိမိကိုလည်း မသနား၊ သူချစ်ခဲ့သော မိမိအစ်ကိုကိုလည်း မျက်နှာမထောက်၊ မိဘတွေကိုလည်း မငဲ့ညှာဘဲ ကိုခင်ဇော်နှင့် ပစ္စလက္ခတ်နေသော အဖြစ်သည် မကြည့်ရက် မမြင်ဝံ့အောင် ဖြစ်လာသောကြောင့် ကမန်းကတန်း ပြေးမိပြေးရာ အိမ်ရှေ့ခန်းသို့ ပြေးထွက်ခဲ့ပြီးလျှင် ကုလားထိုင်တစ်ခုပေါ်သို့ ပစ်လှဲချပြီး အားရပါးရ ငိုမိလေ၏။

ကောလိပ်ကျောင်းတွင် မောင်ခင်ဇော်နှင့် မြင့်မြင့်ခင်တို့ တစ်တန်းတည်းနေခဲ့ဖူးလေသည်။ ထိုနောက်မှ မောင်ခင်ဇော်က ဘိလိပ်သို့ ပန်းချီပညာတော်သင်အဖြစ်ဖြင့် မြန်မာပြည်မှ အနောက်နိုင်ငံသို့ ထွက်ခွာသွားရလေသည်။ ထိုအတွင်း မြင့်မြင့်ခင်က မိမိအစ်ကိုနှင့် တွေ့ဆုံကာ ချစ်ကြ ကြိုက်ခဲ့ကြလေသည်။ မောင်ခင်ဇော် ဘိလပ်မှ **(R.A)** ဘွဲ့ရ၍ မြန်မာပြည် ပြန်လာသောအခါ သတင်းစာအသီးသီးတို့က ဝိုင်း၍မြှောက်ကြလေသည်။ ချီးမွမ်းကြလေသည်။ ထို့ကြောင့် ပန်းချီ ဦးခင်ဇော်ဟု အရွယ်ငယ်ငယ်ကလေးနှင့် ဟိုးဟိုးကျော်ကာ အစိုးရသုံး, မျက်နှာဖြူသုံး, သူဌေးသုံး, ပန်းချီကျော်ကြီး ဖြစ်ခဲ့ရလေသည်။ မြန်မာပြည်တွင် ယခုအခါ သူမတူ ထင်ရှားသော ပန်းချီဆရာကြီးကား ကောလိပ်တွင် မြင့်မြင့်ခင်နှင့် အကျွမ်းတွင် ရည်ငံခဲ့ဖူးသူဖြစ်၍ ဘိလပ်မှ ဂုဏ်ကြီးဒြပ်ကြီးနှင့် ပြန်လာ

သောအခါ တူနှစ်ကိုယ် ပြန်တွေ့ကြခြင်းသာဖြစ်ရာ ဦးခင်ဇော်မရှိ ခင်အတွင်း ချစ်ခဲ့သော မိမိအစ်ကိုအား နှုတ်ကတိပေးထားခဲ့စေ ကာမူ ဤကဲ့သို့ မရှုမလှဘဝပြောင်းသွားသောအခါတွင် သာမည ဖြစ်သော မိမိအစ်ကိုကို စွန့်လွှတ်လျက် ဘိလပ်ပြန် ပန်းချီဆရာ ကြီးအားသာလျှင် အချစ်လက်ဆောင်ပေးလို၍ တစ်ညလုံး ခေါ် သိပ်ထားကြောင်း လက်ဆုပ်လက်ကိုင် မိနေသောကြောင့် အခန်း တွင်မှ ထွက်လာလတ္တံ့သော မြင့်မြင့်ခင်၏ မျက်နှာကိုပင် မျက်စိ ချင်းဆိုင်ရန် မျက်နှာပူလှသောကြောင့် ငိုနေရာမှ ထလိုက်ပြန်လေ ၏။

"သူဒါကြောင့် ဘယ်သူမှ မဝင်ရဘူးလို့ ပြောထားတာ ကိုး၊ သူ့မိဘတွေမရှိတုန်း ကိုခင်ဇော်ကို တမင်တကာ ဖိတ်မန္တကပြု တာကိုး၊ ပျက်ပြီ ပျက်ပြီ သူငါ့အစ်ကိုအပေါ် သစ္စာပျက်ပြီ၊ သူ့ကို အားကိုးရင် အားကိုးရာ ရတော့မှာ မဟုတ်ဘူး"ဟု စဉ်းစားရင်း တိုက်တွင်းမှ ထွက်ခဲ့ရာ ခပ်လှမ်းလှမ်းမှ မရောက်မီ တိုက်အပေါက် ဝမှ ထွက်ခေါ်သော မြင့်မြင့်ခင်၏အသံကို ကြားလိုက်ရသော်လည်း လှည့်၍ မကြည့်တော့ချေ။

"ဩော်–ကောင်မလေး စိတ်နောက်သွားသွားရှာပြီ ကိုခင်ဇော်" ဟု တိုက်တွန်းသို့ လှမ်း၍ပြောလိုက်သော အသံသည်လည်း မဝင်း ကြည်အား ရယ်ချင်သလို ငိုချင်သလို ဖြစ်လာရကား ဒေါသဖြစ်၍ မြင့်မြင့်ခင်ရှိရာသို့ မျက်နှာထားတင်းတင်းနှင့် ပြန်ကြည့်ပြန်လေ သည်။

"ဟုတ်တယ် မြင့်၊ သူကြည့်ပုံတွေကလဲ မကောင်းတော့ ဘူး လာ လာ၊ ပြန်လာပြီး စကားပြောနေရင် ကိုးရိုးကားရားတွေ ဖြစ်ကုန်မယ်"ဟု ကိုခင်ဇော်က စိုးရိမ်တကြီးနှင့် သူ့ချစ်သူကို

ဆွဲသွင်းသွားလေရာ ဤတွင် မဝင်းကြည်၌ ရှိက်ကြီးတငင် ဝမ်းနည်းပက်လက်နှင့် သွေးရူးသွေးတမ်း ထွက်ခဲ့လေရာ လောကဓာတ်ကြီးတစ်ခုလုံးကား အမှောင်တိုက်ကြီး ဖုံးလွှမ်းနေသကဲ့ သို့ထင်လိုက်တော့လေသည်။

*

မယ်သုံတို့ အိမ်သို့ မဝင်းကြည် ပြန်ရောက်သောအခါ မိမိ အစ်ကိုပင်လျှင် နိုးနေ၍ မယ်သုံက ကော်ဖီနှင့် မုန့်တို့ကို တရိတသေ အနားက ထိုင်ရင်း ကျွေးမွေးနေသည်ကို မြင်ရလေ၏။

"ဟဲ့ကောင်မလေး၊ နင်စောစောစီးစီး ဘယ်ထွက်သွားတာလဲ"ဟု မောင်ပေါက်စီက ကြိမ်းဝါးလိုက်သောအခါ မဝင်းကြည်တွင် ဘာမှ ပြန်မပြောတတ်သဖြင့်–

"ကျွန်မ ခိုင်းလိုက်တာပါ အစ်ကိုကြီးရဲ့"ဟု မယ်သုံက ဝင်၍ ညှိထောက်ခံလိုက်ပြီးလျှင် မဝင်းကြည်အား မျက်ရိပ်ပြ၍ နောက်ဖေးဆောင်သို့ ခေါ်သွားလေသည်။

"ဟဲ့–မဝင်းကြည်၊ နင့်မျက်နှာကလဲ ညှိုးလှချည်လား၊ ဘာဖြစ်လာလို့လဲ"ဟု မယ်သုံက စိုးရိမ်တကြီးနှင့် မေးသော်လည်း မဝင်းကြည်တွင် အဖြေမပေးဘဲ မျက်ရည်တွေသာ ဝဲနေလေသည်။

"ပြောစမ်းပါဦး၊ လမ်းမှာ ဘာဖြစ်လာတာလဲ"ဟု ပုခုံးနှစ်ဖက်ကို လှုပ်မေးမှ မျက်နှာကိုမော့ကြည့်ရင်း–

"ဘာမှမဖြစ်ပါဘူး မမ"ဟု စိတ်မပါ့တပါ ပြန်ပြောသည့် အတွက်–

"နို့ မြင့်မြင့်ခင်နဲ့ တွေ့ခဲ့ရဲ့လား"

"အင်း–သြော်–ဟင့်အင်း"ဟု အယောင်ယောင် အမှားမှားဖြစ်နေရာ–

"တွေ့ခဲ့တာလား မတွေ့ခဲ့တာလား"

"တွေ့တွေ့ မတွေ့တွေ့ သူ့အကြောင်းကိုမပြောပါနဲ့တော့ မမရယ်၊ သူတို့ကို ကိုကို့အတွက် ဘာတစ်ခုမှ မပြောချင်တော့ဘူး။ မသကာ ကျွန်မ ပျဉ်းမနားကို ပြန်ပြီး ဦးလေးကို ပြောတော့မယ်"ဟု ပိတ်၍ ပြောလိုက်သောကြောင့် မယ်သုံက မျက်ခွံကလေးမှေးပြီး စဉ်းစားရင်း မဝင်းကြည်၏ စိတ်ဒုက္ခကို ရိပ်မိသည့်အလား–

"ကဲ–ရှိပေစေတော့ညီမ။ ညည်းကိုကို့အတွက် ပို့မယ့်ပို့ ကူးတို့ကျအောင် အစ်မကြီးကပဲ ပို့တော့မယ်။ ဘယ်သူမှ တာဝန်မရှာပါစေနဲ့တော့"ဟု ဆိုသဖြင့်–

"မမမှာ ပိုက်ဆံ"

"အို–ပိုက်ဆံ ဘာအရေးလဲ၊ လူမသေ ငွေမရှားဆိုတာ အစ်မကြီးတို့လို လုပ်စားကိုင်စားတွေအတွက် ပြောတာပေါ့။ ညည်း ကိုကိုဆီမှာအပ်ထားတာ ငွေတစ်ရာကျော်ရှိတယ်။ ဒီကြားထဲ မမ တယောနဲ့ ကြိုးစားပြီးပိုက်ဆံတောင်းရင် ဆယ်ရက်မစုရပါဘူး။ ကဲ လာ လာ ဘာမှ စိတ်မညစ်နေနဲ့။ ကော်ဖီသောက်ကြစို့"ဟု အံ့ဩနေသော မဝင်းကြည်အား နောက်ထပ် မည်သို့မှ မပြောနိုင်မီ မောင်ပေါက်စီရှာသို့ တွဲခေါ်သွားတော့လေ၏။ မကြာမီ တယောပြားကလေးကို ကိုင်ကာ ထွက်ရန်ပြင်နေသောကြောင့်–

"ဟာ–မယ်သုံရာ ဒီနေ့ ထွက်တော့မလို့လား၊ နင်တစ်ယောက်တည်း မဖြစ်ပါဘူးဟာ၊ ငါပါလိုက်မှထင်ပ"ဟု မောင်ပေါက်စီက ပြောသည်ကို–

"အို–အစ်ကိုကြီး၊ ဘာမှ ကျွန်မအတွက်တော့ စိတ်မချမရှိနဲ့၊ အစ်ကိုကြီးချစ်ထားတဲ့ ကိုယ်ကို ဘယ်သူမှ မစော်ကားရဘူး။ ဟောသည်မှာ ကြည့်"ဟု ခါးကြားထဲက ဓားမြှောင်ကို ပုတ်ပြရင်း–

"ကဲ–ငါ့ညီမ ညည်းအစ်ကိုကြီးကိုသာ စောင့်ရှောက်ရစ်နော်"ဟု မဝင်းကြည်ကို လှမ်းမှာပြီးမှ စိုက်စိုက်စိုက်စိုက်နှင့် ထွက်သွားသောအခါ မဝင်းကြည်တွင် သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်ပြီး ခေါင်းကလေး ညိတ်ရင်း ကျန်ရစ်ခဲ့ရှာလေ၏။

"တကယ့်...မေတ္တာစစ်နဲ့ ချစ်ရက်သားနဲ့...ပစ်ပယ်တော်မူအားတယ်...အထင်တော်လွဲလို့ကွယ် ချစ်တဲ့သူရယ် ခွဲနိုင်ရဟာရက်တယ်..."

"မောင့်အပေါ်ဝယ်...ဂုဏ်ရည်မူလို့လား...ရွှေစပယ်ဖြူပန်ချင်သူက များတယ်...မသနားဘဲ...ရက်စက်တယ်"ဟူသော မောင်ပေါက်စီ သင်ပေးသည့် ဂုဏ်မြင့်သူ သီချင်းသံသည် ရန်ကုန်မော်တင်လမ်းကစ၍ လတ္တာလမ်းအထိ တစ်လမ်းဝင် တစ်လမ်းထွက်နှင့် မြန်မာအနေများသော ရပ်ကွက်တွင် ထိုနေ့တစ်နေ့လုံးပျံ့နှံ့နေလေ၏။ ထိုသီချင်းကလည်း ခေတ်စားချိန်အတွင်း၊ ဆိုသော မိန်းကလေးကလည်း ကရုဏာသက်စဖွယ်၊ ရုပ်ရည်ကလေးကလည်း သနားကမား၊ တယောပြားကလေးကလည်း အတော်ခွဲနေသောကြောင့် မူးစေ့၊ မတ်စေ့၊ ကြေးပြား၊ ပဲစေ့တို့မှာ မယ်သုံ၏ခြေရင်းတွင် ဖွေးဖွေးဖြူနေတော့လေ၏။

ခါတိုင်းတမူ နေကလေးစောင်း၍ တော်ရုံတန်ရုံရလျှင် လောဘသတ်ကာ အိမ်သို့ပြန်နိုင်သော်လည်း ယနေ့တွင် မယ်သုံ၌ အိမ်သို့ ညနေအတော်စောင်းသည့်တိုင်အောင် မပြန်နိုင်သေး "မျက်စိလည်သေ ဆွမ်းဆန်ရလေ"ဆိုသော ဘိုးသူတော်စကားကဲ့သို့ တရစ်ဝဲဝဲ ထပ်နေခြင်းဖြင့် အချိန်ကုန်ရရှာလေသည်။

နေတစ်ပိုင်းသာသာ ဝင်သွားမှ စိတ်ပူနေမည်ဖြစ်သော မောင်ပေါက်စီတို့ မောင်နှမအတွက် မြန်မာဘတ်စ်ကားစီး၍ ပြန်ခဲ့

လေရာ ထင်သည့်အတိုင်းပင် မောင်နှမနှစ်ယောက် စမ်းချောင်းထိပ်က လာ၍ ကြိုဆိုနေကြရှာသည်။ အကြောင်းသိသော မဝင်းကြည်ကသာ ဣန္ဒြေမပျက်သော်လည်း အကြောင်းမသိသော မောင်ပေါက်စီတွင် ကြာရပါမည်လားဟု ကြိမ်းမောင်းရန် စောင့်ဆိုင်းနေလေသည်။

“အို—အစ်ကိုကြီး၊ ကျွန်ကို ကြိမ်းရအောင် လာစောင့်နေတာလား၊ အလကား ဒုက္ခရှာလို့ အစ်ကိုကြီးရယ်၊ ကျွန်မ အိမ်ရောက်မှ သက်သောင့်သက်သာ ကြိမ်းရောပေါ့၊ ကျွန်မကြာတာက အစ်ကိုကြီး ကြိုက်တတ်တဲ့ ဂိုးဖလိပ်စီးကရက် ဝယ်နေလို့ကြတာပါ၊ လာ...လာ...ထမင်းစားပြီးမှ မယ်သုံကို စိတ်ဆိုးရင်လဲ ရိုက်ပြီးဆုံးမတာပေါ့”ဟု ရယ်ရယ်မောမောနှင့် ဆွဲခေါ်သွားသောကြောင့် မောင်ပေါက်စီတွင် ဘာမှ မပြောနိုင်တော့ဘဲ ပါသွားလေရာ စိတ်ဓာတ်ကို သိပြီးဖြစ်သော မဝင်းကြည်သာလျှင် ရင်ထုမနာ ဖြစ်ရတော့လေသည်။

ဤသို့နှင့် ဆယ်ရက်လောက်ကျော်လွန်သောအခါ မယ်သုံ၏ အိမ်တွင် မောင်ပေါက်စီကိုမတွေ့ရတော့ဘဲ ဆေးရုံကြီး၏ သီးသန့်သောအခန်းထဲတွင် သတိမရအောင် အဖျားတက်နေသည်ကိုသာ တွေ့ရလေတော့သည်။ မဝင်းကြည်နှင့် မယ်သုံတို့မှာ ညနေတိုင်း ရောက်ကြသော်လည်း ဆရာဝန်ကြီး၏ တားမြစ်ချက်အရ မောင်ပေါက်စီနှင့် မတွေ့ကြရချေ။

“ဦးနှောက်ပျက်သွားခါစက ဒဏ်တွေဟာ အခုမှ ပြန်ပေါ်နေလို့ စကားမေး မရနိုင်ဘူး၊ ခဏကလေ သတိရလာတဲ့အချိန်မှာလဲ သူနဲ့ပတ်သက်တဲ့လူ၊ သူ့စိတ်ကို ထိခိုက်မဲ့လူတွေနဲ့ မတွေ့ရင် သာပြီး ကောင်းမယ်၊ အခုလာမယ့် စနေနေ့လောက်မှာမှ

သူ့ဦးနှောက် ပြန်ကောင်းမှာမို့ အဲသည်နေ့ကျမှ လာကြပါ”ဟု ဆရာဝန်ကြီးက အကြံပေးသောကြောင့် မယ်သုံနှင့် မဝင်းကြည်တို့မှာ မောင်ပေါက်စီအတွက် စိတ်မချတချနှင့် ပြန်ခဲ့ကြရလေသည်။

မယ်သုံကား မောင်ပေါက်စီ ဆေးရုံသို့ တက်နေရစဉ်အတွင်း သူ့အိပ်ရာနံဘေးတွင်ရှိသော “မှိုင်းဝေဝေ”ပေါင်ဒါဘူးကလေးသာလျှင် မောင်ပေါက်စီအမှတ်နှင့် အာရုံပြုရှာလေသည်။

“သူ ဆေးရုံက ဆင်းရမယ့်နေ့မှာ ငါ့ကိုမှ သတိရပါဦးမလား ညီမရယ်” ဟု မယ်သုံက စိုးရိမ်ပူပန်ပြီးလျှင် မဝင်းကြည်အား ပြောရှာသောကြောင့်–

“သတိမရဘဲ နေပါ့မလားမမရယ်၊ မမကို သူမေ့မှာမဟုတ်ပါဘူး”ဟု မဝင်းကြည်က အားပေးရှာလေသည်။ ထို့ကြောင့် နှစ်ယောက်စလုံး လာမည့် စနေနေ့ကိုသာ အားကိုးအားထားပြုရင်း အချိန်တွေ ကုန်ခဲ့လေရာ စက္ကန့်ခြောက်ဆယ် တစ်မိနစ်၊ မိနစ်ခြောက်ဆယ် တစ်နာရီဆိုသကဲ့သို့ တရွေ့ရွေ့နှင့် စနေနေ့နံနက်ဘက်သို့ ကူးခဲ့လေသည်။

မယ်သုံကား အစောကြီးကတဲက ရေမိုးချိုးကာ မောင်ပေါက်စီ အရေးတယူ ဝယ်ပေးသောလုံချည်အင်္ကျီများကိုလဲ၍ မှိုင်းဝေဝေ ပေါင်ဒါကလေးပါ လိမ်းခြယ်နေသောကြောင့် နှမဖြစ်သော မဝင်းကြည်က ကြည့်ရင်း ပြုံးမိလေသည်။

“ငါလှချင်လို့ မဟုတ်ပါဘူး ညီမရယ်၊ ညည်းကိုကို မြတ်နိုးတဲ့ ပစ္စည်းတွေမို့ မမက သူစိတ်ကြည်လင်အောင် တမင်ဝတ်ရတာပါ”ဟု စိတ်မလုံသကဲ့သို့ပြောပြီးမှ ထွက်ခဲ့ကြရာ ဆေးရုံကြီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မော်တော်ကားပေါ်မှ ဆင်းလာသော မြင့်မြင့်ခင်နှင့် ချိန်းထားသလို လာဆုံသောကြောင့် မဝင်းကြည်တွင် မျက်နှာပျက်သွားလေ၏။

"ဟဲ့–မဝင်းကြည်၊ ညည်းဟိုအရင်တစ်ခေါက်က မနက်အစောကြီး အိမ်လာပြီးမှ ဘာဖြစ်လို့ ပြန်ပြေးရတာလဲ၊ မမမြင့်ခေါ်တာတောင် ပြန်မလာဘူး"ဟု အပြစ်ကင်းသူပမာ ရဲရဲတင်းတင်း ပြောရာက မဝင်းကြည် သင်္ကာမကင်းသလို ကြည့်နေသောကြောင့်–

"ကျွန်မ စိတ်ခပ်နှောက်နှောက် ဖြစ်သွားလို့ထင်ပါရဲ့၊ ဒါထက် အခုလာတာက ကိုကို့ဆီ လာတာလား"ဟု ခြေဆုံးခေါင်းဆုံးကြည့်ပြီး မေးလိုက်သည်ကို…

"အေးလေ–ကိုကျော်ဝင်းက ငါနဲ့တွေ့ပါရစေလို့ တောင့်တနေလို့ ဆရာဝန်ကြီးက တယ်လီဖုန်းဆက်ပြီးပြောလို့ လာခဲ့ရတာပေါ့၊ သူဒီနေ့ဆေးရုံက ဆင်းမယ်ဆိုပဲ၊ ဝမ်းသာပါတယ်ကွယ်"ဟု ခပ်ပြုံးပြုံး ပြောရာက မယ်သုံဘက်သို့ မာနနှင့် ကြည့်လိုက်ရင်း–

"ညည်း လိုက်လို့ဖြစ်ပါ့မလား၊ တော်တော်ကြာ ဝမ်းနည်းစရာတွေ သတိပြန်ရလို့ ဒုက္ခများနေပါဦးမယ်"ဟု ဟန့်တားလိုက်သောကြောင့် မယ်သုံတွင် ဝမ်းနည်းသကဲ့သို့ ငိုင်နေစဉ်–

"အို–သူမပါလို့ ဘယ်ပြီးမလဲ မမမြင့်ရဲ့၊ သူက ဆေးရုံကို ဂရုတစိုက်ပိုက်ဆံအကုန်အကျခံပြီး တင်ထားတာပဲ"ဟု မဝင်းကြည်က ညှော်ထောက်ခံ၍ ပြောလိုက်သည်နှင့်–

"ဒီလောက်ပိုက်ဆံ ငါ့ဆီမှာလာယူရောပေါ့ မဝင်းကြည်ရယ်"ဟု ပြောနေစဉ် ဆရာဝန်ကြီးက လာ၍ ကြိုသောကြောင့် စကားပြတ်သွားကြလေ၏။

"အခု လူမမာအခန်းကို မဝင်ခင် ကျုပ်သတိပေးပါရစေ၊ ဩော်–မြင့်မြင့်ခင်ဆိုတာ ခင်ဗျားလား"ဟု ဆရာဝန်က မေးသောကြောင့်–

"ဟုတ်ပါတယ် ကျွန်မပါပဲ"ဟု မြင့်မြင့်ခင်က မြန်မာလို မပြောဘဲ အင်္ဂလိပ်လို ရွှတ်ရွှတ်နှင့် ခပ်သွက်သွက် ပြောလိုက်သော ကြောင့် ဆရာဝန်ကြီးကိုယ်တိုင် အတော်နှစ်သက်သွားကာ–

"ခင်ဗျားနဲ့ လက်ထပ်ဖို့ စေ့စပ်ထားတယ်လို့ ပြောတာ ဟုတ်သလား"ဟု အင်္ဂလိပ်လို ပြန်မေးသည်ကို မြင့်မြင့်ခင်က ပြုံးရင်း ခေါင်းညိတ်ပြမှ–

"အို–ဒီလိုဆို ခင်ဗျားနဲ့တွေ့ရလို့ သူဝမ်းသာမှာပဲ"ဟု ပြောရာက–

"ကဲ–တစ်ခု ကျုပ်သတိပေးမယ်၊ သူနဲ့တွေ့တဲ့အချိန်က စပြီး ရက်ပေါင်းသုံးဆယ်လောက်အတွင်း သူစိတ်ညစ်အောင် ဘာ မှ မပြောရဘူး၊ ဘာမှမလုပ်ရဘူး၊ သူကဖြူတယ်ဆိုရင် ဘာဖြစ်ဖြစ် ဖြူကြရမယ်။ သူစိတ်ထိခိုက်အောင် တစ်စုံတစ်ခုပြောမိမယ် လုပ်မိမယ်ဆိုရင် ဦးနှောက်ပြန်ပျက်ပြီး ကုမရအောင် ရူးသွားလိမ့်မယ်၊ အဲဒါကို အလိုလိုက်နိုင်ကြမယ် မဟုတ်လား"ဟု မေးသောအခါ မိန်းကလေးသုံးယောက်စလုံး သွက်လက်စွာဝန်ခံကြသောကြောင့်–

"ကဲ–လာ၊သူ့အခန်းထဲ ဝင်ကြမယ်" ဟုပြောပြီး တစ်ယောက်တည်း သီးသန့်၍ထားသော ဖြူစင်သန့်ရှင်းသည့် အခန်းတွင်းသို့ ရှေ့ဆောင်၍ ခေါ်သွားတော့လေရာ မဝင်းကြည်နှင့် မယ်သုံတွင် ဝမ်းတွင်း တထိတ်ထိတ်နှင့် နောက်ပါးမှကပ်၍ ပါသွားကြလေသည်။

*

ဖြူစင်သောအိပ်ရာပေါ်တွင် ဖြူစင်သော သူနာပြု မျက်နှာဖြူ ဆရာမကလေးနှစ်ယောက် ဝဲယာညှပ်၍ မျက်လုံးစုံမှိတ်ထားသော

မောင်ပေါက်စီကို တွေ့လိုက်ရသောအခါ မယ်သုံ၏ စိတ်တွင် အသည်းနှလုံးကို ဆွဲခါလိုက်သလောက် တုန်လှုပ်သွားမိလေသည်။

“ဦးကျော်ဝင်း”ဟု အသံတိုကလေးနှင့် ခေါ်လိုက်သော ဆရာဝန်ကြီး၏ အသံကို ကြားလိုက်ရသောအခါ ကြည်လင်သော မျက်လုံးကို တဖြည်းဖြည်း ဖွင့်ကြည့်လိုက်လေ၏။ မြင့်မြင့်ခင် ကား ခေါင်းရင်းဘက်တွင် ရပ်နေလေ၏။ မဝင်းကြည်ကား ခုတင် နံဘေးတွင် ရပ်နေပြီးလျှင် မယ်သုံမှာမူ ခြေရင်းဘက်က မျက်တောင် မခတ်ဘဲ ကုပ်ကုပ် ရီးရီးကြည့်နေရှာလေသည်။

ဆရာဝန်ကြီးက မဝင်းကြည်၏ ပုခုံးကိုကိုင်ကာ မောင်ကျော်ဝင်းအနားသို့ တိုးပေးလိုက်သောအခါ ဖျတ်လတ် ကြည်လင်သော အမူအရာနှင့်–

“ဟဲ့–မဝင်းကြည် နှမလေး နှမလေး”ဟု အားပါးတရ လက်ဆန့်၍ ခေါ်ငင်သောကြောင့် ဤတွင်မှ မဝင်းကြည်တွင် ဝမ်းနည်းပက်လက် ငိုရင်း မောင်ကျော်ဝင်း၏ လက်တွင်းသို့ ပြေးဝင်ကာ ရင်ဘတ်တွင် ခေါင်းကပ်၍ ရှိုက်နေရှာတော့သည်။ မောင်ကျော်ဝင်းကလည်း ကျစ်ကျစ်ပါအောင် ပွေ့ပိုက်ကာ နှမအထွေးကလေးအား ဖက်ထားသောကြောင့် ခုတင်ခြေရင်းက ရှိနေသော မယ်သုံတွင် ဝမ်းသာ,ဝမ်းနည်း မျက်ရည်များ ရွှဲလာတော့လေ၏။ သူတို့မောင်နှမကား တကယ် ချစ်ခင်ကြင်နာကြပါပေသည်။ “ငါ့ အစ်ကိုကြီးသာရှိပါမူလည်း ယခုကဲ့သို့ပင် ငါ့အဖြစ်ကို ရင်ထုမနာ ဖြစ်ရှာပေမည်”ဟု တွေးမိလေ၏။

ထိုအတွင်း ဆရာဝန်ကြီးက မဝင်းကြည်ကို ခွာ၍ ထုတ်ပြီးလျှင် မြင့်မြင့်ခင်အား ပြသပြန်လေရာ မောင်ကျော်ဝင်းက နှစ်နှစ်ခြိုက်ခြိုက်ပြုံး၍–

"ဟာ–မြင့်…မြင့်၊ ခုလိုလာတာ ကျေးဇူးတင်လိုက်တာ မြင့်ရယ်၊ ကိုကျော်ဝင်း သိပ်ဝမ်းသာတာပဲ"ဟ မရှက်မကြောက်နိုင်ကာ ဣန္ဒြေမှ မစောင့်စည်းနိုင်ဘဲ မြင့်မြင့်ခင်၏ လက်ကလေးကို ဖမ်းဆွဲလိုက်ပြီးလျှင် ခုတင်ပေါ်သို့ သူ့အနားက ကပ်၍ ထိုင်စေလေသည်။ မြင့်မြင့်ခင်ကလည်း ကျေနပ်သော ပြုံးခြင်းဖြင့် ပြုံး၍ ပွန်းပွန်း တီးတီး ဝင်ထိုင်လိုက်လေသည်။

"မြင့် အရင်ကထက်တောင် ဝလာတယ်နော်၊ ပါးအို့ကလေးများထွက်လို့၊ နေကောင်းတယ် မဟုတ်လား၊ မြင့်တို့မေမေကော မာရဲ့နော်"ဟု ရွှန်းရွှန်းဝေအောင် ရှေးဖြစ်ဟောင်းတွေ မေးမြန်းနေလေသည်။ မောင်ကျော်ဝင်း၏ အမူအရာကား မောင်ပေါက်စီ ဘဝကလို ငိုင်တိငိုင်တိုင် ထုံအ, အ မဟုတ်တော့ဘဲ သွက်သွက်လက်လက် ချက်ချက်ချာချာနှင့် အသံရော လူပါ လူကြီးလူကောင်းတစ်ယောက်၏ အမူအရာ ဖြစ်နေသောကြောင့် ခံ့ညားသော မောင်ပေါက်စီကို ကြည့်ရင်း မယ်သုံတွင် အလိုလို ရွံ့လာတော့လေ၏။ သို့သော် မောင်ကျော်ဝင်းကား သူတောင်းစားမ မယ်သုံကို အရေးမထားနိုင်သေးချေ။

"ပျဉ်းမနားကနေ မြင့်ဆီကို ညကြီးမင်းကြီး ဦးလေးနဲ့ ရန်ဖြစ်လို့မော်တော်ကားနဲ့ ထွက်အလာမှာ ပိန်းဇလုပ်နားကျတော့ မော်တော်ကားဘီးပေါက်ပြီး ချောက်ထဲကျသွားလို့ ဟောသည့် ဆေးရုံရောက်လာပါလေရော"ဟု သွက်သွက်လက်လက် ပြောနေသောအခါ မယ်သုံက ဝမ်းနည်းပမ်းနည်းနှင့် မဝင်းကြည်ကို လှမ်းကြည့်လိုက်လေရာ မဝင်းကြည်ကလည်း မယ်သုံကို ကရုဏာနှင့် ကြည့်ရာက ကိုယ့်အဖြစ် ကိုယ် လုံလှပြီအထင်နှင့် မျက်နှာထားမပျက် နွဲ့ချင်တိုင်း နွဲ့နေသော မြင်မြင့်ခင်ကို မရှုစိမ့်သလို ကြည့်

မိလေ၏။ မယ်သုံကား မောင်ကျော်ဝင်း၏ ပြောစကားကြောင့် ရင်တလှပ်လှပ်ဖြစ်လာလေ၏။ "သူမော်တော်ကားမှောက်ပြီးသည် နှင့်တစ်ပြိုင်နက် ဆေးရုံသို့ ရောက်လာခြင်းသာ အမှတ်ရလျှင် တစ်ယောက်တီးတည်း စိတ်နောက်၍ ထွက်လာရာမှအစ မိမိနှင့် အတူနေခဲ့ပြီးမှ ဤဆေးရုံသို့ ပို့ရသည့်အဖြစ်များကို သူမေ့ပျောက် နေပြီလော"ဟု စိုးရိမ်တကြီး ထင်မိလေ၏။

ထိုအခိုက် ဆရာဝန်ကြီးက မယ်သုံကို လက်ရပ် ခေါ်လိုက် သောကြောင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် မောင်ကျော်ဝင်းအရှေ့သို့ သွားရပ်လိုက်သောအခါ မောင်ကျော်ဝင်း၏ မျက်နှာ တည်တည် ကြီးကို ကြည့်ရင်း မျက်ရည် တပေါက်ပေါက်ကျလာလေ၏။ အနားမှ မဝင်းကြည်ကလည်း အစ်ကို့မျက်နှာကို တစ်လှည့် မယ်သုံ မျက်နှာကို တစ်ဖန် ကူးပြောင်းကြည့်ရှုရင်း တထိတ်ထိတ် ဖြစ်နေ လေ၏။ မြင့်မြင့်ခင်မှာကား အဖက်မတန်သော မျက်နှာထားနှင့် နှုတ်ခမ်းကလေး အနည်းငယ် မဲ့ပြလိုက်လေ၏။

"သူ့ကို မမှတ်မိဘူးလား ဦးကျော်ဝင်း"ဟု ဆရာဝန်ကြီး က အမေးတွင် မယ်သုံအား ခြေဆုံးခေါင်းဆုံး အပြန်ပြန်ကြည့်ရင်း ခေါင်းခါ၍ ပြလိုက်လေရာ မယ်သုံတွင် မိုးကြိုးအပစ်ခံလိုက်ရသကဲ့ သို့"ဒိုင်း" ခနဲ မြည်သွားသည်ဟု ထင်လိုက်ရတော့လေ၏။

"သေသေချာချာ စဉ်းစားပါဦး ဦးကျော်ဝင်း"ဟု ဆရာဝန်ကြီးက ထပ်မေးသောအခါ မောင်ကျော်ဝင်းက သေချာစွာ ကြည့်ရင် စဉ်းစားပြန်လေ၏။ ဤအတောအတွင်း မဝင်းကြည်က အကြောင်းပြ၍ ဝင်ပြောမည်အပြုတွင် မြင့်မြင့်ခင်က နှုတ်ခမ်းပါး ကလေးအား လက်ညှိုးကလေးနှင့် ထောင်လျက် ကပ်ပြလိုက်သော ကြောင့် ရွံ့သွားပြီးလျှင် မိမိအစ်ကို အရိပ်အခြေသာ အကဲခတ်နေရ

လေတော့၏။ အတန်ကြာမှ မောင်ကျော်ဝင်းတွင် စိတ်ရှုပ်လာသလို နဖူးတွန့်လိုက်ပြီးနောက်–

"ဟင့်အင်း ကျုပ်မသိဘူး၊ ဟိုက ကျုပ်နှမ၊ ဒါက ကျုပ် ရည်းစား ဒါပဲသိတယ်"ဟု ခပ်တိုတို ပြောလိုက်သည်နှင့် တစ်ပြိုင် နက် မယ်သုံတွင် ရပ်တည်ရာ မရတော့သကဲ့သို့ ခေါင်းငုံ့ကာ ရှိုက် ကြီးတငင်နှင့်အခန်းတွင်းမှ သွေးရူးသွေးတန်းနှင့် ထွက်ပြေးတော့လေ ရာ ဤတွင် ကျန်သမျှ လူအပေါင်း အံ့အားသင့်နေပြီးမှ မဝင်းကြည် က ကမန်းကတန်း ထွက်လိုက်သောအခါ ထိုဆေးရုံအနီးတစ်ဝိုက်၌ မယ်သုံတည်းဟူသော သူတောင်းစားမမျက်နှာငယ်ကို မတွေ့မမြင် ရတော့ချေ။ အစ်ကို့ထံသို့ ဝမ်းနည်းပက်လက် ပြန်အလာတွင်ကား ဆရာဝန်ကြီးနှင့် မြင့်မြင့်ခင်တို့က ထိုသူငယ်နှင့် ပတ်သက်၍ မောင်ကျော်ဝင်းစိတ်ထိခိုက်မည့် စကားမျိုးမပြောရန် ပိတ်ပင်သော အခါ ကံဆိုးသူ သူတောင်းစားကလေးအတွက် ယူကျုံးမရ ဖြစ် လှသောကြောင့် အစ်ကိုမသိအောင် ဆေးရုံနံရံကို ခေါင်းစိုက်၍ ကြုံကြုံပါအောင် ငိုချလိုက်ရတော့လေသည်။

မောင်ကျော်ဝင်းရှိရာသို့ မဝင်းကြည် ပြန်ရောက်သော အခါ မျက်နှာတစ်ခုလုံး ညှိုးငယ်နေသော နှမသယ်၏ အမူအရာကို ကြည့်၍–

"ဟဲ့–မဝင်းကြည် အခုန ကလေးမက ဘယ်သူလဲ ဘယ် ကလဲ"ဟု မေးသဖြင့်,–

"အို–ကိုကျော်ဝင်းကို ဆေးရုံလာပို့တဲ့ ကလေးမကလေး ပါ၊ လူကောင်းသူကောင်းလဲ မဟုတ်ရှာပါဘူး၊ သီချင်းဆိုပြီး ပိုက် ဆံလိုက်တောင်းစားရတဲ့ သူတောင်းစားမကလေးပါ"ဟု မြင့်မြင့် ခင်က အရေးမကြီးသလို ပေါ့တီးပေါ့ဆ ပြောသောကြောင့်–

“သြော်– သနားစရာကလေးပဲ၊ အင်း အင်း၊ ကျေးဇူးဆပ်ရမှာပေါ့လေ”ဟု မောင်ကျော်ဝင်းက ပြောသည်ကို မဝင်းကြည်က ငေးစိုက်၍ ကြည့်နေရှာလေသည်။

မောင်ကျော်ဝင်း၏ အထင်ကား လမ်းတွင် မော်တော်ကားထဲ၌ မေ့မြောနေရာမှ သူတောင်းစားကလေး တွေ့ရှိသဖြင့် ဆေးရုံသို့ လာရောက်ပို့ဆောင်ခဲ့ခြင်းမျှသာ စဉ်းစားမိလေသည်။ မော်တော်ကားထဲမှ သွေးရူးသွေးတန်းနှင့် ထွက်ခဲ့၍ မည်သို့မည်ပုံ မယ်သုံနှင့် တွေ့ရကြောင်းကား ဦးနှောက်တွင် မရှိတော့ချေ။ ထို့ကြောင့် ပြီးပြီးပျောက်ပျောက်ပြောဆို၍ ဆရာဝန်ကြီး၏ အမိန့်အတိုင်း ဆေးရုံမှဆင်းကာ မြင့်မြင့်ခင်၏ မော်တော်ကားနှင့် လိုက်ပါခဲ့ရတော့လေသည်။

မဝင်းကြည်မှာလည်း အစ်ကို၏ ဝေဒနာကို စိုးရိမ်သမှုဖြင့် စိတ်ထားမတည်ကြည်သော မြင့်မြင့်ခင်အကြောင်းနှင့် ကျေးဇူးရှင်မကလေး မယ်သုံ၏ ဇာစ်မြစ်တို့ကို မပြောနိုင်သေးဘဲ ဝမ်းတွင်းတွင် မတင်မကျနှင့် အောင့်သက်သက် လိုက်ခဲ့ရတော့လေသည်။

*

ပျော်တပြုံးပြုံး ရွှင်နှလုံးနှင့် စံစားကြသူများအဖို့ တိုတောင်းသည်ဟု ထင်ရလျက် ကြိမ်ကိုမီးအုံးပူပန်သော နှလုံးနှင့် ခံစားနေကြရရှာသူများအတွက် ရှည်လျားကြန့်ကြာသည်ဟု ထင်ရသည်။ နေ့ရက်နာရီ အချိန်တို့မှာမူ မည်သည့်မျက်နှာမှ မလိုက်ဘဲ အမှန်အတိုင်း ရွေ့လျောခဲ့ခြင်းဖြင့် မောင်ကျော်ဝင်း ဆေးရုံမှ ဆင်း၍ ရက်သတ္တပတ်လောက် ကျော်လွန်ခဲ့လေ၏။

တစ်ညနေ မြင့်မြင့်ခင်တို့နေသော ရွှေတောင်တန်းသို့ တယောပြားကလေးပိုက်ကာ ဝင်လာသော မယ်သုံကား မြင့်မြင့် ခင်တို့ အိမ်ကို မသိ၍ ဝင်လာခဲ့ခြင်းဖြစ်လေရာ ထိုအချိန်၌ မြင့်မြင့် ခင်၊ မောင်ကျော်ဝင်းနှင့် မဝင်းကြည်တို့ ကြည်သာရွှင်ပျစွာ နေကြ သောအခါ ဖြစ်လေ၏။

"အသက်မကာ, တစ်ဖက်သတ်နဲ့ ချစ်မိခဲ့တယ်...ဘယ် သော အခါများ နီးရပေမယ်...ဂုဏ်မြင့်သူရယ်"ဟု ကြေကွဲသော အသံကလေးသည် မောင်ကျော်ဝင်း၌သာ အလွန်တမင်း ဣန္ဒြေ မပျက်သော်လည်း မြင့်မြင့်ခင်နှင့် မဝင်းကြည်တို့မှာ အထိတ် တလန့်ဖြစ်ကုန်ကြလေ၏။

"ဟဲ့-ငါ့ကိုဆေးရုံပို့ပေးတဲ့ သူတောင်းစားမကလေးများ လား"ဟု မောင်ကျော်ဝင်းက ပြောပြောဆိုဆိုထွက်၍ ကြည့်သော အခါ ညှိုးလျော်နွမ်းနယ်နေသော မယ်သုံ၏ မျက်နှာနှင့် မျက်နှာချင်း ဆိုင်မိတော့လေသည်။ မောင်ကျော်ဝင်းကား ကရုဏာနှင့် ကြည့်နေ လေ၏။ မယ်သုံကား မတွေ့ချင် မြင်ချင်လျက်သားဆိုသကဲ့သို့ ဤလမ်းထဲမှ ငါဝင်မိတာ မှားလေခြင်းဟု ဝမ်းနည်းပြီးလျှင် မျက်နှာ ပူနေတော့လေ၏။ မဝင်းကြည်ကား အစ်ကိုတော်က ကျေးဇူးမှန်း သိလာပြီ ဖြစ်သောကြောင့် အားတက်သရော အစ်ကိုနှင့် ကပ်နေ လေသည်။ မြင့်မြင့်ခင်ကမူ သူတောင်းစားကလေးအား ဝိအရေး တယူပြုရမည်ကို ဝန်တိုသကဲ့သို့ ရှိတော့၏။

"ဟဲ့-ကလေးမကလေး လာဦး လာဦး"ဟု သူစိမ်းခေါ် ခေါ်လိုက်သောအခါ မယ်သုံ၌ မချိတင်ကဲ ဖြစ်လာလေ၏။

သို့သော် အတင်းအဓမ္မ ထွက်ခေါ်သူကို ရှောင်လွှဲသွားရန် မတတ်သာတော့သဖြင့် ခေါင်းငုံ့ပြီး ဝင်ခဲ့ပြီးလျှင် ဖိနပ်ချွတ်၍ ရိရိ သေသေထိုင်ချလိုက်ရာလေသည်။

“မင်းကျေးဇူးတွေ ငါ့အပေါ်မှာ ရှိတယ်လို့သိရတဲ့အတွက် ဒီကနေ့တစ်နေ့တော့ လျှောက်တောင်းဖို့ မလိုအောင် ငါက ပေးပါ့ မယ်ကွယ်၊ ရော့ ရော့”ဟု ဘဏ်တိုက်က ထုတ်လာခါစကဖြစ်သော ငွေစက္ကူဆယ်တန်တစ်ရက်ကို လှမ်းပေးသောအခါ မယ်သုံတွင် မယူရအခက်၊ ယူရအခက်နှင့် မဝင်းကြည်ကို မော့၍ မျှော်ရှာလေ၏။

“ယူလေ ကလေးမ။ သြော်– နည်းသေးလို့လား၊ အဲဒါဖြင့် နောက်တစ်ဆယ်”ဟု တစ်ရွက်ထပ်ပေးပြန်သောအခါ မောင်ကျော်ဝင်းအား မော့ကြည့်ပြန်လေသည်။ မြင့်မြင့်ခင်က အနားသို့ လာရပ်ပြီးလျှင် မယ်သုံမျက်နှာကို စေ့စေ့ကြည့်၍၀

“ပေးတာကို ယူပါတော့လား၊ ညည်းတို့ဒီလောက်ငွေ ဘယ်က ရဦးမှာလဲ”ဟု မာန်လိုက်သောအခါ မယ်သုံတွင် ကြောက်လန့်၍ ကယောင်ကတမ်း လှမ်းယူမိလေသည်။ ထိုအခါ ချက်ချင်းပင် မောင်ကျော်ဝင်းအား မြင့်မြင့်ခင်က တွဲ၍ တိုက်တွင်းသို့ ခေါ်သွားလေရာ မယ်သုံ၌ လူမမာ နာလန်ထသကဲ့သို့ ယိုင်တိယိုင်တိုင်နှင့် ထထွက်သွားရှာလေသည်။ မဝင်းကြည်ကား အထဲဝင်လိုက်ရမလို အပြင်ထွက်လိုက်ရမလို နားဝေတိမ်တောင် ဖြစ်ကျန်ရစ်ခဲ့လေ၏။

ဟိုစနေက ဒီစနေ ကူးခဲ့ပြန်လေ၏။ မဝင်းကြည်သည် စမ်းချောင်းဘတ်စ်ကားမှ အထုပ်တွေ ပွေ့၍ဆင်းခဲ့လေသည်။ အထုပ်အတွင်း၌ သပျစ်သီး ပန်းသီး သစ်တော်သီးနှင့် ပုလင်းကလေး တစ်လုံးတွင် နို့အပြည့် ပါရှိလေသည်။ ခြေလှမ်းခပ်သွက်သွက် လျှောက်လာခြင်းသည် မယ်သုံအတွက် စိုးရိမ်ကြောင်း ထင်ရှားလေ၏။ မယ်သုံ၏ အိမ်ကလေးကား အိမ်ရှေ့ခန်းတွင် လူမနေတော့သကဲ့သို့ ဟာလာဟင်းလင်း ဖြစ်နေတော့၏။ အတွင်းခန်း

မောင်ပေါက်စီနှင့် အိပ်နေကျဖြစ်သော သင်ဖြူးဖျာကလေးပေါ်တွင် စောင်အနွမ်းကလေး တစ်ပိုင်းခြုံကာ လဲနေသူကား ဝင်လာသော မဝင်းကြည်ကို မျက်စိက လှန်၍ ကြည့်လိုက်လေသည်။

“သိပ်ဒုက္ခရှာတာပဲ ညီမရယ်၊ နေ့တိုင်း နေ့တိုင်း ညည်း လာလို့ ဘယ်ဖြစ်မလဲ၊ မလာပါနဲ့တော့ကွယ်”ဟု အားမရှိသော လေသံနှင့် တိုးတိုးကလေး ညည်းညူလေသည်။

“အို–ကျွန်မမှာ တခြားအလုပ် မရှိပါဘူး မမရဲ့၊ ကဲ သပျစ်သီးကလေးနဲ့ နို့ကလေးသောက်ရအောင်”ဟု မဝင်းကြည်က ထူရန် ဟန်ပြင်လိုက်ရာ မယ်သုံက ဖြည်းညင်းစွာ ခေါင်းခါပြလေ သည်။ ဟိုမှာသာကြည့်ဟူသောအမှတ်နှင့် မျက်စိလွှဲလိုက်သော အခါ တစ်နေ့က ဝယ်လာပေးသော သပျစ်သီး ပန်းသီးတို့မှာ အိပ်ရာ ခေါင်းရင်းက ထင်းရှူးသေတ္တာကလေးပေါ်တွင် ညှိုးနွမ်းလျက် ရှိတော့သည်။

“ဒီလို ဘာမှ မစားလို့ ဘယ်ဖြစ်မလဲ မမ၊ ဆရာခေါ်ရ အောင်ဆိုတော့လဲ မခေါ်ရ၊ ကျွန်မ သိပ်စိတ်ညစ်တာပဲ မမရယ်” ဟု ဝမ်းနည်းသံနှင့် မဝင်းကြည်က ညည်းသောအခါ–

“စိတ်မညစ်တော့နဲ့ ညီမ၊ ဘဝက အကျိုးပေးကို ပြေး လွတ်နိုင်တာမျိုးမှ မဟုတ်ဘဲ၊ ဆရာခေါ်ကုလို့ရတဲ့ ရောဂါလဲ မဟုတ်တော့ ခက်တယ် မဝင်းကြည်။ ဖြစ်နေတာက မမရဲ့နှလုံး သည်းပွတ်ထဲက ဖြစ်နေတာမို့ မမပြောတာပေါ့”ဟု မျက်ရည်တွေ လည်လာရင်း မျက်စိမှိတ်သွားပြန်လေ၏။

“ကျွန်မ မမဖြစ်ပုံကို မကြည့်ရက်တော့ဘူး မမ။ ကိုကို့ကို အကုန်ဖွင့်ပြောလိုက်တော့မယ်နော်”ဟု မေးသောအခါ မယ်သုံတွင် မှိန်းနေရာက ထိတ်ထိတ်ပြာပြာ ဖြစ်လာလေ၏။

"မပြောနဲ့နော် မဝင်းကြည်၊ မမိုက်နဲ့ မမိုက်နဲ့၊ ညည်း အစ်ကိုကို ညည်းဒုက္ခပေးသလို ဖြစ်နေမယ်၊ငါ့အကြောင်းသိလို့လဲ ပိုထူးတော့မှာ မဟုတ်ဘူး၊ ဂုဏ်ရည်တူတဲ့ မြင့်မြင့်ခင်နဲ့သာ နေကြပါစေတော့"

"အို–မြင့်မြင့်ခင်အကြောင်းကို ကျွန်မ အကုန်သိတယ်၊ မမလောက်မှ စိတ်ထားမြင့်မြတ်တာ မဟုတ်ဘူး၊ သူနဲ့ ကျွန်မ သဘောမတူနိုင်ဘူး"

"ညည်း သဘောမတူပေမဲ့ ညည်းကိုကိုက ချစ်နေရှာတယ်၊ နေပေ့စေ့ သွားမနှောင့်ယှက်နဲ့၊ နေပေ့စေ၊ ညည်းကိုကိုပြောဖူးတယ်၊ လူလဲသခ်ါရ၊ စကားလဲသခ်ါရ၊ အချစ်လဲသခ်ါရတဲ့၊ ဒီစကား သိပ်မှန်တယ်၊ သူ ငါ့ကို ယူလို့ လုံးလုံး မဖြစ်နိုင်ဘူး၊အမယ်လေး မောလိုက်တာ ညီမရယ်"

"ရေသောက်မယ်နော် မမ"

"မသောက်ဘူး မသောက်ဘူး၊ မှိုင်းဝေဝေ ပေါင်ဒါဘူးကလေးသာ နှာခေါင်းနားက လူးပေးပါကွယ်"

"ပေါင်ဒါနံ့ကလေးနဲ့ အမောပြေနိုင်ပါ့မလား မမရဲ့"

"သူဝယ်ပေးတာ သူဝယ်ပေးတာ၊ သူအင်မတန် မြတ် နိုးတဲ့ပစ္စည်း။ ဒီအနံ့ကလေးကို သူအင်မတန် နှစ်သက်တယ်၊ ဒါ ကြောင့် မမလဲ အမောပြေတယ်"

မယ်သုံ၏ အခြေအနေမှာ အားရစရာ မရှိ။ ပကတိဖြူရော်သော မျက်နှာနှင့် နားရွက်တွေပါ လန်နေတော့လေသည်။ ပြောနေသော စကားသံပင်လျှင် သဲ့သဲ့မျှရှိရာ လေးငါးဆယ်ရက်အတွင်း အစာရေစာပြတ်၍ မတ်တတ်က ဘုန်းဘုန်း လဲရှာခဲ့လေသည်။ စိတ္တဇ ဝေဒနာမှ နှလုံးရောဂါအဖြစ်ဖြင့် ဝမ်းတွင်းတွင် မတင်မကျ

မရှုနိုင် မရိုက်နိုင် ဖြစ်နေဟန်တူလေသည်။ နေ့တိုင်းလာ၍ ပြုစုနေသော မဝင်းကြည်သာလျှင် တစ်နေ့ထက် တစ်နေ့ပို၍ ဆိုးဝါးသော မယ်သုံ၏ ဖောက်ပြန်မှုကို သိနိုင်လေရာ ကြည့်ရင်းကြည့်ရင်း အားပျက်လာတော့လေ၏။

မယ်သုံကား စကားတွေဖောင်လောက်အောင် ပြော၍ မဝင်းကြည်အစ်ကိုကို ချစ်ခင်ကြောင်း သက်သေခံချင်လှသေးသည်။ သို့သော် တစ်လုံးစ နှစ်လုံးစကိုပင် မနည်းကြီး အားယူ၍ ပြောနေရရှာသောကြောင့်—

"မမ သိပ်စကားမပြောနဲ့ မောနေမယ်" ဟု အမြဲ သတိပေးရလေသည်။ ထိုအခါ မဝင်းကြည်အား ကျေးဇူးတင်သော မျက်လုံးကြီး နှစ်လုံးနှင့် ကလည်ကလည်နေအောင် မော့ကြည့်နေရှာလေသည်။ ထို့နောက် မျက်ရည်တွေ စီးဆင်းလာပြန်လေသည်။

"စိတ်ကောင်းကောင်းထားစမ်းပါ မမရဲ့။ ဝမ်းနည်းစရာတွေ တွေးတွေးမနေစမ်းပါနဲ့" ဟု ယုယုယယ မျက်ရည်များကို ပဝါဖြူနှင့် အသာအယာ သုတ်ပေးရာ

"ဒါတွေ တွေးနေရတာပဲ အရသာတစ်ခုလို့ မှတ်ပါတယ ညီမရယ်။ ငါ့ညီမကတော့ မမကို သိပ်ချစ်တယ်နော်၊ ညီမကကိုကိုကဖြင့်" ဟု စကားအဆုံးမသတ်နိုင်တော့ဘဲ ရင်တလှုပ်လှုပ် တရှုရှုဖြစ်လာလေ၏။ မောလွန်းသောကြောင့် ပါးစပ်မှ အသက်ကို ရှူရသော အဖြစ်ကို မြင်ရသော မဝင်းကြည်တွင် မိမိတစ်ယောက်တည်း အရှုံးမီးဝိုင်းသကဲ့သို့ ပျာလောင်ခတ်နေရှာတော့သည်။

*

ထိုအချိန်တွင် မောင်ကျော်ဝင်း၏ ဦးလေးတော် ပျဉ်းမနားမှ လိုက်

လာလေ၏။ မိမိဖျားနေ၍ ရုတ်တရက် မလာနိုင်ကြောင်းကို ပြော၍ မောင်ကျော်ဝင်းအား ချော့မော့လေ၏။ လူကြီးရောဂါကြောင့် အတော် ပိန်လှီသွားသော ဦးလေးကို မြင်လိုက်ရသော မောင် ကျော်ဝင်းတွင် အတော်ကရုဏာသက်သွားရှာလေသည်။

"မင်းတို့က ငါ့ကို တလွဲထင်ကြတယ်၊ ငါကတော့ ငါ့ အစ်ကို ပစ္စည်းတွေ မယိုမဖိတ်ရအောင် မင်းတို့ဖြုန်းချင်တိုင်း မဖြုန်း ရအောင် စောင့်ရှောက်ခဲ့တာပဲ။ ငါ့မှာ သားသမီးလဲရှိတာမဟုတ်၊ အမွေဆက်ခံရအောင် မယားလဲရှိတာမဟုတ်၊ နေ့လားညလား သေ ရမယ့်အရွယ်ကို မင်းတို့မောင်နှမက တလွဲထင်ပြီး အုပ်ချုပ်နေတဲ့ ငါ့ကို စိတ်ဆိုးကြတယ်။ စဉ်းစားကြည့်စမ်း၊ မင်းတို့ပစ္စည်းလဲ မင်းတို့ဖို့ပဲ၊ငါ့ပစ္စည်းလဲ မင်းတို့ဖို့ပဲ မဟုတ်လား၊ သူစိမ်းတွေ ကြားမှာ ဒီစကားပြောရမှာ ရှက်လို့ မင်းကို ဒီခေါ်ပြောရတာ၊ မမိုက်နဲ့ကွာ မမိုက်နဲ့" ဟု သာယာ ပြေပြစ်စွာ ပြောသောအခါ မောင်ကျော်ဝင်း တွင် ယခုမှ ဦးလေးတော်အား ကြည်ညိုချစ်ခင်၍ နောင်တရလေ တော့သည်။

ဤသို့နှင့် တူအရီးနှစ်ယောက်အလွမ်းသင့်သွားကြသဖြင့် ဘုံဘေဟိုတယ်မှ ရွှင်ရွှင်ပျပျ ထွက်ခဲ့ပြီးလျှင် မြင့်မြင့်ခင်တို့ တိုက် သို့ ပြန်ခဲ့လေရာ မမျှော်လင့်သောအကြောင်းတစ်ခုနှင့် ရင်ဆိုင်တွေ့ ကြရလေသည်။ လမ်းထဲတွင် လူကြီးလူကောင်း အဖြစ် ထင်ရှား သော ပုဂ္ဂိုလ်လေးယောက်နှင့် ပန်းချီဆရာ ဦးခင်ဇော်တို့ ရောက်ရှိ နေကြလေသည်။ မောင်ကျော်ဝင်းကား ဦးခင်ဇော်ကို မှတ်မိတော့ မလိုလိုနှင့် စိမ်းစိမ်းကြီး ကြည့်နေလေမိလေသည်။

'ကဲ မောင်ကျော်ဝင်းနဲ့ မောင်ကျော်ဝင်းတို့ ဦးလေးကို အစီရင်ခံစရာတစ်ခုကြောင့် ကျွန်တော်တို့ ရောက်ရပါတယ်။ မောင်

ကျော်ဝင်းနဲ့ မြင့်မြင့်ခင်တို့ စေ့စပ်ထားတဲ့ နှုတ်ကတိကို နှစ်ဦး သဘောတူ ပယ်ဖျက်ကြဖို့" ဟု စကားမဆုံးခင် ကြားလိုက်ရသော မောင်ကျော်ဝင်းတွင် အံ့အားသင့်သွားလေ၏။

"ကျုပ်တူမှာ ဘယ်လိုအပြစ်ကြောင့်ပါလဲ ခင်ဗျာ" ဟု မောင်ကျော်ဝင်းဦးလေးက ရှက်ကိုးရှက်ကန်းနှင့် မေးလိုက်သော အခါ–

"ဒီလိုပါ ဦး၊ ကိုကျော်ဝင်းကို ကျွန်မချစ်ခဲ့ပါတယ်၊ အခုလဲ ကျွန်မ လက်မထပ်နိုင်တာ တစ်ခုပါပဲ၊ အရင်ခင်ခဲ့တဲ့ မေတ္တာ မပျက်ရိုး အမှန်ပါ၊ ဒါပေမဲ့ ကိုကျော်ဝင်း ဦးနှောက်ရောဂါရစ ကထဲက တွေ့ပြီး လင်မယားဖြစ်နေခဲ့ကြတာက သူတောင်းစားမ ကလေးတစ်ယောက် ဖြစ်နေတော့ ကျွန်မက နောက်မှလက်ထပ် ယူရမယ် ဆိုရင် ကောင်းနိုင်ပါတော့မလား။ ဒီအရေးတွေကို ကျွန်မ စောစောက ဖွင့်မပြောရက်တာက ဆရာဝန်ကြီးမှာတဲ့အတိုင်း ကို ကျော်ဝင်း စိတ်မကောင်းမှာစိုးလို့ပါ" ဟု ပြောလိုက်သောအခါ မောင်ကျော်ဝင်း ဦးလေးတွင် ပါးစပ်အဟောင်းသား ဖြစ်သွားသည် နှင့်အမျှ မောင်ကျော်ဝင်းတွင်လည်း–

"အို သူတောင်းစားမကလေးနဲ့ ကျုပ်နဲ့ ညားခဲ့တယ် ဟုတ်လား" ဟု အရှက်အကြောက်လွန်သော မျက်နှာထားတွင် ကတုန်ကယင်ကြီး ဖြစ်သွားရှာလေ၏။

"ဟုတ်တယ် ကိုကျော်ဝင်း၊ ကိုကျော်ဝင်းနှမ မဝင်းကြည် ကိုသာ မေးကြည့်ပါတော့၊ ကိုကျော်ဝင်း ကျွန်မတို့ကိုတောင် အစ က မမှတ်မိခဲ့ဘူး၊ သူ့ကိုပဲ အစွဲအမြဲချစ်နေခဲ့ပါတယ်၊ သို့ပေမဲ့အခု ကိုကျော်ဝင်းမှာ ဒီအပြစ်ကလွဲလို့ ဘာမှအစွန်းအငြိ မရှိတာ ကျွန်မ တာဝန်ခံပါတယ်" ဟု မျက်နှာသေကလေးနှင့် ပြောသောအခါ မောင်ကျော်ဝင်းတွင် ဆက်၍ နားမထောင်ဝံ့သကဲ့သို့

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ကျုပ်နဲ့ ညားခဲ့တယ်ဆိုတာ လုံးလုံးမဖြစ်နိုင်ဘူး" ဟု ရှက်ရမ်းရမ်း၍ အော်မိလေသည်။ ထို အတွင်း တိုက်အတွင်းသို့ ကမန်းကတန်း ပြေးဝင်လာသော မဝင်း ကြည်ကို တွေ့ရသောကြောင့် အားလုံးက ဝိုင်း၍ အံ့အားသင့်သွား ကြသကဲ့သို့ မဝင်းကြည်ကလည်း အံ့သြနေလေသည်။

"ကဲ မဝင်းကြည်၊ ညည်းကိုကိုနဲ့ သူတောင်းစားမကလေး နဲ့ အကြောင်း ညည်းသိသမျှ ပြောပြလိုက်စမ်းပါ" ဟု မြင့်မြင့်ခင် က သက်သေတည်လိုက်သောအခါ–

"သြော် ဒီလိုတောင် ဖြစ်နေကြပြီကိုး၊ ကျွန်မ သိသမျှ ဆိုရင် အကုန်ဖွင့်ပြောမှ ဖြစ်မယ်နော် မမြင့်" ဟု မျက်နှာထား တည် တည်နှင့် အစချီလိုက်သောကြောင့်–

"ပြောပါ ပြောပါ သိသမျှ ပြောပါ" ဟု ဝိုင်း၍ တိုက်တွန်း ကြသည်တွင်–

"ကိုကို မော်တော်ကားမှောက်ပြီး ပျောက်သွားတဲ့နောက် ကျွန်မဒီအိမ်ကို ရောက်လာပါတယ်၊ မကြာခင် ပန်းချီဆရာ ဦးခင် ဇော်အိမ်ကို မမြင့်နဲ့ လိုက်သွားတဲ့အခါမှာ ကိုကို့ရုပ်ပုံကို သွား တွေ့ပါတယ်။ တွေ့တွေ့ချင်း ဒါကိုကိုပဲလို့ တပ်အပ်သိတော့ ပုံတူ အဆွဲခံတဲ့ ကိုကို့နေရပ်ကို ဦးခင်ဇော်နဲ့ လိုက်သွားပြီး တွေ့တယ်၊ ကိုကို ကျွန်မကိုလဲ မမှတ်မိ၊ မမြင့်ကိုလဲ မမှတ်မိတော့ဘူး၊ သူ့ကို ကျွေးမွေးစောင့်ရှောက်ထားတဲ့ မမယ်သုံကိုပဲ ချစ်နေတော့တယ်၊ မမယ်သုံကလဲ သူ့အချစ် လက်လွှတ်မှာစိုးတော့ ကိုကို မဟုတ်နိုင် တဲ့အကြောင်း ငြင်းလို့ ကျွန်မတို့ သိရက်နဲ့ပြန်ခဲ့ကြရတယ်၊ သို့ပေမဲ့ ကျွန်မမနေနိုင်တော့ဘူး၊ ကျွန်မမှာ အားကိုးစရာ ဒီကိုကို တစ်ယောက်သာရှိတာမို့ မမယ်သုံကို တောင်းပန်ပြီး ကိုကိုနဲ့ ဗွတ်

နေခဲ့တယ်၊ တစ်နေ့ကျတော့ ကျွန်မကို သနားပြီး ကိုကို့ကိုလဲ သူတောင်းစားလိုဘဝမှာ ကြာရှည် မနေစေချင်တော့ဘူး၊ မိဘွေးတိုင်း ဖမွေးတိုင်းက မေတ္တာနဲ့ သူ့ကိုချစ်တာ မဟုတ်လို့ မမမြင့်ထံသို့ ဟုတ်ရာမှန်ရာ ဖွင့်ပြောပြီး ကုယူကြပါတော့လို့ ကျွန်မကို အပြော ခိုင်းရှာတယ်”ဟု ပြောပြီး မြင့်မြင့်ခင်၏ မျက်နှာကို စေ့စေ့ကြည့် ကာ စကားဖြတ်လိုက်လေ၏။

“အဲသည်နေ့က ကျွန်မ မမမြင့်အိမ် ပြောရအောင်လာ တော့ အိမ်မှာ ဘယ်သူမှ မရှိကြဘူး၊ မမမြင့် အခန်းထဲမှာ မမမြင့်နဲ့ ကိုခင်ဇော်တို့ စည်းမဲ့ကမ်းမဲ့ နေကြတာတွေ့ရတော့ ကျွန်မ ကိုကို့ အကြောင်း မပြောချင်တော့ဘူး၊ တစ်ခါထဲ ပြန်ပြေးခဲ့တော့တာပဲ” ဟု ပြောလိုက်သောအခါ မြင့်မြင့်ခင်တွင် အံ့အားသင့်သွားတော့ လေရာ အနားရှိ လူတွေကလည်း ဝိုင်း၍ကြည့်ကြလေသည်။ မောင် ကျော်ဝင်း၏ မျက်နှာကား မိုးညိုကဲ့သို့ မည်းသွားတော့လေ၏။ မောင်ခင်ဇော်မှာမူ ခိုးထုပ်ခိုးထည်နှင့် အမိခံရသော သူခိုးမျက်နှာ မျိုး ဖြစ်နေတော့လေ၏။

“ဒီတော့ မမယ်သုံကို ဘာမှပြန်မပြောဘဲ နေရာမကျခဲ့ ကြောင်းသာ ပြောပြတော့ သူ့ခမြာ ကိုကို့အတွက် တယောနဲ့ ပိုက်ဆံလည်တောင်းရှာတယ်၊ ကိုကို့ဆီမှာ အပ်ထားတဲ့ သူ့ငွေ တစ်ရာကျော်နဲ့နောက်ထပ်ရလို့ စုထားတဲ့ ငွေတစ်ရာကျော်ကို ပေါင်းပြီး ကိုကို့ကို ဆေးရုံချော့ခေါ်ပြီး ဆေးရုံရောက်မှန်း သိတော့ သူ့ကိုယ်သူ မရှုးဘူးဆိုပြီး အတန်းကန်ကျောက်လုပ်တာနဲ့ အိပ် ပျော်တဲ့ အင်ဂျက်ရှင်း ဆရာဝန်ကြီးက အတင်းထိုးပေးရတယ်၊ နောက် ဝေဒနာ ရှင်းရှင်းပျောက်လာတဲ့အခါကျတော့ ကိုကိုဟာ သူ့ကို မသိမရတော့ဘူး”ဟု ပြောရင်း မျက်ရည်လည်ကာ ငိုသံပါ

လာတော့လေရာ မောင်ကျော်ဝင်းတွင် ကောင်းစွာ သတိမရသေး သည့်တိုင် မယ်သုံ့အား သနားလာတော့လေ၏။

“အခုတော့ သူ့ခမြာမှာ ကိုကို့စိတ်ကြောင့် သေလုမျောပါး ဖြစ်နေရှာပြီ၊ ဒီအကြောင်းတွေ ဖွင့်ပြောပါရစေဆိုလဲ ဆရာဝန်ကြီး ပြောထားတဲ့အတိုင်း ကိုကိုစိတ်ညစ်သွားမှာစိုးလို့ မပြောရဘူးတဲ့၊ သူနဲ့လဲ မတန်မရာပါဘူးလို့ အတင်းငြင်းပြီး သူ့ဝေဒနာကို သူ ကျိတ်ခံနေရှာတာ၊ ဒီကနေ့တော့ ဒီတောင်က တက်နိုင်တော့မယ် မထင်ဘူး။ ဒါကြောင့် ကျွန်မလဲ ကိုကို့ကိုခေါ်ရအောင် အခုပြေး လာတာပဲ၊ ကိုကို–တစ်ကြောင်း မထောက် တစ်ကြောင်းထောက် ဆိုသလို ဂုဏ်ချင်းမတူပေမဲ့ ကိုယ့်အသက်သခင်ကို အားရှိအောင် လိုက်ကြည့်ပါဦး ကိုကိုရယ်၊ သူ့ခမြာ နေရတော့မယ် မထင်ပါဘူး” ဟု ရှိုက်ကြီးတငင် ဖြစ်လာသောအခါ မောင်ကျော်ဝင်း၌ ကြက်သေ သေ၍ သွားတော့လေ၏။

“အို–အခုလိုဆိုရင် မင်းလိုက်ကြည့်ရမယ်၊ ငွေကုန်ခံပြီး ကုရမယ်၊ မင်းကျေးဇူးရှင်ဖြစ်လို့ မင်းချစ်လက်စ ချစ်မှ တရားရာ ရောက်မယ်၊ လာ လာ သွားကြည့်ရအောင်၊ သူတောင်းစားပေမဲ့ စိတ်ထား မြင့်မြင့်တာ ထင်ရှားတဲ့အတွက် မင်းယူရမယ်၊ ဂုဏ်နိမ့် တာ, ဂုဏ်မြင့်တာ, ပိုက်ဆံရှိတာ, မွဲတာတွေဟာ စိတ်စေတနာ လောက် အဖိုးမတန်ဘူး၊ ဘာဖြစ်သေးသလဲ၊ ရွှေပင်နားတော့ ရွှေ ကျေး, မင်းမွေးတော့ မင်းသား, ရှင်ဘုရင်ကောက်တော့ မိဖုရား ပေါ့”ဟု မောင်ကျော်ဝင်း ဦးလေးက လောဆော်၍ မဝင်းကြည်နှင့် တကွ မော်တော်ကားနှင့် အပြင်ထွက်ခဲ့ကြလေသည်။

ကံရွာတွင်းသို့ မော်တော်ကားဝင်ခဲ့သည်နှင့်တစ်ပြိုင်နက် မောင်ကျော်ဝင်း၏ စိတ်တွင် ငိုချင်သလို ရယ်ချင်သလို ဖြစ်လာတော့

လေ၏။ မယ်သုံ၏ တဲကလေးကို မြင်လိုက်ရသောအခါကား"အို–ကျွန်တော် မှတ်မိပြီ၊ မယ်သုံ မယ်သုံ၊ ကျွန်တော့်ကို အသက်ကယ်တဲ့ ကျေးဇူးရှင်မလေး၊ ကျွန်တော်နဲ့ညားခဲ့တယ် ညားခဲ့တယ်၊ အို–အသက်မှမီပါဦးမလား"ဟု ပျာလောင်ခတ်ကာ အရူးပြန်ဖြစ်သွားသည့်အလား ကားပေါ်မှ မရပ်သေးခင် အတင်းခုန်ဆင်းလိုက်လေ၏။

မယ်သုံ၏ တဲကလေးအတွင်းတွင်ကား အိမ်နီးချင်းတွေပြည့်ကျပ်နေတော့သည်။ မောင်ကျော်ဝင်းတို့ ဝင်သောအခါ လူတွေက ရှဲ၍ လမ်းပေးလေသည်။ အိပ်ရာသင်ဖြူးဟောင်းကလေးပေါ်တွင် အသက်ရှူမမှန်တော့သော မယ်သုံကား မဝင်းကြည်ကိုလည်း သတိမရတော့။ သူ၏ချစ်သူ မောင်ကျော်ဝင်း ရောက်လာသည်ကိုလည်း အာရုံမပြုနိုင်တော့၊ သေခါနီးသူတို့၏ ဇောငါးတန်တွင် အလောသုံးဆယ်ဟု စကားလိမ်နှင့်ခေါ်ကြသော အလယ်သုံးဇောသို့ ရောက်နေရှာပေပြီ။

"အို–မမရဲ့၊ ကိုကိုလိုက်လာပြီလေ"ဟု အော်ငိုရင်း မဝင်းကြည်က ဝင်ပွေ့လိုက်သောအခါ မယ်သုံကား ပင့်သက်တစ်ချက်တည်း ရှူလိုက်ပြီးလျှင် မျက်ဖြူလန်သွားတော့လေ၏။

"ကံဆိုးမလေး ကံဆိုးမလေး၊ ငါ့ကိုတောင် သူတွေ့ရအောင်မစောင့်နိုင်တော့ပါကလား"ဟု ယောကျ်ားရင့်မကြီးပင်ဖြစ်လင့်ကစား အသည်းနာစရာကောင်းလှသော အဖြစ်မျိုးကြောင့် မျက်ရည်ဖြိုင်ဖြိုင် ကျကာ မဝင်းကြည်လက်မှ ဝင်ပွေ့မိလေ၏။

မောင်ကျော်ဝင်း၏ ခြေထောက်နှင့် တိုက်မိသောကြောင့် မယ်သုံအနားရှိ မှိုင်းဝေဝေ ပေါင်ဒါဘူးကလေး မှောက်သွားသောအခါ အတွင်းမှ သင်းပျံ့သော အနံ့ယဉ်ကလေး ပေါ်ပေါက်လာရုံ

မက ထက်ပိုင်း ဆုတ်ဖြတ်ထားသော မောင်ကျော်ဝင်းပေးလိုက်သည့် ငွေစက္ကူ အသစ်စက်စက် လေးပိုင်းကို တွေ့ရတော့လေ၏။

"သြော်–ဒုက္ခ ဒုက္ခ၊ ကလေးမလေး ကံပေါ့လကွယ်၊ လူလဲ သခ်ါရ ငါလဲသခ်ါရပေါ့"ဟု မောင်ကျော်ဝင်းဦးလေးက သက်ပြင်းကြီး ချ၍ညည်းလိုက်သောအခါ မောင်ကျော်ဝင်းတွင် ဤစကားကို ကြားဖူးသကဲ့သို့ မျက်ရည်တွေနှင့် ငိုနေတော့လေ၏။

"ကဲ ကဲ၊ ရှင်တုန်း မပြုရရင် သေမှ ပြုကြရတော့ မပေါ့ကွယ်"ဟု ဈာပနကိစ္စအတွက် တာဝန်ယူပြီး ရှင်းလင်းကြသောအခါ သူ့အိပ်ရာခေါင်းရင်းဘက်ရှိ ထင်းရှူးသေတ္တာ အဟောင်းကလေးထဲမှ ဟောင်းနွမ်းသော ခြောက်လက်မ ဓာတ်ပုံတစ်ပုံကို သွားတွေ့ရသောကြောင့် အဘိုးကြီးတွင် "ဟိုက်"ဟု ယောင် အော်မိလေ၏။

"ဟဲ့– ဒါငါ့ညီအရင့် မောင်ဘသိန်းပါကလား။ အို–ဒါ သူ့သမီးပေါ့၊ ဒီဘက်က ထိုင်နေတာက သူ့သား၊ ဟာ–လက်စသတ်တော့ ငါ့တူပါလား၊ မောင်ကျော်ဝင်း မောင်ကျော်ဝင်း၊ ဒါ မင်းနှမ, ဖြစ်နေပါပေါ့လားကွယ်"ဟု ဓာတ်ပုံကို လက်ညှိုးနှင့်ထောက်၍ မောင်ကျော်ဝင်းရှိရာသို့ ယူပြလိုက်လေသည်။

အတော်မွန်ရည်သော လူကြီးတစ်ယောက် နံဘေးတွင် ရပ်လျက်ရှိသော ဆယ်နှစ်ရွယ် ယောကျ်ားကလေးတစ်ယောက်နှင့် ခြောက်နှစ်ရွယ် မိန်းကလေးကား ငယ်ရုပ်ပင်ဖြစ်စေကာမူ မိမိရင်ခွင်ထဲ၌ ပူပူနွေးနွေး ပျော့ခွေကာ အသက်ကင်းမဲ့နေသည့် မယ်သုံ၏ မူလရုပ်ကို ဖမ်းမိနိုင်လေ။

"အို"ဟု မောင်ကျော်ဝင်းကား တစ်ချက်တည်း လန့်အော်လိုက်လေသည်။ ပြီးမှ မလှုပ်မရှက်ဖြစ်နေသော ရင်ခွင်ထဲက

မယ်သုံ့မျက်နှာကို စေ့စေ့ကြီး ကသိုဏ်းရှုလိုက်ပြန်လေ၏။ မဝင်းကြည်ကား သူပါ အသက်ပျောက်သွားသကဲ့သို့ ငုတ်တုတ်က မလှုပ်နိုင်အောင် ရှိရှာတော့လေ၏။

“နင် ငါ့ကို ဒုက္ခပေးပြီ၊ မယ်သုံ ကြည့်စမ်း၊ ငါခေါ်တာ မထူးဘူး၊ ငါ့ကို အဖက်မတန်ဘူးထင်လို့လား ကဲ ဟာ”ဟု ပြောပြော ဆိုဆို မယ်သုံ၏ အလောင်းကို စိတ်ဆိုးမာန်ဆိုး ပစ္စလက္ခတ် ပစ်ချလိုက်ပြီးနောက်–

“မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား၊ ရွှေစပယ်ဖြူ ပန်ချင်သူကများတယ်...မသနားဘဲ...ရက်စက်တယ်...”ဟု အော်ကြီး ဟစ်ကျယ် သီဆိုပြီးလျှင် တဲကလေးအတွင်းမှ ထွက်ပြေးလေတော့ရာ–

“အမယ်လေး လုပ်ပါဦး ဦးလေးရဲ့၊ ကိုကို ပြန်ရူးသွားပြီ” ဟု ပြောရာက မဝင်းကြည်တွင် အရုပ်ကြိုးပြတ်သကဲ့သို့ ပုံကျလဲသွားတော့လေသတည်း။

သုခီအတ္တာနံ ပရိဟရန္တု

သုခ